# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily



**အကျိုးစီးပွားဖြစ်ထွန်းနိုင်**

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည်လည်းကောင်း၊ သဒ္ဓါတရားတို့သည်လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)



၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်　　၂၀၁၉ ခုနှစ်၊ ဩဂုတ် ၂၃ ရက်၊ သောကြာနေ့　　အတွဲ (၅၈)၊ အမှတ် (၃၂၇)


# မကူးစက်နိုင်သောရောဂါများ ကာကွယ်တားဆီးသွားရန်အတွက် ဝန်ကြီးဌာနပေါင်းစုံ တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်သွားရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆို ဆွေးနွေး



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်

နေပြည်တော် ဩဂုတ် ၂၂

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးတွင် မာန်အောင်မဲဆန္ဒနယ်မှ ဦးတင်နု(ခ) ဦးတင်နုအောင်၏ **ပြည်နယ်၊ ပြည်မ ပညာရေးကွာဟမှု နည်းပါးစေရန် ဝေးလံခေါင်သီဒေသများမှ ကျောင်းသား၊ ကျောင်းသူများအတွက် တက္ကသိုလ်ဝင်ခွင့်ရာခိုင်နှုန်းအား တိကျစွာ သတ်မှတ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာရေးဝန်ကြီးဌာနအနေဖြင့် အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ အဆင့်မြင့်တက္ကသိုလ်များအနက် ရန်ကုန်ပညာရေးတက္ကသိုလ်၊ စစ်ကိုင်းပညာရေးတက္ကသိုလ်တို့တွင် ဝေးလံခေါင်သီဒေသ ရှားပါးစရိတ် ခံစားခွင့်ပြုထားသောဒေသများမှ ကျောင်းသား၊ ကျောင်းသူများအတွက် ရန်ကုန်တက္ကသိုလ်တွင် ၂ ရာခိုင်နှုန်းစီဖြင့် လည်းကောင်း၊ ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ်တို့တွင် ဘာသာတွဲသုံးခု (သိပ္ပံဘာသာတွဲ၊ ဝိဇ္ဇာ + သိပ္ပံဘာသာတွဲ (ဝိပ္ပံဘာသာတွဲ)၊ ဝိဇ္ဇာဘာသာတွဲ)အတွက် ဘာသာတွဲတစ်ခုလျှင် ၅ ရာခိုင်နှုန်းစီဖြင့် လည်းကောင်း၊ ပညာရေးကောလိပ်များတွင် ၅ ရာခိုင်နှုန်းစီဖြင့် လည်းကောင်း ဝင်ခွင့်ရာခိုင်နှုန်းများ သတ်မှတ်ပြီး အနိမ့်ဆုံးရှိသင့်သည့် အရည်အချင်းအရလည်း ဝင်ခွင့်ပြုထားလျက်ရှိပါကြောင်း။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်ဖြစ်သော ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် ဝေးလံခေါင်သီဒေသ ရှားပါးစရိတ် ခံစားခွင့်ပြုထားသော တိုင်းဒေသကြီး၊ ပြည်နယ်များမှ တက္ကသိုလ်ဝင်တန်း အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများအား ပညာသင်နှစ်အလိုက် သတ်မှတ်ထားသော တက္ကသိုလ်ဝင်ခွင့်ရမှတ်ပြည့်မီပါက ဝင်ခွင့်ရ ကျောင်းသား၊ ကျောင်းသူများ၏ ၁၀ ရာခိုင်နှုန်းအား ခေါ်ယူရန် တိကျစွာသတ်မှတ်ပြီး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော ဆေးတက္ကသိုလ်များနှင့် ဆေးပညာနီးနွယ်တက္ကသိုလ်များ၏ ဝင်ခွင့်ရွေးချယ်သည့် စနစ်သည်

စာမျက်နှာ ၅ ကော်လံ ၁ ◆

## တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

စာမျက်နှာ - ၃

## ပင့်ပက္ခကို ကိုယ်တိုင်မြင်တွေ့ခဲ့ရတာတော့ မရှိပါဘူး။ တပ်မတော်ကနေ အကူအညီတွေ အများကြီးရခဲ့ပါတယ်။ အခုတော့ ဘေးကင်းစွာနဲ့ ပြန်ရောက်ခဲ့ပါပြီ

စာမျက်နှာ - ၈

# ကွတ်ခိုင်မြို့နယ်အတွင်း တိုက်ပွဲများကြောင့် ပိတ်မိနေသည့် နိုင်ငံခြားသားများအား တပ်မတော်မှ ကူညီပို့ဆောင်

**နေပြည်တော် ဩဂုတ် ၂၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသ တိုက်ပွဲများကြောင့် ကွတ်ခိုင်မြို့တွင် ပိတ်မိနေသည့် Go and Love Foundation မှ Mrs. Chou Wei Kuo ဦးစီး ၂၈ ဦးကို ယနေ့တွင် တပ်မတော်ရဟတ်ယာဉ်၊ လေယာဉ်များဖြင့် ရန်ကုန်မြို့သို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ကွတ်ခိုင်မြို့နယ်အတွင်း မြန်မာနိုင်ငံ၏ ပညာရည်မြှင့်တင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ရန် ရောက်ရှိနေသည့် Go and Love Foundation မှ Mrs. Chou Wei Kuo ဦးစီး ၂၈ ဦးသည် ကွတ်ခိုင်မြို့ရှိ အခြေခံပညာကျောင်း၌

စာမျက်နှာ ၄ ကော်လံ ၁ ❑



ကွတ်ခိုင်မြို့နယ်အတွင်း တိုက်ပွဲများကြောင့် ပိတ်မိနေသည့် နိုင်ငံခြားသားများ တပ်မတော်မှ ကူညီပို့ဆောင်ပေးမှုဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာစဉ်။

သတင်းစဉ်




# အပြောမဟုတ်၊ အလုပ်ဖြင့် သက်သေ

နေရပ်စွန့်ခွာသူများ ပြန်လည်စေလွှတ်ရေးအတွက် ဩဂုတ်လ ၂၂ ရက်နေ့တွင် လုပ်ငန်းစဉ်များစတင်ရန် ဘင်္ဂလားဒေ့ရှ်ဘက်မှ ဩဂုတ် ၁၉ ရက်နေ့တွင် တရားဝင်စာပေးပို့ အကြောင်းကြားချက်အရ မြန်မာနိုင်ငံဘက်မှ လက်ခံရန်အသင့်အနေအထားဖြင့် စောင့်ဆိုင်းခဲ့သော်လည်း တစ်နေကုန်သွားသည့်တိုင် လုပ်ငန်းမစတင်နိုင်ဘဲ တစ်မိုးချုပ်သွားခဲ့ရပြန်ပြီဖြစ်သည်။ မြန်မာနိုင်ငံဘက်တွင် ရခိုင်ပြည်နယ်အစိုးရ တာဝန်ရှိသူများ၊ အာဆီယံ **ERAT Team** တို့က တောင်ပြိုလက်ဝဲစခန်းမှ စောင့်ဆိုင်းခဲ့ကြပြီး ဘင်္ဂလားဒေ့ရှ်ဘက်တွင်လည်း ဒါကာရှိ မြန်မာသံရုံးကိုယ်စားလှယ်တစ်ဦးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်များက ကော့ဇ်ဘဇားတွင် သွားရောက်စောင့်ဆိုင်းခဲ့ကြခြင်းဖြစ်သည်။

နေရပ်စွန့်ခွာသူများ ပြန်လည်မဝင်ရောက်နိုင်ရခြင်း၏ အဓိကအကြောင်းရင်းမှာ **ARSA** အကြမ်းဖက်သမားတို့၏ ခြိမ်းခြောက်မှုကြောင့်ဖြစ်ပြီး နေရပ်စွန့်ခွာသူများမှာ နေအိမ်မှပင် ထွက်ပြေးနေကြရကြောင်း၊ ပြန်မည်ဆိုပါက သတ်ဖြတ်မည်ဟု ခြိမ်းခြောက်ထားခဲ့ကြောင်း သတင်းများ ကြားသိရသည်။ အခြားအကြောင်းတစ်ရပ်မှာ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်မည့် နေရပ်စွန့်ခွာသူများကို ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးနှင့် ဘင်္ဂလားဒေ့ရှ်အာဏာပိုင်များ ပူးပေါင်း၍ မြန်မာနိုင်ငံသို့ မိမိဆန္ဒအလျောက် ပြန်လိုခြင်းရှိ မရှိ မေးမြန်းစိစစ်နေခြင်းကြောင့် ဖြစ်သည်။ မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ သဘောတူညီချက်ပါ လုပ်ထုံးလုပ်နည်းအရ မိမိသဘောဆန္ဒအလျောက် ပြန်လည်လာရောက်လိုခြင်း **(Voluntary Return)** ကို ကာယကံရှင်များထံ မေးမြန်း၍ ပုံစံတွင်ဖြည့်သွင်းပေးရမည်ဖြစ်သော်လည်း ပြန်လည်ပို့ဆောင်မည့်ရက်ကပ်ပြီး မှ ဆောင်ရွက်နေခြင်းက ပြန်လည်ပို့ဆောင်ရေးအစီအစဉ်ကို ထိခိုက်စေသည်။

ဩဂုတ် ၂၂ ရက်တွင် စတင်လက်ခံသွားမည့် စာရင်းပါ လူ ၃၄၅၀ တို့မှာ ဘင်္ဂလားဒေ့ရှ်ဘက်မှ ပေးပို့လာသည့် နေရပ်စွန့်ခွာသူစာရင်းကို ရခိုင်ပြည်နယ်အတွင်း နေထိုင်ခဲ့သူ ဟုတ် မဟုတ်၊ အကြမ်းဖက်မှုတွင် ပါဝင်ပတ်သက်ခဲ့ခြင်း ရှိ မရှိ စစ်ဆေးပြီး ယင်းအချက်များနှင့် ကင်းလွတ်သူများကိုသာ ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ နေရပ်စွန့်ခွာသူ ၃၄၅၀ တို့ကို အုပ်စု ခုနစ်စုဖြင့် အသုတ်လိုက် ပြန်လည်လက်ခံသွားရန် စီစဉ်ထားပြီး မြန်မာနိုင်ငံသို့ ပြန်လည် ဝင်ရောက်လိုကြသည့် ဟိန္ဒူဘာသာဝင် ၅၀၀ ခန့်ကို ပထမအသုတ်တွင် ထည့်သွင်းပေးရန်လည်း မြန်မာဘက်က တောင်းဆိုခဲ့ကြောင်း သိရသည်။

ပြည်တွင်းမှ သတင်းဌာနတစ်ခုဖြစ်သော နိရဉ္ဇရာ၏ သတင်းတစ်ပုဒ်အရ ဘင်္ဂလားဒေ့ရှ်အစိုးရပိုင်းက တစ်စုံတစ်ရာ အကြောင်းကြားခြင်းမရှိကြောင်း၊ မိမိတို့ပြန်လိုကြောင်း ကူတူပါလောင်ဒုက္ခသည်စခန်းမှ ဟိန္ဒူခေါင်းဆောင်တစ်ဦးက သတင်းဌာန၏ ဆက်သွယ်မေးမြန်းချက်ကို ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်အာဏာပိုင်များအနေဖြင့်မူ နေရပ်စွန့်ခွာသူများ ပြန်လည်စေလွှတ်ရေးအတွက် ဩဂုတ် ၂၂ ရက်တွင် လုပ်ငန်းစဉ်များ စတင်ရန် ၎င်းတို့၏ တရားဝင်စာ ပေးပို့အကြောင်းကြားချက်နှင့်အညီ လုပ်ငန်းကို လက်တွေ့ အကောင်အထည်မဖော်နိုင်ခဲ့သော်လည်း ကော့ဇ်ဘဇားတွင် သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့ပြီး နေရပ်စွန့်ခွာသူများ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်ခြင်းမပြုသည်မှာ နိုင်ငံသားဖြစ်ခွင့်နှင့် လုံခြုံရေးဆိုင်ရာ အာမခံချက်များ တောင်းဆိုမှုကို မြန်မာအစိုးရထံမှ မရ၍ဖြစ်ကြောင်း ဒုက္ခသည်ကယ်ဆယ်ရေးနှင့် ပြန်လည်ပို့ဆောင်ရေး အကြီးအကဲဖြစ်သူ မိုဟာမက်အဘူကလမ်က ပြောကြားခဲ့ရာ ဒုက္ခသည်စခန်းများအတွင်းမှ အဖျက်အမှောင့် ပယောဂများနှင့် ၎င်းတို့၏ လုပ်ငန်းအကောင်အထည်ဖော်မှု အားနည်းချက်များကို ဖုံးကွယ်လိုသည့် သဘောဟု ယူဆရမည်ဖြစ်သည်။

ရခိုင်ပြည်နယ်တွင် မတူညီသည့် အသိုင်းအဝိုင်းများအကြား ငြိမ်းချမ်းရေး၊ သဟဇာတဖြစ်ရေး၊ ပြန်လည်သင့်မြတ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်ရေးတို့အပြင် ရေရှည်တည်တံ့ပြီး အညီအမျှ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်အစိုးရ၏ အားထုတ်ကြိုးပမ်းမှုများကို အာဆီယံနှင့်တကွ မိတ်ဆွေနိုင်ငံများက ဆက်လက်အားပေးထောက်ခံထားသည်။ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ပြန်လည်ထူထောင်ရေး၊ လုံခြုံရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံသည် မောင်တောခရိုင်အတွင်းမှ နေရပ်စွန့်ခွာသူများအနေဖြင့် စိတ်ရင်းစေတနာမှန်ကန်စွာ အပြောမဟုတ်၊ အလုပ်ဖြင့် သက်သေပြနေခြင်းသာ ဖြစ်ပါကြောင်း။ ။

## ၂၀၁၉ ခုနှစ်အတွက် အာဆီယံဆု (ASEAN Prize 2019) ထပ်မံခေါ်ယူခြင်း

၁။ (၃၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် ၂၀၁၉ ခုနှစ် အာဆီယံဆုကို ချီးမြှင့်နိုင်ရေးအတွက် ဆောင်ရွက်ခဲ့ရာ အပြီးသတ်ရွေးချယ်သည့် ဒိုင်အဖွဲ့၏ဆုံးဖြတ်ချက်အရ ဆုနှင့် ထိုက်တန်သူမရှိပါသောကြောင့် ၂၀၁၉ ခုနှစ် အာဆီယံဆုကိုပေးအပ်ချီးမြှင့်ရန် အာဆီယံအတွင်းရေးမှူးချုပ်ရုံး အဆိုပြုလွှာများ ထပ်မံခေါ်ယူလျက်ရှိပါသည်။

၂။ အာဆီယံဆုအတွက် အဆိုပြုသူများသည် အောက်ဖော်ပြပါ သတ်မှတ်ထားသည့် နယ်ပယ်များတွင် အကျိုးပြုသူများ ဖြစ်ရပါမည် -

- အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား သိသာထင်ရှားသည့် ပူးပေါင်းဆောင်ရွက်မှုများ
- အာဆီယံနှင့် ကမ္ဘာတစ်ဝန်းအကြား သိသာထင်ရှားသည့် ပူးပေါင်းဆောင်ရွက်မှုများ
- အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား သိသာထင်ရှားသည့် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများ
- အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စံနှုန်းများမြှင့်တင်ရေးနှင့် သိသာထင်ရှားသည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ
- အာဆီယံအသိုက်အဝန်းတည်ထောင်ရေးအတွက် သိသာထင်ရှားသည့် ဆောင်ရွက်မှုများ

၃။ အာဆီယံဆုအား အပြီးသတ်ရွေးချယ်မည့် ဒိုင်အဖွဲ့ကို လက်ရှိ အာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ဟောင်းများပါဝင်သည့် ထင်ရှားသော အဆင့်မြင့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားပြီးဆုရရှိသူအား အာဆီယံဆုဖလားနှင့် အမေရိကန်ဒေါ်လာ ၂၀၀၀၀ ချီးမြှင့်သွားမည်ဖြစ်ပါသည်။ ယင်းဆုကို ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလတွင် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၌ ကျင်းပမည့်(၃၅) ကြိမ်မြောက် အာဆီယံခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးဖွင့်ပွဲ အခမ်းအနားတွင် ပေးအပ်ချီးမြှင့်သွားမည် ဖြစ်ပါသည်။

၄။ အဆိုပါဆုအား လျှောက်ထားရန် အဆိုပြုသူများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသား(သို့မဟုတ်) အဖွဲ့အစည်းဖြစ်ရမည်ဖြစ်ပြီး စည်းမျဉ်းစည်းကမ်းကို အခြေခံပြီး ပြည်သူကို ဦးတည်၍ ပြည်သူကိုဗဟိုပြုသော အာဆီယံအသိုက်အဝန်း ထူထောင်ခြင်းနှင့် အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများတွင် ၂၀၁၅ ခုနှစ် အာဆီယံအသိုက်အဝန်း စတင်ထူထောင်ချိန်မှစ၍ အထောက်အကူပြုခဲ့သည့် လျှောက်ထားမည့် ပုဂ္ဂိုလ်/အဖွဲ့အစည်း၏ အောင်မြင်မှုများကို စာမျက်နှာ ၃ မျက်နှာမှ ၅ မျက်နှာအကြား (အင်္ဂလိပ်ဘာသာဖြင့်) အကျဉ်းချုပ်ရေးသားဖော်ပြရမည် ဖြစ်ပါသည်။

၅။ လျှောက်ထားရမည့် လျှောက်လွှာပုံစံကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာ http://www.asean.org/asean-prize တွင် ရယူ၍ အာဆီယံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၉)၊ နေပြည်တော် (သို့မဟုတ်)dgasean@gmail.com နှင့် psaseanmmr@gmail.com သို့ **၆-၉-၂၀၁၉ ရက်နေ့ နောက်ဆုံးထား၍** လိပ်မူလျှောက်ထားနိုင်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။ အသေးစိတ်အချက်အလက်များကိုလည်း ဖော်ပြပါ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာတွင် လေ့လာကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။ **(နိုင်ငံခြားရေးဝန်ကြီးဌာန)**

## ရန်ကုန်တက္ကသိုလ် ရာပြည့်အကြိုအထိမ်းအမှတ် အသုံးချဒဿနအမြင်ပြပွဲနှင့် ပညာရှင်များ၏ ဒဿနစကားဝိုင်းကျင်းပမည်

**ရန်ကုန် ဩဂုတ် ၂၂**

ရန်ကုန်တက္ကသိုလ် ရာပြည့်အကြို (၉၉)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ရန်ကုန်တက္ကသိုလ် အပန်းဖြေရိပ်သာ (RCခန်းမ)တွင် အသုံးချဒဿနအမြင်ပြပွဲနှင့် ပညာရှင်များ၏ ဒဿနစကားဝိုင်းကို ဩဂုတ် ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဒဿနအမြင်ပြပွဲတွင် အနုပညာလက်ရာများ၊ ဘွန်ဆိုင်းသစ်ပင်များ၊ ဂျပန်ရိုးရာဆာမူရိုင်း၏(ရသအလှ) သရုပ်ဖော်ပြသခြင်းနှင့် ကျောင်းသားကျောင်းသူတို့၏ သရုပ်ဖော်တင်ဆက်မှုများ၊ ဒဿနစာစုများနှင့် ဒဿနဆိုင်ရာစာအုပ်များ စသည်တို့ကို ကြည့်ရှုခံစားရမည်ဖြစ်ပြီး ဩဂုတ် ၂၆ ရက် ဒဿနစကားဝိုင်းတွင် "လုပသောနိုင်ငံတော်" နှင့် ဩဂုတ် ၂၇ ရက် "လူငယ်သစ်ရှာပုံတော်" ကဏ္ဍနှစ်ခုကို စာရေးဆရာများက စကားဝိုင်းအဖြစ် ဆွေးနွေးမည်ဖြစ်သည်။

"ဆွေးနွေးမယ့်အချက်က လုပသောနိုင်ငံတော်ဖြစ်တဲ့အတွက် အားလုံးဆွေးနွေးမှုအပေါ်မှာမူတည်ပြီး ဆွေးနွေးမှာပါ။ ရန်ကုန်တက္ကသိုလ်မှာ ဘွဲ့ယူခဲ့တဲ့ ကျောင်းသားတစ်ယောက်ဖြစ်တဲ့အတွက် ၁၉၇၀ ခုနှစ် ရွှေရတုမှာလည်း ကိုယ်တိုင် ကပြဆင်နွှဲခဲ့တဲ့အတွေ့အကြုံလည်းရှိတယ်။ အဲဒါလေးကလည်း ပြန်ပြီးလွမ်းစရာပါ။ အခု ရာပြည့်မှာလည်း တတ်နိုင်တဲ့ဘက်က တက်တက်ကြွကြွ ပါဝင်မှာပါ။ အမိတက္ကသိုလ်ကြီး အတွက်ပေါ့"ဟု စာရေးဆရာ ချစ်ဦးညိုက ပြောကြားသည်။

ပညာရှင်များ၏ဒဿနစကားဝိုင်းဖြစ်သော လုပသောနိုင်ငံတော် စကားဝိုင်းတွင် ပါမောက္ခဒေါက်တာဆန်းထွန်း၊ ချစ်ဦးညို၊ မောင်မောင်ဇေယျ၊ မင်းကိုနိုင်၊ ကျော်မင်းဆွေ(MUI)တို့က ဆွေးနွေးမည်ဖြစ်ပြီး လူငယ်သစ်ရှာပုံတော် စကားဝိုင်းတွင် စမ်းစမ်းနွဲ့(သာယာဝတီ)၊ ပါမောက္ခ ဒေါက်တာမောင်ဆောင်၊ အင်းမောင် (ဒဿန)၊ ဒေါက်တာဟန်ထူးလွင် (Big Bag) နှင့် ဒါရိုက်တာ ဏကြီးတို့က ရန်ကုန်တက္ကသိုလ်ရာပြည့်အကြို အထိမ်းအမှတ် စကားဝိုင်းအဖြစ် ဆွေးနွေးမည်ဖြစ်သည်။

ရန်ကုန်တက္ကသိုလ်ကို ၁၉၂၀ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ၁၉၇၀ ပြည့်နှစ်တွင် နှစ် ၅၀ ပြည့် ရွှေရတုကို ကျင်းပခဲ့ကာ ၂၀၂၀ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်ကြီး၏ နှစ်(၁၀၀)ပြည့်ဖြစ်၍ အသုံးချဒဿနအမြင်ပြပွဲနှင့် ပညာရှင်များ၏ ဒဿနစကားဝိုင်းကို ရာပြည့်အကြိုအဖြစ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သန်းထိုက်**
**ဓာတ်ပုံ - သန်းစိုး**



ရန်ကုန်တက္ကသိုလ်

## နိုင်ငံတကာသုတေသနစာတမ်းဖတ်ပွဲ ကျင်းပမည်


**နေပြည်တော် ဩဂုတ် ၂၂**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနမှ ကြီးမှူး၍ Myanmar Studies from Center, Periphery and Boundary; (Old View, New Version) An Interdisciplinary International Symposium ခေါင်းစဉ်ဖြင့် နိုင်ငံတကာသုတေသနစာတမ်းဖတ်ပွဲကို အမျိုးသားစာကြည့်တိုက်(နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာ ခန်းမ၌ စက်တင်ဘာ ၁၆ ရက်မှ ၁၇ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူ မည်သူမဆို ပါဝင်တက်ရောက်နိုင်ကြောင်း ဖိတ်ကြားထားသည်။ **သတင်းစဉ်**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဩဂုတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**




# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂၂**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရခိုင်ပြည်နယ်တွင် လူ့အခွင့်အရေးချိုးဖောက်မှုများ အကြောင်းပြ၍ နိုင်ငံတကာမှ မြန်မာနိုင်ငံအပေါ် ဖိအားပေးဆောင်ရွက်နေမှုများအား တရုတ်နိုင်ငံက လက်မခံဘဲ မြန်မာနိုင်ငံဘက်မှ ရပ်တည်ဆောင်ရွက်ပေးနေမှု၊ ပြင်ဦးလွင်မြို့နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များ ဖြစ်ပွားခဲ့မှု၊ ယင်းအကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များကို တရုတ်နိုင်ငံက ပြတ်ပြတ်သားသား ကန့်ကွက်ရှုတ်ချကြောင်းနှင့် တရုတ်နိုင်ငံ၏ ရပ်တည်ချက်၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် တရုတ်နိုင်ငံက ကူညီဆောင်ရွက်ပေးလျက်ရှိမှု၊ ငြိမ်းချမ်းရေးဆွေးနွေးမှုများ တိုးတက်မှုရရှိရန်နှင့် လုပ်ဆောင်နိုင်မည့် အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်အား လက်ခံတွေ့ဆုံစဉ်။** ဓာတ်ပုံ - တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး



# ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမြင့်သူအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂၂**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းသည် ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်ပြီးဖြစ်သော ဦးမြင့်သူအား ယနေ့ မွန်းလွဲ ၁ နာရီတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမြင့်သူအား လက်ခံတွေ့ဆုံစဉ်။** သတင်းစဉ်

တွေ့ဆုံစဉ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ လက်ရှိဆောင်ရွက်နေသည့်ကိစ္စ၊ ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ Project Bank နှင့် သက်ဆိုင်သည့်ကိစ္စ၊ ဘဏ်လုပ်ငန်းဆိုင်ရာကိစ္စ၊ အခွန်ပြုပြင်ပြောင်းလဲမှုဆိုင်ရာကိစ္စ၊ ဂျပန်နိုင်ငံအစိုးရနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီးပွားရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

## အာဂျင်တီးနားသမ္မတထံ သံအမတ်ကြီး ဦးမျိုးတင့် ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဩဂုတ် ၂၃**

အာဂျင်တီးနားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမျိုးတင့်သည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၁၉ ခုနှစ် ဩဂုတ်လ ၂၀ ရက်နေ့တွင် ဗျူနိုအေးရိစ်မြို့၌ အာဂျင်တီးနားသမ္မတနိုင်ငံ သမ္မတ မစ္စတာ မော်ရီစီယို မက်ကရီထံသို့ ပေးအပ်ခဲ့ပြီး ဖြစ်ပါသည်။

**သတင်းစဉ်**

## ရန်ကုန်ပြန်လည်ထူထောင်ရေးစခန်းအခြေပြု သင်တန်းဆင်း

**ရန်ကုန် ဩဂုတ် ၂၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာန ရန်ကုန်ပြန်လည်ထူထောင်ရေးစခန်း(၂/၂၀၁၉)စခန်းအခြေပြု ပြန်လည်ထူထောင်ရေးသင်တန်းဆင်းပွဲကို ဩဂုတ် ၂၀ ရက်က ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း လူမှုဝန်ထမ်းဝင်းရှိ ရန်ကုန်ပြန်လည်ထူထောင်ရေးစခန်းရုံး၌ ကျင်းပသည်။

ရှေးဦးစွာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာန ရန်ကုန်ပြန်လည်ထူထောင်ရေးစခန်း လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်ဆွေလှိုင်က သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ဆက်လက်၍ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ) ဗဟိုဥက္ကဋ္ဌ ဦးစံရှိန်က နောက်ဆက်တွဲစောင့်ရှောက်ရေးလုပ်ငန်း လုပ်ဆောင်ရာတွင် ကြုံတွေ့ရသည့်အချက်အလက်များအား ရှင်းလင်းပြောကြားပြီး စိတ်ဓာတ်မြှင့်တင်ရေးပညာရှင် ဒေါက်တာဖုန်းမြင့်က အနာဂတ်ဘဝအတွက် အကြံဉာဏ်များအကြောင်း ရှင်းလင်းပြောကြားကာ သင်တန်းဆင်းဂုဏ်ပြုလက်မှတ်များ ပေးအပ်သည်။

အဆိုပါစခန်းအခြေပြု ပြန်လည်ထူထောင်ရေးသင်တန်းဆင်းပွဲတွင် သင်တန်းသား ၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ၃၅ ရက်ကြာမြင့်ခဲ့ကြောင်း သိရသည်။

**အာကာစိုး**

## ရေဘေးသင့်ဒေသများအတွက် ထောက်ပံ့ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် စေတနာရှင်ပြည်သူများက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ အလှူငွေများ လာရောက်လှူဒါန်း

နေပြည်တော် ဩဂုတ် ၂၂

**၂၀၁၉ ခုနှစ် မိုးရာသီကာလအတွင်း မြန်မာနိုင်ငံတစ်ဝန်း ဖြစ်ပွားခဲ့သော ရေကြီး၊ ရေလျှံမှုကြောင့် ရေဘေးသင့်ဒေသများအတွက် ထောက်ပံ့ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် စေတနာရှင်ပြည်သူများက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ အလှူငွေများ လာရောက်လှူဒါန်းလျက်ရှိရာ ဩဂုတ် ၂ ရက်မှ ၂၀ ရက်အထိ အလှူငွေကျပ် ၂၂၅၃၂၀၁၀၀ လက်ခံရရှိခဲ့ကြောင်း၊ လက်ခံရရှိသော အလှူငွေများကို ဘေးသင့်ဒေသများသို့ အကျိုးရှိထိရောက်စွာ စီမံခန့်ခွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက သတင်းထုတ်ပြန်ထားသည်။**

အလှူငွေ လက်ခံရရှိမှုအနေဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) က ငွေကျပ် သိန်း ၅၀၀၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် ရုပ်ရှင်လောကသားများက ငွေကျပ် ၂၆၂၁၁၀၀၀ ၊ မြန်မာနိုင်ငံ ကဗျာဆရာသမဂ္ဂက ငွေကျပ် ၂၁၅ သိန်း၊ မြန်မာပိတောက်ကုမ္ပဏီနှင့် ဝန်ထမ်းမိသားစုများက ငွေကျပ် သိန်း ၁၅၀၊ RIT 83 Intake Friend's Group က ငွေကျပ် ၁၄၃ သိန်း၊ DISAC, AFA, ဖူးကက်မြို့ ပရဟိတအဖွဲ့အစည်းများနှင့် ရွှေ့ပြောင်းအလုပ်သမားများ၊ မြန်မာနိုင်ငံ ရိုးရာသနပ်ဖက်လိပ်လုပ်ငန်းရှင်များအသင်းနှင့် ဒေါက်တာဝေလင်းထွန်းတို့က ငွေကျပ် သိန်း ၁၀၀ စီ။

မြရောဖောင်ဒေးရှင်းမှ ကမကထပြုလုပ်၍ ရွာသာကြီးစက်မှုဇုန်လုပ်ငန်းရှင်များနှင့် ပြည်သူများက ငွေကျပ် ၈၁၈၃၀၀၀၊ Rotary Club of Central Yangon အသင်းဝင်များ နှင့် မိတ်ဆွေများက ငွေကျပ် ၇၂ သိန်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဂေါ်ရခါးဟိန္ဒူဓမ္မအဖွဲ့ချုပ်က ငွေကျပ် ၅၁ သိန်း၊ နေပြည်တော်နေ ဦးသန်းဝင်းလှိုင်-ဒေါ်နီလာအောင် မိသားစု၊ သိန်းတရာရွှေဆိုင်၊ နေပြည်တော်ကောင်စီနယ်မြေ မော်တော်ယာဉ် လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ (အဝေးပြေး) နှင့် မော်တော်ယာဉ်အသင်းများက ငွေကျပ်သိန်း ၅၀ စီ၊ ရတနာပုံတက္ကသိုလ်ရှိ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများကိုယ်စား ရတနာပုံတက္ကသိုလ် ကျောင်းသားများသမဂ္ဂက ငွေကျပ် ၄၆၈၉၁၀၀ တို့အပါအဝင် စေတနာရှင်ပြည်သူများက စုစုပေါင်း ငွေကျပ် ၂၂၅၃ သိန်းကျော်ကို လာရောက်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဗန်းမော်မြို့တွင် အဆင့်မြင့်ကားကြီးဝင်းကို ကျပ်သိန်းပေါင်း ငါးသောင်းခန့် အကုန်အကျခံတည်ဆောက်သွားမည်

**ဗန်းမော် ဩဂုတ် ၂၂**

ကချင်ပြည်နယ် ဗန်းမော်မြို့ (၃)မိုင်ရွှေပြည်သာကွက်သစ်ရှိ မြေဧက ၃၀ ဒသမ ၄၉ ဧကပေါ်တွင် သယ်ယူပို့ဆောင်ရေးနှင့် စီးပွားရေးဇုန်စီမံကိန်း (အဆင့်မြင့်ကားကြီးဝင်း)ကို ယခုနှစ်အောက်တိုဘာလမှစတင်၍ မြန်မာငွေကျပ် သိန်းပေါင်း ငါးသောင်းခန့်ဖြင့် စတင်တည်ဆောက်သွားမည် ဖြစ်ကြောင်း သိရသည်။

**ယာဉ်ရပ်နားနေရာ ၄၂ ခု ပါရှိမည်**

အဆိုပါစီမံကိန်းကို စိန်မောင်နှမကုမ္ပဏီက တာဝန်ယူတည်ဆောက်သွားမည်ဖြစ်ပြီး ၎င်းကုမ္ပဏီအား နှစ် ၅၀ အတွင်း တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် တာဝန်ယူထိန်းသိမ်းသွားမည်ဖြစ်ကြောင်း သိရသည်။ စီမံကိန်းကို အပိုင်းသုံးပိုင်းဖြင့် တည်ဆောက်သွားမည်ဖြစ်ရာ စီမံကိန်းပထမပိုင်းတွင် Express ကားဂိတ် နှစ်ထပ်ဆောင် ၂၆ ဂိတ်၊ နှစ်ထပ်လူနေဆိုင်ခန်း ၆၃ ခန်း၊ နှစ်ထပ်ယာဉ်ငယ်ဂိတ် ၄၂ ဂိတ်၊ သုံးထပ်ဟိုတယ်နှင့် ဆိုင်ခန်း(မြေညီထပ် Hall Type ဆိုင်ခန်း၊ ပထမထပ်နှင့် ဒုတိယထပ်-ဟိုတယ်)၊ ယာဉ်ရပ်နားနေရာ ၁၈၄ ခု၊ Express ယာဉ်ရပ်နားနေရာ ၄၂ ခု ပါရှိမည်ဖြစ်သည်။

**ဂိုဒေါင်ခန်း ၅၀ ပါရှိ**

စီမံကိန်းဒုတိယပိုင်းတွင် ကုန်ကားကြီးရပ်နားရန်အတွက် နေရာ ၃၀၄ ခု၊ ဂိုဒေါင် ၅၀ ခန်းနှင့် စီမံကိန်းတတိယပိုင်းတွင် သစ်သီးပွဲရုံနှင့် ကုန်ပစ္စည်းလက်လီလက်ကားဇုန်၊ ကားဝပ်ရှော့၊ စက်သုံးဆီဆိုင်၊ ရေဆေးဆီလိုက်၊ ကုန်ကားကြီးဝင်းနှင့် ဂိုဒေါင်များ ပါရှိမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂၂**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီး Mr. Dan Chugg နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ညှိနှိုင်းတွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို လွတ်လပ်တရားမျှတ၍ ပွင့်လင်းမြင်သာမှုရှိပြီး အများယုံကြည်လက်ခံသည့် ပြည်သူ့ဆန္ဒနှင့် ရွေးကောက်ပွဲရလဒ် တစ်ထပ်တည်းဖြစ်စေမည့် ရွေးကောက်ပွဲဖြစ်စေရန် ဆောင်ရွက်နေမှု၊ ရွေးကောက်ပွဲတွင် ပထမဆုံးအကြိမ်မဲပေးမည့် လူငယ်များအတွက် မဲဆန္ဒရှင်အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ဗြိတိန်နိုင်ငံအနေဖြင့် ပူးပေါင်းဆောင်ရွက်ပေးနိုင်မည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် အဖွဲ့နှင့် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး Mr. Dan Chugg နှင့်အဖွဲ့တို့ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။** သတင်းစဉ်

# ပြည်ထောင်စုတရားသူကြီးချုပ်ရုံးနှင့် အိန္ဒိယနိုင်ငံ အမျိုးသားတရားစီရင်ရေးအကယ်ဒမီတို့အကြား ရေးထိုးထားသည့် နားလည်မှုစာချွန်လွှာအရ ပထမအကြိမ် တရားစီရင်ရေးသင်တန်းသို့ သင်တန်းသား ၄၀ စေလွှတ်

**နေပြည်တော် ဩဂုတ် ၂၂**

ပြည်ထောင်စု တရားသူကြီးချုပ်ရုံးနှင့် အိန္ဒိယနိုင်ငံ အမျိုးသားတရားစီရင်ရေး အကယ်ဒမီတို့အကြား လက်မှတ်ရေးထိုးထားသည့် မြန်မာနိုင်ငံမှ တရားသူကြီးများနှင့် တရားရေးအရာရှိများအား အိန္ဒိယနိုင်ငံသို့ စေလွှတ်၍ သင်တန်းပေးခြင်းနှင့် စွမ်းဆောင်ရည် မြှင့်တင်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာအရ အိန္ဒိယနိုင်ငံ၊ အမျိုးသားတရားစီရင်ရေး အကယ်ဒမီတွင် ဩဂုတ် ၂၃ ရက်မှ ၂၉ ရက်အထိ ဖွင့်လှစ်မည့် ပထမအကြိမ် တရားစီရင်ရေး သင်တန်းသို့ တက်ရောက်ရန် တရားရုံးအဆင့်ဆင့်ရှိ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့် တရားသူကြီးများ၊ တရားရေး အရာရှိများ စုစုပေါင်း ၄၀ ပါဝင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့မှ ထွက်ခွာသွားကြသည်။




**တရားစီရင်ရေးသင်တန်းသို့ တက်ရောက်မည့် မြန်မာကိုယ်စားလှယ်အဖွဲ့ကို တာဝန်ရှိသူများနှင့်အတူ တွေ့ရစဉ်။**

ခရိုင်အဆင့်နှင့် မြို့နယ်အဆင့် တရားသူကြီးများ၊ တရားရေးအရာရှိများ ပါဝင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံ အမျိုးသားတရားစီရင်ရေး အကယ်ဒမီတွင် ပထမအကြိမ် ဖွင့်လှစ်မည့်သင်တန်း၌ တရားစီရင်ရေးဆိုင်ရာ ဘာသာရပ်များ၊ တရားမနှင့် ရာဇဝတ်ဥပဒေများ၊ လူ့အခွင့်အရေးဆိုင်ရာဥပဒေ၊ ဥပဒေရေးရာဆေးပညာနှင့် ဥပဒေသိပ္ပံပညာ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပစ္စည်းဆိုင်ရာဥပဒေနှင့် ပဋိညာဉ်ဥပဒေ စသည်တို့ကို လေ့လာသင်ယူခွင့် ရရှိကြမည်ဖြစ်ပြီး သင်တန်းကာလမှာ ငါးရက်ဖြစ်သည်။

အဆိုပါ နားလည်မှုစာချွန်လွှာအရ မြန်မာနိုင်ငံမှ တရားသူကြီးများနှင့် တရားရေးအရာရှိ စုစုပေါင်း ၄၀၀ ကို အိန္ဒိယနိုင်ငံ အမျိုးသားတရားစီရင်ရေး အကယ်ဒမီသို့ ငါးနှစ်အတွင်း တစ်နှစ်လျှင် ဦးရေ ၈၀ အထိ၊ တစ်ကြိမ်လျှင် ဦးရေ ၄၀ အထိ နှစ်ကြိမ်ခွဲ၍ စေလွှတ်ပြီး သင်တန်းပေးခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။

မြန်မာကိုယ်စားလှယ် အဖွဲ့အား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။

**သတင်းစဉ်**

**❑ ရှေ့ဖုံးမှ**

ဩဂုတ် ၃ ရက်မှစ၍ ပညာရည်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် AA၊ TNLA ၊ MNDAA လက်နက်ကိုင်အဖွဲ့များ၏ မြို့၊ ရွာများအား တိုက်ခိုက်မှု၊ လမ်း၊ တံတားများ မိုင်းခွဲဖျက်ဆီးမှုကြောင့် ကွတ်ခိုင်မြို့ရှိ K.K Guest House ၌ ဩဂုတ် ၁၅ ရက်မှစ၍ ပိတ်မိနေခဲ့ကြောင်း။

အဆိုပါ နိုင်ငံခြားသားများအား ယနေ့နံနက် ၁၀ နာရီခွဲတွင် တပ်မတော်(လေ)မှ ရဟတ်ယာဉ်ဖြင့် ကွတ်ခိုင်မြို့မှ လားရှိုးမြို့သို့ လည်းကောင်း၊ ဆက်လက်၍ တပ်မတော်လေယာဉ်ဖြင့် လားရှိုးမြို့မှ ရန်ကုန်မြို့သို့ လည်းကောင်း အန္တရာယ်ကင်းရှင်းစွာ ကူညီပို့ဆောင်ပေးနိုင်ခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



**ကွတ်ခိုင်မြို့နယ်အတွင်း တိုက်ပွဲများကြောင့် ပိတ်မိနေသည့် နိုင်ငံခြားသားများ တပ်မတော်မှ ကူညီပို့ဆောင်ပေးမှုဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာစဉ်။** သတင်းစဉ်

# ပြည်သူ့လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

**နေပြည်တော် ဩဂုတ် ၂၂**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဒေါ်နီနီမေမြင့်၊ တောင်ကုတ်မဲဆန္ဒနယ်၏ မိတ်ဆွေ နှစ်ဦး၊ ဒေါ်ချိုချိုဝင်း၊ မော်လိုက်မဲဆန္ဒနယ်၏ မိတ်ဆွေ လေးဦး၊ ဦးစိုင်းဆိုင်မိုင်း၊ မိုင်းကိုင်မဲဆန္ဒနယ်၏ မိတ်ဆွေ ၂၀၊ ဒေါက်တာဦးမောင်သင်း၊ မိတ္ထီလာမဲဆန္ဒနယ်၏ မိတ်ဆွေ ၂၀၊ ဦးသန်းညွှန့်၊ ဖြူးမဲဆန္ဒနယ်၏ မိတ်ဆွေ ၁၅၃ ဦး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ဒေါ်ဥမ္မာ (ဒုတိယညွှန်ကြားရေးမှူး) ဦးဆောင်သည့် စာရင်းစစ် - ၃ များ လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် - ၄၉ မှ ကြီးကြပ်သူများ၊ သင်တန်းသား/သင်တန်းသူများ ၉၃ ဦးနှင့် ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်၊ သမိုင်းပညာဌာနမှ ဒေါက်တာဒေါ်သီတာမြင့် (ပါမောက္ခ/ဌာနမှူး) ဦးဆောင်သည့် ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများ ၁၁၄ ဦး စုစုပေါင်း ၄၀၆ ဦးတို့သည် ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည့် ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ တက်ရောက်လေ့လာပြီး လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုခဲ့ကြသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတင်ကျင်းပသည့်နေ့ရက်မှ ယနေ့ထိ ပြည်သူ့လွှတ်တော်သို့ လာရောက်လေ့လာသည့် ပြည်တွင်းဧည့်သည် ၅၅၃၀၃ ဦးနှင့် ပြည်ပဧည့်သည် ၂၂၆၄ ဦး စုစုပေါင်းဧည့်သည် ၅၇၅၆၇ ဦးရှိပြီး ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုလွှတ်တော်သို့ လာရောက်လေ့လာလိုပါက ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်တို့ထံ လိပ်မူပြီး သုံးရက် ကြိုတင်ပေးပို့နိုင်ပါကြောင်း သိရသည်။

**သတင်းစဉ်**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၂၂**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

◆ *ရှေ့စုံးမှ*

သက်ဆိုင်ရာ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူများကို တက္ကသိုလ်အလိုက် အများဆုံးလက်ခံနိုင်သည့် လျာထားဦးရေအတိုင်း ဦးစားပေးတက္ကသိုလ် ရွေးချယ်လျှောက်ထားမှုအပေါ် မူတည်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်ခွဲခြားမှုမရှိဘဲ ရွေးချယ်သည့်စနစ်ကို ကျင့်သုံးဆောင်ရွက်ပါကြောင်း။

## ဝေးလံခက်ခဲသော ကျေးလက်ဒေသများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှု၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသခြောက်ခုတို့မှ တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်သူများအား ဆေးတက္ကသိုလ်များသို့ ဝင်ခွင့်ပြုနိုင်ရေးအတွက် အဆင့်ဆင့်တင်ပြ


ဝေးလံခက်ခဲသော ကျေးလက်ဒေသများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှု၍ လည်းကောင်း၊ ဆေးပညာကို အမှန်တကယ် ဝါသနာပါပြီး မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ပြန်လည်ထမ်းဆောင်နိုင်မည့် အရည်အသွေးပြည့်ဝသော ဆရာဝန်ကောင်းများ ပေါ်ထွန်းလာစေရေးအတွက်လည်းကောင်း ရည်ရွယ်၍ နိုင်ငံတော်မှ ထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရှိသည့် သွားလာရေးနှင့် လူမှုရေးခက်ခဲသော ဒေသများဖြစ်သည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသခြောက်ခုတို့မှ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအား ဆေးတက္ကသိုလ်များသို့ ဝင်ခွင့်ပြုနိုင်ရေးအတွက် အဆင့်ဆင့် တင်ပြခဲ့ပါကြောင်း။

ထိုတင်ပြမှုအပေါ် နိုင်ငံတော်သမ္မတရုံး၏ သဘောတူခွင့်ပြုချက်ဖြင့် ယင်းဒေသများ၌ အခြေခံပညာအထက်တန်းများတွင် သုံးနှစ်ဆက်တိုက် ပညာသင်ကြားပြီး သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသူများကို မူလပုံမှန်ဝင်ခွင့်ပြုအနိမ့်ဆုံးရမှတ်အောက် လျှော့ပေါ့၍ ဆေးတက္ကသိုလ်များသို့ ၂၀၁၆ ခုနှစ်အထိ စုစုပေါင်း ဝင်ခွင့်ပြုဦးရေ၏ ၃ ရာခိုင်နှုန်းဖြင့် ဝင်ခွင့်ပြုခဲ့ပါကြောင်း၊ ထိုသို့ဝင်ခွင့်ပြုရာ၌ ၂၀၁၂ ခုနှစ်တွင် ၃၂ ဦး၊ ၂၀၁၃ ခုနှစ်တွင် ၄၄ ဦး၊ ၂၀၁၄ ခုနှစ်တွင် ၅၀၊ ၂၀၁၅ ခုနှစ်တွင် ၅၃ ဦး၊ ၂၀၁၆ ခုနှစ်တွင် ၅၉ ဦးတို့အား လည်းကောင်း စုစုပေါင်း ဝင်ခွင့်ပြုဦးရေ၏ ၆ ရာခိုင်နှုန်းဖြင့် ၂၀၁၇ ခုနှစ်တွင် ၈၁ ဦး၊ ၂၀၁၈ ခုနှစ်တွင် ၇၂ ဦး စုစုပေါင်း ၃၉၁ ဦးတို့အား ဆေးတက္ကသိုလ်(မကွေး)နှင့် ဆေးတက္ကသိုလ်(တောင်ကြီး)သို့ တက်ရောက်ခွင့်ပြုပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်း၏ **ပညာရေးနှင့်ကျန်းမာရေးတည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် စံချိန်စံညွှန်းပြည့်မီပြီး အချိန်မီပြီးစီးအသုံးပြုနိုင်ရန် မည်သို့စီမံဆောင်ရွက်သွားမည်ကို သိလိုခြင်း** မေးခွန်း၊ မြို့သစ်မဲဆန္ဒနယ်မှ ဦးသာအောင်၏ **မြို့သစ်မြို့နယ်၌ ပြည်ထောင်စုရန်ပုံငွေဖြင့် အခြေခံပညာကျောင်းများ ဆောက်လုပ်ရာတွင် တင်ဒါလုပ်ငန်းများ အချိန်မီပြီးစီးရန်နှင့် ဒီဇိုင်းများ ပိုမိုပြည့်စုံစွာ သတ်မှတ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် တောင်တွင်းကြီး မဲဆန္ဒနယ်မှ ဦးမင်းသိန်း၏ **ဆရာကြီး မင်းသုဝဏ်နှင့် ဆရာဇော်ဂျီတို့၏ စာပေလက်ရာများနှင့် စာပေသြဇာအရှိန်အဝါကြီးမားသော အခြားစာပေပညာရှင်များ၏ စာပေလက်ရာများကို အခြေခံပညာအလယ်တန်းနှင့် အထက်တန်း မြန်မာစာပြဋ္ဌာန်းစာအုပ်များ၌ ထည့်သွင်းပြဋ္ဌာန်းရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းတို့နှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ရှင်းလင်းဖြေကြားသည်။

ထို့နောက် မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာဦးသန်းအောင်စိုး၏ **Online မှတစ်ဆင့် အထူးကုဆရာဝန်ကြီးများ၊ Radiologist များနှင့် တိုက်ရိုက်ဆက်သွယ်မေးမြန်းကုသခြင်း၊ ပေးပို့အဖြေရယူခြင်း၊ ဓာတ်ခွဲအဖြေများကို Online ဖြင့် ပြန်ပို့ခြင်းစသည့် Telemedicine နှင့် Teleradiology ကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြင်ပအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကတို့ ပူးပေါင်းဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ဓာတ်ခွဲခန်းနှင့်ပတ်သက်၍ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနသည် မြန်မာနိုင်ငံ၏ တစ်ခုတည်းသော ရည်ညွှန်းပြုဓာတ်ခွဲဌာနဖြစ်ပြီး စစ်ဆေးချက်မှတစ်ဆင့် အမျိုးသားဓာတ်ခွဲရေးဆိုင်ရာ အဖြေလက်ခံရာဌာနသို့ Online မှ ပေးပို့ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ Online မှတစ်ဆင့် သက်ဆိုင်ရာဆေးရုံသို့ အဖြေသိသိချင်း ပြန်ပို့ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိနေပါကြောင်း။

အမျိုးသားကျန်းမာရေးဓာတ်ခွဲဌာနမှ ၂၀၁၉ ခုနှစ် ဇွန် ၃ ရက်မှ စ၍ ရန်ကုန် အနောက်ပိုင်းဆေးရုံနှင့် အရှေ့ပိုင်းဆေးရုံကြီးတို့မှ ပေးပို့လာသည့် လုပ်ငန်းများကိုလည်း Online ဖြင့် ပေးပို့ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆင့်မြင့် ဓာတ်ခွဲစစ်ဆေးခြင်း ဆေးရုံစုစုပေါင်း ၃၇၀၀ ကျော်ရှိပြီး ဓာတ်ခွဲအဖြေများကို နေ့ချင်းပြီး ထုတ်ပေးခြင်း၊ စမ်းသပ်ကာလကြာမြင့်သည့်အပေါ် မူတည်ပြီး ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါဆေးရုံများမှ ဓာတ်ခွဲစမ်းသပ်အဖြေများကို Online ဖြင့် ပြန်ပို့ပေးခြင်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ၂၀၁၉ ခုနှစ် ဇွန် ၁၉ ရက်တွင် ကျင်းပသော ဆွေးနွေးပွဲ၌ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတွင် ဆောင်ရွက်နိုင်ရန် လမ်းညွှန်ခဲ့ပြီးဖြစ်ပါကြောင်း၊ Laboratory Informational Management System ကို စတင်အသုံးပြုလျက်ရှိပါကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် Infrastructrue များ၊ Software များနှင့် ကျွမ်းကျင်စွာ အသုံးပြုနိုင်ရန်အတွက် လေ့ကျင့်မှုများလိုအပ်ပြီး ကောင်းမွန်စွာ ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်မှုဖြင့် ဆောင်ရွက်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ရှင်းလင်းဖြေကြားစဉ်။



မာန်အောင်မဲဆန္ဒနယ်မှ ဦးတင်နု(ခ) ဦးတင်နုအောင် မေးမြန်းစဉ်။



လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူ ဆွေးနွေးစဉ်။



တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးဝင်းမင်းထွန်း ဆွေးနွေးစဉ်။

ဆက်လက်၍ လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူ၏ **အမျိုးသားကျန်းမာရေးစီမံကိန်းတွင် ပါဝင်သော အရပ်ဘက်ဆိုင်ရာ အဖွဲ့အစည်းများ၊ တိုင်းရင်းသားအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍနှင့်အတူ ကျန်းမာရေးစနစ် ခိုင်မာတောင့်တင်းအောင် မည်သည့်ကိစ္စများ ဆောင်ရွက်ထားသည်ကို သိလိုခြင်း** မေးခွန်းနှင့် မတူပီမဲဆန္ဒနယ်မှ ဦးပါထန်း၏ **မတူပီမြို့ ခုတင်(၁၀၀)ဆံ့ ခရိုင်ပြည်သူ့ဆေးရုံ ဖွဲ့စည်းပုံအား မည်သည့်နေ့ရက်တွင် ချပေးမည်ကို သိလိုခြင်း** မေးခွန်းတို့နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ရှင်းလင်းဖြေကြားသည်။

## အခြေခံပညာရေးဥပဒေကြမ်း ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းတင်သွင်းနိုင်

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော အခြေခံပညာရေးဥပဒေကြမ်းကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြသည်။

ယင်းနောက် ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာ ဦးစံရွှေဝင်း တင်သွင်းသည့် **မကူးစက်နိုင်သောရောဂါများ ကာကွယ်တားဆီးသွားရန်အတွက် ဝန်ကြီးဌာနပေါင်းစုံ တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်သွားရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူ** က မကူးစက်တတ်သည့် ရောဂါအများစု၏ နောက်ဆက်တွဲဖြစ်စဉ်သည် တစ်သက်လုံး ဆေးဝါးကုသမှု၊ ပြန်လည်စစ်ဆေးမှု၊ ဆေးဝါးသောက်သုံးနေရမှုများ ဆက်လက်ဆောင်ရွက်နေရခြင်း၊ ကုသစရိတ်ကုန်ခြင်း၊ မိသားစုဝင်ငွေထိခိုက်ခြင်း၊ နိုင်ငံတော်အနေဖြင့်လည်း ကျန်းမာရေးရန်ပုံငွေပိုကုန်ခြင်း၊ ကုန်ထုတ်စွမ်းအားများ ကျဆင်းသကဲ့သို့ တန်ဖိုးမဖြတ်နိုင်သည့် လူ့စွမ်းအားအရင်းအမြစ်လည်း ဆုံးရှုံးရပါကြောင်း၊ မကူးစက်တတ်သည့် ရောဂါဖြစ်ရခြင်း အဓိကအကြောင်းရင်းသည် ဆေးလိပ်နှင့်ဆေးရွက်ကြီး သုံးစွဲမှုများပြားခြင်းကြောင့် ဖြစ်ပါကြောင်း၊ မကူးစက်တတ်သည့်ရောဂါကို ကာကွယ်တားဆီးနိုင်ရန် မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်စဉ်သည် အခွန်အခများ တိုးမြှင့်ကောက်ခံရမည် ဖြစ်ပါကြောင်း၊ ဌာနများမှ ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများကို လိုက်နာရမည်ဖြစ်ပါကြောင်း၊ မလိုက်နာပါကလည်း ထိရောက်စွာ အရေးယူရမည်ဖြစ်ပါကြောင်း၊ ပြည်သူများအား အသိပညာပေးလုပ်ငန်းများကို ဆက်စပ်သည့် ဝန်ကြီးဌာနများနှင့် မီဒီယာများအပါအဝင် တိုးမြှင့်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

## FDA မှလည်း အစားအသောက်နှင့် စားသုံးဆီများကို တိတိကျကျစစ်ဆေးပြီး ပြည်သူလူထုများသိရှိစေရန် လစဉ်ထုတ်ပြန်ပေးခြင်းတို့ကို ထိရောက်စွာ ဆောင်ရွက်ပေးသင့်

**လောင်းလုံးမဲဆန္ဒနယ်မှ ဒေါ်ခင်စန္ဒီ** က မကူးစက်နိုင်သော ရောဂါများသည် အစားအသောက်များမှတစ်ဆင့် အဓိကဖြစ်ပွားခြင်းကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် အန္တရာယ်နည်းပြီး မှတ်ပုံတင်ထားသည့် ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများကို အသုံးပြုနိုင်ရန်အတွက် ပြည်သူများကို ပညာပေးရမည့်အပြင် စိုက်ပျိုးရေးပစ္စည်းအရောင်းဆိုင်များကိုလည်း အချိန်မှန်စစ်ဆေးရမည်ဖြစ်ပါကြောင်း၊ FDA မှလည်း အစားအသောက်နှင့် စားသုံးဆီများကို တိတိကျကျစစ်ဆေးပြီး ပြည်သူလူထုများသိရှိစေရန် လစဉ်ထုတ်ပြန်ပေးခြင်းတို့ကို ထိရောက်စွာ ဆောင်ရွက်ပေးသင့်ပါကြောင်း၊ စားသုံးရန်မသင့်သည့် အစားအစာများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် ထုတ်ပြန်ပေးရမည့်အပြင် ထုတ်လုပ်မှုများကိုလည်း စစ်ဆေးသင့်ပါကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့နှင့် ပူးပေါင်းကာ နိုင်ငံပိုင်သတင်းစာများ၊ မီဒီယာများ၊ TV Channel များမှတစ်ဆင့် ပညာပေးအစီအစဉ်ထုတ်လွှင့်မှုများ အရှိန်အဟုန်ကို မြှင့်တင်ရန် လိုအပ်ပါကြောင်း၊ အလှမ်းကွာဝေးသည့် ကျေးလက်ဒေသများသို့ ရောက်ရှိစေမည့် FM ရေဒီယိုများမှတစ်ဆင့် ပညာပေးအစီအစဉ်များကို ထုတ်လွှင့်ပေးရန် အကြံပြုလိုပါကြောင်း၊ လိုအပ်နေသည့် ဘဏ္ဍာငွေများကို ထောက်ခံချထားပေးနိုင်ရန်အတွက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် လွှတ်တော်မှလည်း ပူးပေါင်းပါဝင်ကြရန် တိုက်တွန်းလိုပါကြောင်း ဆွေးနွေးသည်။

**တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးဝင်းမင်းထွန်း**က မကူးစက်နိုင်သော ရောဂါများနှင့် ပတ်သက်၍ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတစ်ခုတည်းမှ ဆောင်ရွက်၍မရဘဲ နီးနွယ်သက်ဆိုင်သော ဝန်ကြီးဌာနနှင့် ဦးစီးဌာနများ၊ ဆက်စပ်နေသည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများ အားလုံး ဝိုင်းဝန်း၍ စုစည်းဆောင်ရွက်မှသာ အောင်မြင်မှုရရှိမည်ဖြစ်ပါကြောင်း၊ ထို့ပြင် အဖွဲ့အစည်းများအားလုံး ပါဝင်ဆွေးနွေးညှိနှိုင်းမည့် အစီအစဉ်များကို ဖော်ဆောင်၍ ပါဝင်ဆောင်ရွက်သွားခြင်းဖြင့် မကူးစက်နိုင်သောရောဂါ ဖြစ်ပွားမှုများကို အောင်မြင်စွာ ကာကွယ်ထိန်းချုပ်နိုင်မည်ဖြစ်ကြောင်း ထောက်ခံဆွေးနွေးသည်။

ဆက်လက်၍ ဟသ်ာတမဲဆန္ဒနယ်မှ ဦးခင်မောင်ရီ၊ တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင်၊ ပဲခူးမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ရွှေပုံ၊ တောင်ကြီးမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သန်းငွေ၊ ညောင်လေးပင်မဲဆန္ဒနယ်မှ ဒေါက်တာဦးမြင့်သိန်း၊ ဒေးဒရဲမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်ညို၊ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး၊ ဒလမဲဆန္ဒနယ်မှ ဒေါက်တာဦးစိန်မြအေး၊ အလုံမဲဆန္ဒနယ်မှ ဦးရဲလွင်၊ မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာဦးသန်းအောင်စိုး၊ ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည်၊ ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင်၊ ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာဦးအောင်ခင်၊ ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း၊ ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်းနှင့် ခင်ဦးမဲဆန္ဒနယ်မှ ဒေါက်တာဦးဝင်းအောင်တို့က ဆွေးနွေးကြသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် မကူးစက်နိုင်သော ရောဂါများသည် လူတစ်ဦးမှတစ်ဦး ရောဂါကူးစက်ခြင်းကြောင့် မဟုတ်ဘဲ ကျန်းမာရေးနှင့် မညီညွတ်သော အစားအစာများ စားသောက်ခြင်းနှင့် ကျန်းမာရေးနှင့်မညီညွတ်သော လူမှုဘဝနေထိုင်မှုပုံစံများတွင် ကြာရှည်စွာ စားသောက်နေထိုင်ထိတွေ့နေရခြင်းတို့ကြောင့် ရောဂါအစုအဝေးဖြစ်လာရပါကြောင်း၊ မကူးစက်နိုင်သောရောဂါများ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အကုန်အကျသက်သာ၍ အကျိုးသက်ရောက်မှုများစေသော ကာကွယ်နှိမ်နင်းခြင်းလုပ်ငန်းများကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ နိုင်ငံများအတွက် အကြံပြုထားပါကြောင်း။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဗဟိုအဖွဲ့ကို ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖွဲ့စည်းခဲ့ပြီး ယခုအခါ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၉ ခုနှစ် မေ ၁၃ ရက်က အသစ်ပြန်လည်ဖွဲ့စည်းခဲ့ပါကြောင်း၊ ဝန်ကြီးဌာနများက မိမိတို့ကဏ္ဍအလိုက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအပြင် ဝန်ကြီးဌာနအချင်းချင်း စနစ်တကျပူးပေါင်းဆောင်ရွက်ခြင်း၊ မိမိတို့နှင့် သက်ဆိုင်သည့်ကဏ္ဍကို အားဖြည့်ဆောင်ရွက်ခြင်းတို့ကို နိုင်ငံတကာ၏ အတွေ့အကြုံ အကြံပြုချက်များအပေါ် အခြေခံပြီး စနစ်တကျ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း၊ နိုင်ငံသူ နိုင်ငံသားများအရေးကို ဦးစားပေး၍ ဆောင်ရွက်ခြင်းတို့ဖြင့်သာ နိုင်ငံတော်တွင် လက်ရှိ ပြဿနာဖြစ်နေသည့် မကူးစက်နိုင်သောရောဂါများ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ထိရောက်စွာ တားဆီးဟန့်တားနိုင်မည် ဖြစ်ပါကြောင်း။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် မကူးစက်နိုင်သော ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများမှ အဓိကကျသည့် လုပ်ငန်းတစ်ခုဖြစ်သည့် အများပြည်သူ၏ ကျန်းမာရေးအသိပညာမြှင့်တင်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နေပြီး အခြေခံကျန်းမာရေးဝန်ထမ်းများအတွက် Tablet များကို ဖြန့်ဝေပေးလျက်ရှိသည့်အပြင် Standardized Health Message စာအုပ်များ ဖြန့်ဝေပေးထားပြီး ဖြစ်သည့်အတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးသူများနှင့် ၎င်းတို့မှတစ်ဆင့် လိုအပ်သော သတင်းအချက်အလက်အသိပညာပေး အကြောင်းအရာများကို လွယ်ကူလျင်မြန်စွာ ဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်သည့်အတွက် အဆိုအား ထောက်ခံပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုရှင်၏ သဘောထားရယူရာ အဆိုရှင်က အတည်ပြုပေးပါရန် ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုအားအတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူမရှိသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ဩဂုတ် ၂၇ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# အချိန်တိုင်း ကျန်းမာရေး အသိသတိဖြင့် လက်ဆေးဖို့လိုသည်

မေယု - မျိုးအောင်(MANA)

ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်)က အောက်တိုဘာ ၁၅ ရက်ကို 'ကမ္ဘာ့လက်ဆေးကြောရေးနေ့' အဖြစ် သတ်မှတ်ခဲ့သည်။ ကမ္ဘာတစ်ဝန်းတွင် 'ကမ္ဘာ့လက်ဆေးကြောရေးနေ့'သည် ၂၀၀၈ ခုနှစ် အောက်တိုဘာ ၁၅ ရက်မှစ၍ ပထမဆုံးအကြိမ်အဖြစ် ပေါ်ပေါက်လာခဲ့သည်။ ကမ္ဘာ့လက်ဆေးကြောရေးနေ့ သတ်မှတ်ရခြင်းနှင့်ပတ်သက်၍ ကမ္ဘာ့နိုင်ငံအားလုံးသို့ ယူနီဆက်ဖ်၏ တိုက်တွန်းချက်ကိုလည်း အောက်ပါအတိုင်း တွေ့ရသည်။

ကမ္ဘာ့လက်ဆေးကြောရေးနေ့ကို ကျင်းပခြင်းဖြင့် အာရှနှင့် အာဖရိကတိုက်တို့ရှိ ကလေးသူငယ်ပေါင်းများစွာတို့၏ အသက်ဘေးအန္တရာယ်ကို ကယ်တင်ပေးရာ ရောက်ပေမည်။ တစ်ကမ္ဘာလုံးအတိုင်းအတာအားဖြင့် ခြုံငုံလေ့လာကြည့်လျှင် ဝမ်းနှင့် ပတ်သက်သော ရောဂါများကြောင့် နေ့စဉ်ကလေးသူငယ်ငါးထောင်ခန့် သေဆုံးနေကြရသည်။ ကလေးသူငယ်များအား အစာမစားမီ လက်ကိုဆပ်ပြာဖြင့် စင်ကြယ်အောင်ဆေးရန်နှင့် အိမ်သာတက်ပြီးနောက် လက်များကို ဆေးကြောပေးရန် လေ့ကျင့်ပေးခြင်းဖြင့် ဝမ်းနှင့်ပတ်သက်သော ရောဂါများကင်းဝေးပြီး ကလေးသူငယ်သေဆုံးမှု လျော့ချနိုင်မည်ဖြစ်သည်။



"ထမင်း မစားမီ လက်ဆေးသည်ဆိုရာမှာ ဇလုံထဲကရေထဲတွင် လက်ကိုနှစ်၍ ရေစွတ်ရုံ စွတ်ကြပြီး လက်ရှိအညစ်အကြေးများ၊ ချေးများကို နူးသလိုသာ ဖြစ်ပေသည်။ ထမင်းမစားမီမှာသာ လက်တွင်ရှိနေသော အညစ်အကြေးများနှင့် ရောဂါပိုးများ စင်ကြယ်သွားစေရန် လက်ကိုဆပ်ပြာဖြင့် ဆေးရန်လိုအပ်သည်"

## လက်ဆေးကြောခြင်းအလေ့အထ

ငယ်စဉ်ကတည်းက အလေ့အထကောင်းများကို သိရှိနားလည် သဘောပေါက်၍ စွဲမြဲသွားစေရန် လေ့ကျင့်ပေးရန်မှာ မူလတန်းအရွယ်ကလေးသူငယ်များသည် အသင့်လျော်ဆုံးအရွယ်ဖြစ်သည်။ ကျောင်းများတွင် သက်တူရွယ်တူကလေးသူငယ်တို့ကို အတန်းလိုက် စုစည်းပြီးသားဖြစ်ကာ တစ်ဦးနှင့်တစ်ဦး အတုယူတတ်ကြသည့် နေရာလည်းဖြစ်သည့်အတွက် ကလေးသူငယ်များသည် သူတို့၏ ဆရာ ဆရာမများကို ရိုသေလေးစားပြီး ဆိုဆုံးမသွန်သင်လမ်းညွှန်မှုကို နားထောင်လိုက်နာတတ်ကြသည်။ ဆရာ ဆရာမများသည် ကျောင်းသားကျောင်းသူတို့၏ စံပြများဖြစ်ကြရာ ယင်းအခွင့်အလမ်းကောင်းများကိုအသုံးချပြီး ကလေးသူငယ်များအား လက်ဆေးကြောခြင်းအလေ့အထကို လေ့ကျင့်ပုံသွင်းပေးနိုင်မည်ဖြစ်သည်။ 'မိဘဆရာပူးပေါင်း ကလေးကျန်းမာရေးကောင်း' အောင် နေအိမ်တွင်လည်း မိမိတို့သားသမီးများကို လေ့ကျင့်ပေးရပေမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာနတို့မှ ဌာနအကြီးအကဲများနှင့် ဝန်ထမ်းများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ အေဂျင်စီများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ စာသင်ကျောင်းများမှ ဆရာ ဆရာမများ ဦးဆောင်ပြီး နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများတွင် ကမ္ဘာ့လက်ဆေးကြောရေးနေ့လှုပ်ရှားမှု အခမ်းအနားများကို နှစ်စဉ်ကျင်းပခဲ့ကြသည်။ ကျောင်းများရှိ ဆရာ ဆရာမများနှင့် ကျောင်းသားမိဘများ၊ ကျောင်းသား ကျောင်းသူများစုံညီစွာ တက်ရောက်ဆင်နွှဲကြသောကြောင့် 'ကမ္ဘာ့လက်ဆေးပွဲတော်နေ့' ဟူ၍လည်း အလေးထားဖော်ပြကြသည်ကို တွေ့ရသည်။

အောက်တိုဘာလ ၁၅ ရက်နေ့ ကမ္ဘာ့လက်ဆေးကြောရေးနေ့ လှုပ်ရှားမှုက အမြဲတမ်း လက်သန့်ရှင်းရေးကို ဂရုစိုက်စေဖို့ အသိ၊ သတိနှင့် တွန်းအားပေးလိုက်သော၊ အရှိန်အဟုန်မြှင့်တင်ပေးလိုက်သော လှုပ်ရှားမှုသာဖြစ်သည်။ စင်စစ်ကား အောက်တိုဘာလ ၁၅ ရက်နေ့သည် လက်ဆေးခြင်းဓလေ့၊ လက်ဆေးခြင်း၏ အကျိုးကျေးဇူးကို လူအများသိရှိနားလည်သဘောပေါက်စေရန် အသိပညာပေးသောနေ့သာဖြစ်ပြီး ၃၆၅ ရက်သော တစ်နှစ်တာရက်အားလုံးတို့သည် နေ့စဉ်နေ့တိုင်း ကမ္ဘာ့လက်ဆေးကြောရေးနေ့များပင် ဖြစ်သည်။

## ကမ္ဘာ့လက်ဆေးကြောရေးနေ့

ကမ္ဘာ့လက်ဆေးကြောရေးနေ့ ကျင်းပပေးခြင်းဖြင့် ကမ္ဘာလုံးဆိုင်ရာ တစ်ကိုယ်ရေသန့်ရှင်းရေး၊ အညစ်အကြေးကင်းစင်ရေးတို့ကို တွန်းအားပေးဆောင်ရွက်ရာ ရောက်ပေသည်။ လက်များကို စင်ကြယ်စွာ လက်ဆေးခြင်းသည် ကျန်းမာရေးအတွက် အရေးတကြီးလိုအပ်သော အခြေခံအလေ့အထတစ်ခုဖြစ်သည်။ ကျန်းမာရေးနှင့်ညီညွတ်သော အပြုအမူကောင်းများ ပြည့်စုံရေးအတွက် ကျန်းမာရေးဆိုင်ရာ အသိပညာတိုးချဲ့ခြင်းနှင့် အလေ့အထဖြစ်ထွန်းခြင်းတို့သည် မရှိမဖြစ်လိုအပ်ချက်များဖြစ်ကြောင်း ကျန်းမာရေးပညာဆိုင်ရာ ပညာရှင်များက မိန့်ဆိုထားသည်။ အလေ့အကျင့်မှ အလေ့အထသို့ ကူးပြောင်းတတ်သော သဘာဝရှိသည်။

ကမ္ဘာ့ဖွံ့ဖြိုးဆဲနိုင်ငံပေါင်း ၆၀ ကျော်တို့ရှိ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်များအနေဖြင့် စာသင်ကျောင်းများသို့သွားရောက်ကာ ကျောင်းသားလူငယ်ကလေးများအား လက်များဆေးကြောခြင်းအပါအဝင် တစ်ကိုယ်ရေ သန့်ရှင်းရေးအတွက် ကျန်းမာရေးပညာပေးလုပ်ငန်းများတွင် စီမံချက်များ ချမှတ်ပါဝင်လုပ်ဆောင်သွားကြရန် လိုအပ်သည်။ ကလေးသူငယ်များ လက်ဆေးကြောရေးလုပ်ငန်းစီမံချက်ကို ပိုမိုအလေးပေးလုပ်ဆောင်သင့်သည်။ အနောက်အာဖရိကတွင် သေဆုံးလျက်ရှိကြသည့် ကလေးငယ်သုံးပုံတစ်ပုံမှာ တစ်ကိုယ်ရေသန့်ရှင်းမှု အားနည်းချက်ကြောင့်ဖြစ်ကြောင်း ယူနီဆက်ဖ်အဖွဲ့မှ စိစစ်တွေ့ရှိခဲ့ရ၍ ကမ္ဘာ့လက်ဆေးကြောရေးနေ့ လှုပ်ရှားမှုများကို အလေးထားလုပ်ဆောင်ကြပါရန် တိုက်တွန်းထားသည်။

မြန်မာလူမျိုးများ၏ လက်ဆေးခြင်းဓလေ့ကို စစ်တမ်းကောက် သုတေသနပြုကြည့်သောအခါ လူငါးယောက်မှာ တစ်ယောက် (ရာခိုင်နှုန်းအားဖြင့် ၂၀ ရာခိုင်နှုန်း) သောလူများသာလျှင် အိမ်သာအထွက်တွင် လက်ကိုဆပ်ပြာဖြင့် စင်စင်ဆေးကြောသည်ကို တွေ့ရသည်။

## လက်ကိုဆပ်ပြာဖြင့် ဆေးရန်လို

မြန်မာလူမျိုးအများစုတို့သည် ထမင်းစားပြီးခါမှ လက်ကိုဆပ်ပြာဖြင့် စင်စင်ဆေးကြသည်ကို တွေ့ရသည်။ ထမင်း မစားမီ လက်ဆေးသည်ဆိုရာမှာ ဇလုံထဲကရေထဲတွင် လက်ကိုနှစ်၍ ရေစွတ်ရုံစွတ်ကြပြီး လက်ရှိအညစ်အကြေးများ၊ ချေးများကို နူးသလိုသာ ဖြစ်ပေသည်။ ထမင်းမစားမီမှာသာ လက်တွင်ရှိနေသော အညစ်အကြေးများနှင့် ရောဂါပိုးများ စင်ကြယ်သွားစေရန် လက်ကိုဆပ်ပြာဖြင့် ဆေးရန်လိုအပ်သည်။ အစာမစားမီ လက်ကိုဆပ်ပြာဖြင့် စင်စင်ဆေးသူနှင့် အစားအသောက်များကို မကိုင်တွယ်ခင် လက်ကို စင်စင်ဆေးသူ နည်းလှသည်။ ထမင်း၊ ဟင်းပြင်ဆင်ချက်ပြုတ်ကြသော အိမ်ရှင်မအများစု လက်ဆေးခြင်းဓလေ့ မရှိကြသည့်အပြင် ချက်ပြီးသား အစားအစာထမင်း၊ ဟင်းတို့ကို ခူးခပ်ပြင်ဆင်ရာတွင်လည်း လက်သန့်ရှင်းမှုကို အလေးမထားတတ်ကြပေ။

လူကြီးမိဘများနှင့် ကလေးသူငယ်များအားလုံးက အိမ်သာအထွက်လက်ဆေးပါ။ အစာမစားမီလက်ဆေးပါ။ အစားအစာများကို ကိုင်တွယ်ချက်ပြုတ်ခြင်းမပြုမီ လက်ဆေးပါ။ အညစ်အကြေးများကို ကိုင်တွယ်ထိတွေ့မိတိုင်း လက်ဆေးပါ။ သောက်သုံးရေများ မခပ်မီ လက်ဆေးပါဟူသော စည်းကမ်းချက်များကို ပင်ကိုအသိစိတ်ဓာတ်ဖြင့် ဓလေ့တစ်ခုအဖြစ် လိုက်နာကျင့်သုံးကြရန်လိုသည်။

ပတ်ဝန်းကျင်ရှိ အရာဝတ္ထုတိုင်းတွင် မျက်စိဖြင့် မမြင်နိုင်သော ရောဂါပိုးများနှင့်အညစ်အကြေးများရှိနေတတ်ရာ ယင်းအရာဝတ္ထုများကို ကိုင်တွယ်ထိတွေ့မိသော လက်များတွင် ရောဂါပိုးများနှင့် အညစ်အကြေးတို့ တွယ်ကပ်ပါလာတတ်သဖြင့် လက်ကိုစင်ကြယ်အောင် ဆေးကြောဖို့လိုအပ်ကြောင်း သဘောပေါက်ရန် လိုအပ်သည်။

လက်ဆေးဖို့ ဆပ်ပြာအတွက် ကုန်ကျစရိတ်ကို အကြောင်းပြကြ၏။ သို့သော် လက်ဆေးရန်ဆပ်ပြာမှာ မပြောပလောက်သော ပမာဏမျှသာ ကုန်ကျခြင်းဖြစ်သည်။ ဆပ်ပြာဖိုးကုန်ကျမည့် ငွေကြေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်၍ ဆေးကုသမှုကုန်ကျစရိတ်တို့ကို နှိုင်းယှဉ်တွက်ချက်ကြည့်ပါက အမှန်ကို သဘောပေါက်သိမြင်နိုင်မည်ဖြစ်သည်။ ယုတ်စွအဆုံး ဆပ်ပြာမတတ်နိုင်ပါက (အခြေအနေတစ်ရပ်ရပ်ကြောင့် ဆပ်ပြာမရရှိနိုင်ပါက)မီးဖိုချောင်ကရသည့် ပြာသည်ပင် ရောဂါပိုးများကို သေစေနိုင်သော အာနိသင်ရှိသဖြင့် ဆပ်ပြာအစား ပြာမှုန့်သို့မဟုတ် ပြာရည်(ပြာကြာတက်ရည်)ကို အသုံးပြုနိုင်ကြောင်း၊ ပညာရှင်များက အကြံပြုထားကြောင်း သိရသည်။

## ကျန်းမာရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ

လူသားအားလုံးတွင် ကျန်းမာရေးဆိုင်ရာ အထောက်အကူပြု အစားအသောက်ဆိုင်ရာ အလေ့အကျင့်ကောင်းများ လေ့ကျင့်ပျိုးထောင်ပြီး သက်ရှည်ကျန်းမာစွာနေထိုင်နိုင်ခွင့်ရှိသည်။ မိခင်နို့ချိုဖြင့် အသက်ရှင်သန်ရသည့် မွေးကင်းစကလေးအရွယ်မှ အဘိုးအဘွား၊ သက်ကြီးရွယ်အိုဘဝအထိ နေထိုင်စားသောက်မှုပုံစံက အရေးပါနေမည်ဖြစ်သည်။ ကွမ်းအလွန်အကျွံဝါးခြင်း၊ ဆေးလိပ်အလွန်အကျွံသောက်ခြင်း၊ အရက်သေစာလွန်ကဲစွာ သောက်စားခြင်းအစရှိသော ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်နိုင်သည့် မကောင်းသောအမူအကျင့်များကို ရှောင်ကြဉ်သင့်လှသည်။

မြန်မာနိုင်ငံအနေဖြင့် အမျိုးသားကျန်းမာရေးကဏ္ဍ၏ အဓိကအစိတ်အပိုင်းများဖြစ်သည့် လူတိုင်းသက်တမ်းစေ့ အသက်ရှည်ကျန်းမာစွာ နေထိုင်နိုင်ရေး၊ ရောဂါဘယကင်းရှင်းရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး မြို့ပြလူနေမှု၊ ကျေးလက်လူနေမှုဘဝများစွာအထိ ကျန်းမာရေးအသိပညာပေးခြင်း၊ ရောဂါကာကွယ်တားဆီးခြင်း၊ ရောဂါဖြစ်ပွားလျှင် အမြန်ဆုံးထိရောက်စွာ ကုသပေးနိုင်သည့်အခြေအနေတို့ကို အများပြည်သူတို့လက်တွေ့ကျင့်သုံးလိုက်နာနိုင်ရေး၊ ကုသရေး၊ အသိပညာပေးရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း တွေ့ရှိရသည်။

အစားအသောက်များ မှုမမှန်မှုကြောင့် လက်ဆေးခြင်းအလေ့အကျင့်မရှိခြင်း၊ အသီးအနှံများကို ရေစင်ကြယ်အောင် မဆေးကြောခြင်း၊ အစာအဆိပ်သင့်မှုဖြစ်ပွားရခြင်း ဖြစ်သည်။ အသီးအနှံများတွင် ဓာတုဆေးဝါးများ၊ ပိုးသတ်ဆေးများ အများအပြား ပါဝင်နိုင်ခြင်းကြောင့် ရေဖြင့်စင်ကြယ်အောင် ဆေးကြောရန်လိုအပ်သည်။ **အိမ်ရှင်မများအနေဖြင့် ဓာတုဆေးဝါးနှင့် ပိုးသတ်ဆေးများ ပျော်ဝင်သွားစေရန် အိမ်သုံးဆားကို အသုံးပြု၍ ရေနှင့်စင်ကြယ်အောင်ဆေးကြောပြီး ဟင်းလျာများ ချက်ပြုတ်စီမံသင့်သည်။** ရေစင်ကြယ်အောင် ဆေးကြောခြင်းမရှိသဖြင့် အစာအဆိပ်သင့်မှု အခြေအနေများ ပေါ်ပေါက်လာနိုင်ခြင်းကြောင့် အစာအဆိပ်သင့်မှုဖြစ်ပွားသည့် လက္ခဏာများကို ဗဟုသုတအဖြစ် သိရှိခြင်းဖြင့် အိမ်ရှင်မများသာမက မိသားစုဝင်အားလုံး ပျို့အန်ခြင်း၊ ဗိုက်အောင့်ခြင်း၊ ခေါင်းမူးခြင်း၊ အပြင်းဖျားနာခြင်းတို့မှ ကင်းဝေးစေနိုင်ကြောင်း ရေးသားလိုက်ရပါသည်။ ။

"လူကြီးမိဘများနှင့် ကလေးသူငယ်များအားလုံးက အိမ်သာအထွက်လက်ဆေးပါ။ အစာမစားမီလက်ဆေးပါ။ အစားအစာများကို ကိုင်တွယ်ချက်ပြုတ်ခြင်းမပြုမီ လက်ဆေးပါ။ အညစ်အကြေးများကို ကိုင်တွယ်ထိတွေ့မိတိုင်း လက်ဆေးပါ။ သောက်သုံးရေများ မခပ်မီ လက်ဆေးပါဟူသော စည်းကမ်းချက်များကို ပင်ကိုအသိစိတ်ဓာတ်ဖြင့် ဓလေ့တစ်ခုအဖြစ် လိုက်နာကျင့်သုံးကြရန်လိုသည်"

## ချောင်းဆုံမြို့နယ်၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မိုးစပါးဧက ၁၀၀ ကျော် ထိခိုက်ပျက်စီး

ချောင်းဆုံ ဩဂုတ် ၂၂

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ ဩဂုတ်လ ပထမပတ်က မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ကော့မုပွန်ကျေးရွာနှင့် ချောင်းဆုံအနောက်ရပ်ကွက်တို့တွင် စိုက်ပျိုးသည့် မိုးစပါးစိုက်ဧက ၁၄၁ ဧက ပျက်စီးခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကော့မုပွန်ကျေးရွာတွင် လယ်စိုက်ဧက ၁၁၁ ဧကနှင့် ချောင်းဆုံအနောက်ရပ်ကွက်တွင် လယ်ဧက ၃၀ ပျက်စီးခဲ့ပြီး လယ်သမားများအား မိုးစပါး ပြန်လည်စိုက်ပျိုးနိုင်ရန်အတွက် မျိုးစပါးများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပူးပေါင်းပြီး ထုတ်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းနိုင်ထံမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

✻ ကျောဖုံးမှ

တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေ နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေများမှ ကျခံဆောင်ရွက်ရန် လိုအပ်မည် ဖြစ်ပါကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် လုပ်ငန်းများ စီမံဆောင်ရွက်ရာတွင် ဖြစ်နိုင်ခြေ ရှိ/မရှိ တိုင်းတာခြင်းနှင့် နည်းပညာအကူအညီပေးခြင်းများကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့်လည်း ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးရန် ရန်ပုံငွေလုံလောက်မှုမရှိသည့်အတွက် လျာထားနိုင်ခြင်းမရှိခဲ့သည့်အလျောက် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေတင်ပြတောင်းခံ၍ ခွင့်ပြုချက်ရရှိပါက ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

## လေရှီးမြို့နယ်နှင့် လဟယ်မြို့နယ်ကြား နန်းသလိတ် ချောင်းကူးတံတားအား မြို့နယ်ချင်းဆက် တံတားအဖြစ် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမင်းနိုင်၏ **နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ်နှင့် လဟယ်မြို့နယ်ကြား နန်းသလိတ်ချောင်းကူးတံတားအား မြို့နယ်ချင်းဆက် တံတားအဖြစ် ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဌေးတင်၏ **ချင်းပြည်နယ် ပလက်ဝမြို့နယ် ရှင်းလက်ဝကျေးရွာအုပ်စု၊ ဆင်အိုးဝကျေးရွာအုပ်စုနှင့် ပတိန်တလန်ကျေးရွာအုပ်စုတို့ကြား ဖောက်လုပ်ထားသော မြေသားလမ်းအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းတို့နှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး၏ **စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်ရှိ ကျေးရွာများအတွက် သဖန်းဆိပ်(ကင်းတားဆည်)မှ လွှတ်ပေးသော လကျ်ာတူးမြောင်းကြီးသည် (၁၄)နှစ်ကြာသည်အထိ မြောင်းရေမလာသောကြောင့် မည်သို့ကူညီဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၂)မှ ဦးထွန်းထွန်းဦး၏ **ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနတို့မှ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသော တမံကြီးများကို အန္တရာယ်ကင်းလုံခြုံစိတ်ချရစေရေး မည်ကဲ့သို့ စနစ်တကျထိန်းသိမ်းစောင့်ရှောက်နေသည်ကို သိရှိလိုခြင်း** မေးခွန်းတို့နှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က လည်းကောင်း ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် **အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ၂၀၁၉ ခုနှစ်၊ အပင်မျိုးသစ်အကာအကွယ်ပေးရေး ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်း**နှင့်စပ်လျဉ်း၍ ရေဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့်က ဆွေးနွေးသည်။

## သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှု ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား

ယင်းနောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးစိုးမိုးက **သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှု ဥပဒေကြမ်း** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား ရှင်းလင်းသည်။



ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ် ဖြေကြားစဉ်။



ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန် မေးမြန်းစဉ်။



ဒုတိယဝန်ကြီး ဦးလှကျော် ဖြေကြားစဉ်။



စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်မောင်လတ် မေးမြန်းစဉ်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အဆိုပါ ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက အဆိုပါ ဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် အဆိုတင်သွင်းရာ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကိုကိုနိုင်က ထောက်ခံသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောမတူသူမရှိသည့်အတွက် သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်ဝင်း၏ **ရှေးအစဉ်အဆက်အသုံးပြုခဲ့သော ကျေးလက်နေပြည်သူများထိန်းသိမ်းသည့် မိုးရေကန်များ၊ သောက်သုံးရေကန်များ၊ ဆည်ငယ်/တမံငယ်များကို ရေချိုမိုးရေ စုဆောင်းသိုလှောင်ရန်၊ သောက်သုံးရေရရှိရန်၊ မြေအောက်ရေ ဖြည့်ဆည်းရန်၊ လုပ်ကွက်ငယ်တောင်သူများ စိုက်ပျိုးရေရရှိရန်၊ သဘာဝဂေဟစနစ် မပျက်ရန်အတွက် ကန်တူးပေးခြင်း၊ ကန်ပေါင်ဆယ်ပေးခြင်း၊ ကန်ငယ်၊ ဆည်ငယ်၊ တမံငယ်များကို ပြုပြင်ထိန်းသိမ်းရန်နှင့် အသစ်တိုးချဲ့တည်ဆောက်ပေးရန်** ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

## ကျေးလက်နေ ပြည်သူများအတွက် အမှန်တကယ် လက်တွေ့ကျကျအကျိုးရှိမည်

**စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးခင်မောင်ဝင်း**က မိမိတို့လူသားများအပါအဝင် တိရစ္ဆာန်များ၊ အပင်များသည် ရေမရှိဘဲ အသက်မရှင်နိုင်သည့်အတွက် အဆိုကိုထောက်ခံရခြင်းဖြစ်ပါကြောင်း၊ ငွေကုန်ကြေးကျများမည့် ဆည်ကြီးများ တည်ဆောက်ရန် တိုက်တွန်းထားခြင်းမဟုတ်ဘဲ ကန်ငယ်၊ တမံငယ်များကိုသာ တိုးချဲ့တည်ဆောက်ရန် တိုက်တွန်းထားသည့် အဆိုဖြစ်သည့်အတွက် ကျေးလက်နေပြည်သူများအတွက် အမှန်တကယ်လက်တွေ့ကျကျ အကျိုးရှိမည်ဖြစ်ပါကြောင်း၊ ထို့ပြင် အပူပိုင်းဒေသစိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်နေသည့် ရေအရင်းအမြစ်အသုံးချမှုနှင့် စီမံခန့်ခွဲမှုတို့အတွက် အထောက်အကူဖြစ်စေသည့် အဆိုလည်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် ရာသီဥတုပြောင်းလဲမှု လိုက်လျောညီထွေရှိပြီး ရေရှည်တည်တံ့သည့် စိုက်ပျိုးသီးနှံများ ထုတ်လုပ်နိုင်ရန်အတွက် ကန်ငယ်၊ ဆည်ငယ်၊ တမံငယ်များ တိုးချဲ့တည်ဆောက်ပေးရန် တိုက်တွန်းထားသည့် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

## စွန့်ပစ်လိုက်သော ရေဆိုးများ၊ အညစ်အကြေးများကြောင့် ပတ်ဝန်းကျင်တွင် သန့်ရှင်းမှုမရှိဘဲ ပြည်သူတို့၏ ကျန်းမာရေးအတွက် အန္တရာယ်ရှိလာ

**မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ်** က မြို့ပြဒေသများနှင့် ကျေးလက်များတွင် လူဦးရေတိုးတက်မှုနှင့် စီးပွားရေးလုပ်ငန်းများကြောင့် ရေလိုအပ်မှုပမာဏ တိုးတက်မြင့်မားလာပြီဖြစ်သည့်အတွက် အဆိုရှင် တင်ပြလာသည့် ရေအရင်းအမြစ်များ ဘက်စုံစီမံခန့်ခွဲမှုစနစ်ကို လက်တွေ့လုပ်ဆောင်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ရေအရင်းအမြစ် ညစ်ညမ်းမှုပိုမိုများပြားလာခြင်းတွင် အထူးသဖြင့် စက်မှုလုပ်ငန်းများမှ စွန့်ပစ်သော ရေဆိုးများ၊ ရွှေတူးဖော်ခြင်း၊ အခြားသတ္တုထုတ်လုပ်မှုလုပ်ငန်းများ၊ ငါး၊ ပုစွန်နှင့် အခြားစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အစရှိသော စီးပွားရေးလုပ်ငန်းများစွာတို့မှ စွန့်ပစ်လိုက်သော ရေဆိုးများ၊ အညစ်အကြေးများကြောင့် ပတ်ဝန်းကျင်တွင် သန့်ရှင်းမှုမရှိဘဲ ယခုအခါ ပြည်သူတို့၏ ကျန်းမာရေးအတွက် အန္တရာယ်ရှိလာပြီဖြစ်ပါကြောင်း၊ ရေနှင့်ဆိုင်သောပြဿနာများကို ဖြေရှင်းရန်အတွက် ပညာရပ်နယ်ပယ်မှ စနစ်တကျစုပေါင်းပါဝင်နိုင်သော နည်းလမ်းများလိုအပ်လျက်ရှိပါကြောင်း၊ ထို့ကြောင့် အဖိုးထိုက်တန်လှသော သဘာဝရေမြေများကို ထိန်းသိမ်းကာကွယ်နိုင်ရန် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ယင်းအဆိုကို စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်မျိုး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာဦးကြွယ်ကြွယ်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးခင်မျိုးဝင်း၊တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဇော်ဟိန်းနှင့် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်တို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ဩဂုတ် ၂၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ လူမော်**

# ရန်ကုန်မြို့ရှိ တက္ကသိုလ်ကျောင်းများ၌ မျိုးဆက်ပွားကျန်းမာရေးအသိပညာပေးဟောပြော

**ရန်ကုန် ဩဂုတ် ၂၂**

ပညာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရင်ခွင်မဲ့ ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ မျိုးဆက်ပွားကျန်းမာရေး သိကောင်းစရာ အသိပညာပေး ဟောပြောပွဲများကို ဩဂုတ် ၁၉၊ ၂၀၊ ၂၁ ရက်တို့တွင် ရန်ကုန်မြို့ရှိ ရန်ကုန်နည်းပညာတက္ကသိုလ်၊ ဒဂုံတက္ကသိုလ် **(ယာပုံ)**၊ ရန်ကုန် အရှေ့ပိုင်းတက္ကသိုလ် (သန်လျင်) တို့၌ ကျင်းပခဲ့သည်။



အဆိုပါ ပညာပေးဟောပြောပွဲများတွင် မြန်မာနိုင်ငံ ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းမြင့်အောင်က မြန်မာနိုင်ငံရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းသည် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၏ ဦးဆောင်မှုဖြင့် အမျိုးသမီးများနှင့် ကလေးသူငယ်များအရေး ဆောင်ရွက်ပေးနေသော အမျိုးသမီးအဖွဲ့ (၇) ဖွဲ့အနက် တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ မျိုးဆက်ပွားကျန်းမာရေးအသိပညာပေးလုပ်ငန်းသည် မိမိတို့အသင်း၏ အဓိကအကျဆုံး မဟာဗျူဟာတစ်ရပ် ဖြစ်ကြောင်း၊ အဆင်မပြေသေးသည့် အချိန်ကာလ၌ ကိုယ်ဝန်မရရှိစေရန် နေထိုင်တတ်စေခြင်း၊ စီမံကိန်းချပြီး မိသားစုဘဝ ထူထောင်တတ်စေခြင်းတို့သည် တစ်ကိုယ်ရေမိခင်ဖြစ်ခြင်းနှင့် ရင်ခွင်မဲ့ကလေးငယ်များဖြစ်ခြင်းတို့ကို ထိရောက်စွာ ကာကွယ်နိုင်မည်ဖြစ်ပါကြောင်းနှင့် ရင်ခွင်မဲ့ ကလေးငယ်များနှင့် တစ်ကိုယ်ရေမိခင်များ လျှော့ချရေးအတွက် မျိုးဆက်ပွားကျန်းမာရေး အသိပညာများ မှန်ကန်စွာရရှိရေးသည် အရေးကြီးကြောင်း ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ အသင်း၏ အတွင်းရေးမှူး ဒေါက်တာမြသီတာက အခြေခံမျိုးဆက်ပွား ကျန်းမာရေးအကြောင်းနှင့် သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး ဒေါက်တာသဇင်ညွန့်တို့က သားဆက်ခြား နည်းလမ်းအမျိုးမျိုးတို့၏ အကျိုးဆက်များနှင့် ဆက်စပ်အခြေအနေများကို ရှင်းလင်းဆွေးနွေးကြကာ တစ်ကိုယ်ရေ မိခင်ဘဝ၊ ရင်ခွင်မဲ့ကလေးငယ်ဘဝများ မရောက်ရှိစေရန် ဟောပြောဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသူများ၏ သိရှိလိုသည်များကို ပြန်လည်ဆွေးနွေး ဖြေကြားခဲ့ကြသည်။

ဟောပြောပွဲများသို့ ဆရာ ဆရာမများ၊ တက္ကသိုလ်ကျောင်းသားကျောင်းသူများ စုစုပေါင်း ၁၃၀၀ ကျော် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်များ၏ (၁၇)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲ ကျင်းပ

**မော်လမြိုင် ဩဂုတ် ၂၂**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များ၏ (၁၇)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲကို ဩဂုတ် ၁၈ ရက်က မော်လမြိုင်မြို့ မွန်ပြည်နယ်တရားလွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ်လွှတ်တော် တရားသူကြီးချုပ် ဦးခင်မောင်ကြီးက ပြည်ထောင်စုတရားသူကြီးချုပ်၏ မှာကြားချက်များအား ရှင်းလင်းဆွေးနွေးပြီး မွန်ပြည်နယ်တရားလွှတ်တော်တရားရေးဦးစီးမှူး ဦးဇော်ထူးက ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ မှာကြားချက်များ၊ ရုံးလုပ်ငန်းဆိုင်ရာများကို ထပ်ဆင့်ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ ခရိုင်တရားသူကြီးများနှင့် မြို့နယ်တရားသူကြီးများက တရားစီရင်ရေးအခြေအနေနှင့် ရုံးလုပ်ငန်းအခြေအနေများကို တင်ပြဆွေးနွေးကြပြီး ပြည်နယ်တရားလွှတ်တော်တရားသူကြီး ဦးညီညီစိုးနှင့် ဒေါ်ဌေးမြင့်အေးတို့က တရားစီရင်ရေးဆိုင်ရာလုပ်ငန်းများဆွေးနွေးကြကာ ပြည်နယ်တရားလွှတ်တော်တရားရေးဦးစီးမှူးက ခရိုင်နှင့် မြို့နယ်တရားသူကြီးများ၏ တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါအခမ်းအနားတွင် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်တရားလွှတ်တော်တရားသူကြီးများက ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွင်း မွန်ပြည်နယ်တရားလွှတ်တော်နှင့် လက်အောက်ဝန်ထမ်းမိသားစုများမှ တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးရသူနှင့် အောင်မြင်ခဲ့သူ ငါးဦးတို့အား ဆုချီးမြှင့်ခြင်းနှင့် ရေဘေးသင့်ဝန်ထမ်း ငါးဦးတို့အား ထောက်ပံ့ငွေများ ပေးအပ်ခြင်းတို့ကို ပြုလုပ်ခဲ့ကြသည်။

**ကျော်သန်း(မော်လမြိုင်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီး Mr. Dan Chugg နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂၂**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီး Mr. Dan Chugg ဦးဆောင်သော အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ညှိခန်းမ၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်**

တွေ့ဆုံစဉ် နှစ်နိုင်ငံမီဒီယာဆိုင်ရာကိစ္စရပ်များ၊ လူ့အဖွဲ့အစည်းအပေါ် မီဒီယာသစ်တို့၏ သက်ရောက်ပုံများနှင့် မီဒီယာစီမံခန့်ခွဲမှုဆိုင်ရာ အတွေ့အကြုံများကို ရင်းနှီးပွင့်လင်းစွာဆွေးနွေး၍ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီး **Mr. Dan Chugg** ဦးဆောင်သော အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။
သတင်းစဉ်

# ပဋိပက္ခကို ကိုယ်တိုင်မြင်တွေ့ခဲ့ရတာတော့ မရှိပါဘူး။ တပ်မတော်ကနေ အကူအညီတွေ အများကြီးရခဲ့ပါတယ်။ အခုတော့ ဘေးကင်းစွာနဲ့ ပြန်ရောက်ခဲ့ပါပြီ

**Dr. Melvin Wong**



Dr. Melvin Wong



Mrs. Chou Wei Kuo ( ဥက္ကဋ္ဌ)
Go and Love Foundation



Ms. Alison



Ms. Uri



ဦးနိုင်ဝင်း (ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှု ဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူး)

ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသ တိုက်ပွဲများကြောင့် ကွတ်ခိုင်မြို့တွင် မြန်မာနိုင်ငံ၏ ပညာရည်မြှင့်တင်ရေး လုပ်ငန်းများ ကူညီဆောင်ရွက်ရန် ရောက်ရှိနေသည့် Go and Love Foundation မှ Mrs. Chou Wei Kuo ဦးစီး ၂၈ ဦးကို ဩဂုတ် ၂၂ ရက်တွင် တပ်မတော်ရဟတ်ယာဉ်၊ လေယာဉ်များဖြင့် ရန်ကုန်မြို့သို့ ပို့ဆောင်ပေးခဲ့သည်။ တပ်မတော်မှ အန္တရာယ်ကင်းစွာ ကူညီပို့ဆောင်ပေးခဲ့သူများ၏ စကားသံများကို ဖော်ပြလိုက်ရပါသည်။

**Dr. Melvin Wong**

ကျွန်တော်က ကယ်လီဖိုးနီးယားက လာတဲ့ စိတ်ပညာကျွမ်းကျင်သူ တစ်ယောက် ဖြစ်ပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် မိဘတွေနဲ့ ဝေးကွာပြီး မူးယစ်ဆေးစွဲနေတဲ့ လူငယ်တွေကို ပညာပေးဖို့၊ နည်းလမ်းမျိုးစုံနဲ့ ကူညီထောက်ပံ့မှုတွေကို ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ ကွတ်ခိုင်မြို့ကို လွန်ခဲ့တဲ့ နှစ်ပတ်ကျော်လောက်ကတည်းက ရောက်ရှိခဲ့တာဖြစ်ပါတယ်။ ကျွန်တော်တို့အဖွဲ့က အဓိကကတော့ ပညာရေးမြှင့်တင်မှုလုပ်ငန်းတွေ ဆောင်ရွက်ဖို့ ရောက်ရှိနေတာဖြစ်ပြီး အဖွဲ့ထဲမှာ အမေရိကန်၊ တရုတ်၊ ကနေဒီယန်၊ တရုတ်(ထိုင်ပေ)၊ ဟောင်ကောင် စသဖြင့် နေရာစုံက ပါဝင်ပါတယ်။ ကျွန်တော်တို့ ဒီကိုရောက်ရှိနေတာ ကူညီဖို့ ဖြစ်ပါတယ်။ မြန်မာပြည်သူတွေ ပျော်ရွှင်နေတာကိုပဲ မြင်ချင်တာပါ။ ဒီဒေသတွေမှာ တိုက်ခိုက်မှုတွေ ဒီလိုဖြစ်ပွားနေတာ အင်မတန်ဝမ်းနည်းမိပါတယ်။ ကျွန်တော်တို့ဟာ ငြိမ်းချမ်းရေးကို လိုလားတယ်၊ နှစ်သက်တယ်။ လူ့အခွင့်အရေးလှုပ်ရှားသူ မာတင်လူသာကင်းက ငြိမ်းချမ်းရေးနဲ့ ပတ်သက်ပြီး ငြိမ်းချမ်းရေးကို အတင်းအကျပ် လုပ်ယူလို့ မရဘူး။ နားလည်မှုနဲ့ တည်ဆောက်ရတာဖြစ်တယ်။ အမှောင်ကို အလင်းရောင်နဲ့သာ ဖြိုခွင်းရတာဖြစ်တယ်၊ အမုန်းတရားကို အမုန်းနဲ့ မတုံ့ပြန်ဘဲ ချစ်ခြင်းမေတ္တာကိုသာ တည်ဆောက်ရတာ ဖြစ်ပါတယ်လို့ ပြောကြားခဲ့တာရှိပါတယ်။ ဒါကြောင့် မြန်မာပြည်သူတွေကြားမှာ ချစ်ခြင်းတရားတွေ တည်ဆောက်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ကွတ်ခိုင်မှာ ရှိနေစဉ်မှာ K.K Guest House မှာနေကြပြီး မြန်မာအစိုးရနဲ့ တပ်မတော်တို့က ကာကွယ်ပေးခဲ့ပါတယ်။ ကူညီစောင့်ရှောက်မှုတွေ ပေးခဲ့တယ်။ ကျွန်တော်တို့ ပဋိပက္ခကို ကိုယ်တိုင်မြင်တွေ့ခဲ့ရတာတော့ မရှိပါဘူး။ တပ်မတော်ကနေ အကူအညီတွေ အများကြီးရခဲ့ပါတယ်။ အခုတော့ ဘေးကင်းစွာနဲ့ ပြန်ရောက်ခဲ့ပါပြီ။

**Mrs. Chou Wei Kuo ( ဥက္ကဋ္ဌ)**
**Go and Love Foundation**

ကျွန်မတို့ ရောက်နေတဲ့အချိန် ပဋိပက္ခတွေနဲ့ ကြုံနေတဲ့အတွက် အပြင်မထွက်တော့ဘဲ K.K Guest House ထဲမှာပဲ နေခဲ့ပါတယ်။ K.K Guest House ကလည်း ကူညီစောင့်ရှောက်ပေးပါတယ်။ မနေ့ညကတော့ ပေါက်ကွဲတဲ့ အသံတွေနဲ့ သေနတ်သံတွေ ကြားခဲ့ရပါတယ်။ တပ်မတော်ဘက်က တာဝန်ရှိ အရာရှိတစ်ယောက်ကလည်း ကျွန်မတို့ကို အပြင်မှာထက်စာရင် ဟိုတယ်ထဲမှာ နေတာက ပိုပြီးဘေးကင်းလုံခြုံနိုင်တဲ့ အတွက် ဟိုတယ်မှာပဲနေဖို့ ပြောပါတယ်။ ဒီလိုပဲ လူဝင်မှုကြီးကြပ်ရေး အပါအဝင် သက်ဆိုင်ရာ တာဝန်ရှိတဲ့သူတွေက စိတ်မပူဖို့နဲ့၊ အကောင်းဆုံးကြိုးစားပေးနေတဲ့အကြောင်း လာရောက်ပြောပြပေးကြပါတယ်။ ဒီလိုတွေကြုံခဲ့ရပေမယ့် ကြောက်လန့်မနေအောင် အားလုံးက ဝိုင်းဝန်းကူညီပေးကြပါတယ်။ ဒီလို ကြုံတွေ့တာ ပထမဆုံးပါ။ ကျွန်မတို့ အဖွဲ့မှာ ကျွန်မအပါအဝင် ၂၈ ဦးပါတယ်။ အဲဒီအချိန်တုန်းက ကျွန်မအနေနဲ့ ပါဝင်တဲ့ သူတွေအားလုံးကို ဘေးကင်းစေချင်ခဲ့တယ်။

**Ms. Alison**

ကျွန်မက ဟောင်ကောင်က လာတဲ့ အယ်လီဆန်ဖြစ်ပါတယ်။ အရင် ကျွန်မတို့ ကွတ်ခိုင်မှာ ရှိနေတုန်းက အေးအေးချမ်းချမ်းပါပဲ။ ကျောင်းသားတွေနဲ့ လေ့လာရေးခရီး လာရောက်ခဲ့တာဖြစ်ပါတယ်။ ပဋိပက္ခဖြစ်တာကို မြင်တော့ မမြင်ခဲ့ရပါဘူး။ အခုတော့ တပ်မတော်က ကျွန်မတို့အဖွဲ့ကို ခက်ခဲတဲ့ အခြေအနေကနေ ဒီကို ပို့ဆောင်ပေးခဲ့တာ ဖြစ်ပါတယ်။ ဒီအတွက် ကျေးဇူးတင်ပါတယ်။ အေးအေးချမ်းချမ်းနဲ့ ပြန်လည်ရောက်ရှိလာတဲ့အတွက် ဝမ်းသာပါတယ်။

**Ms. Uri**

တပ်မတော်က ရဟတ်ယာဉ်နဲ့ လားရှိုးလေဆိပ်ကို ပို့ဆောင်ပေးခဲ့ပါတယ်။ လားရှိုးလေဆိပ်ကနေ ရန်ကုန်ကို လေယာဉ်နဲ့ ပြန်လည်ရောက်ရှိခဲ့တာ ဖြစ်ပါတယ်။ ကျွန်မတို့ ကွတ်ခိုင် K.K Guest House မှာ ရှိနေတဲ့အချိန် ကျွန်မတို့ စိတ်မပူအောင်၊ သတင်းအချက်အလက်တွေ မပြတ်ရရှိနေအောင် K.K Guest House က ကူညီပေးခဲ့ပါတယ်။ ဒီလို ကူညီစောင့်ရှောက်ပေးခဲ့တဲ့အတွက် K.K Guest House ကို ကျေးဇူးတင်ပါတယ်။ Guest House ထဲမှာပဲ နေခဲ့တဲ့အတွက် ပဋိပက္ခဖြစ်နေတယ် ဆိုပေမယ့် မြင်ခဲ့တာမျိုးတော့ မရှိပါဘူး။ ကျွန်မတို့ အဲဒီမှာ နှစ်ပတ်ခရီး သွားခဲ့တာ ဖြစ်ပါတယ်။ အခုတော့ နှစ်ပတ်ကျော် လောက်နေခဲ့ရပါတယ်။ အခုလို ဘေးကင်းစွာနဲ့ ပြန်လည်ရောက်ရှိအောင် ကူညီပေးခဲ့တဲ့ မြန်မာအစိုးရကိုလည်း ကျေးဇူးတင်ပါတယ်။ နောက်တစ်ကြိမ် မြန်မာနိုင်ငံကို လာရောက်ဦးမှာပါ။

**ဦးနိုင်ဝင်း (ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူး)**

လားရှိုးဘက်ကို ရောက်နေတဲ့ နိုင်ငံခြားသား ခရီးသွားဧည့်သည်တွေကို လျင်လျင်မြန်မြန် လုံလုံခြုံခြုံနဲ့ ရန်ကုန်ကို ရောက်ရှိလာဖို့အတွက် တပ်မတော် အနေနဲ့ ကူညီပေးတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ကလည်း ဌာနဆိုင်ရာဖြစ်တဲ့ အတွက် သက်ဆိုင်ရာ ဟိုတယ်တွေမှာ တည်းမယ်ဆို တည်းခိုနိုင်ဖို့နဲ့ မော်တော်ယာဉ်သုံးမယ်ဆိုရင်လည်း အသုံးပြုနိုင်ဖို့ အတွက် စီစဉ် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

တိုင်းပြည်ရဲ့ ခရီးသွားလုပ်ငန်းဆိုတာ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ဆိုရင် ပိုကောင်းပါတယ်။ သို့သော်လည်း အခုလိုနယ်စပ်မှာ အနည်းအကျဉ်းဖြစ်တဲ့ ကိစ္စလေးနဲ့တော့ ခရီးသွားလုပ်ငန်းရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို မထိခိုက်နိုင်ဘူးလို့ ကျွန်တော့်အနေနဲ့ ယုံကြည်တယ်။ ကျွန်တော်တို့ ပြည်ထောင်စုဝန်ကြီးဌာနအနေနဲ့လည်း ပြည်ပဧည့်သည်တွေ ပိုမိုဝင်ရောက်လာဖို့အတွက် ဗီဇာတွေ ဖြေလျှော့ပေးနေပါတယ်။ ဒီအတွက်ကြောင့် ၂၀၁၈ ဇူလိုင်လနဲ့ ၂၀၁၉ ဇူလိုင်လ အလားတူကာလမှာ တစ်နိုင်ငံလုံး အတိုင်းအတာအနေနဲ့ နိုင်ငံခြားသားခရီးသွား ဧည့်သည် ဝင်ရောက်မှု နှုန်း ၂၆ ရာခိုင်နှုန်း တိုးတက်လာမှု ရှိလာပါတယ်။ ဒါကြောင့် အခုလိုဖြစ်စဉ်မျိုးဟာလည်း အခိုက်အတန့်ပဲလို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ တိုင်းပြည်အနေနဲ့လည်း မကြာခင်မှာ ကျွန်တော်တို့ ခရီးသွား လုပ်ငန်းတွေ ပိုမို တိုးတက်ဖွံ့ဖြိုးလာမယ်လို့လည်း ယုံကြည်ပါတယ်။

**သတင်းအဖွဲ့**

# ရခိုင်ပြည်နယ်အတွင်း တိုက်ပွဲရှောင် ရခိုင်တိုင်းရင်းသားများနှင့် ဒေသခံပြည်သူများအား ဆက်လက်ထောက်ပံ့ပေးအပ်

စစ်တွေ ဩဂုတ် ၂၂

**ရခိုင်ပြည်နယ်အတွင်း တိုက်ပွဲရှောင် ရခိုင်တိုင်းရင်းသားများနှင့် ဒေသခံပြည်သူများ၏ လိုအပ်ချက်များအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ကူညီထောက်ပံ့မှုများ ပေးအပ်ခြင်း အခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ညှိရိပ်သာ၌ ကျင်းပပြုလုပ်သည်။**

အခမ်းအနားသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက တိုက်ပွဲရှောင်ပြည်သူများအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၁၅၆၅ ဒသမ ၈၂ သိန်းအား ထောက်ပံ့ပေးအပ်ရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက လက်ခံသည်။ **(ယာပုံ)**

ထောက်ပံ့မှုများကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတတိယပတ်မှ စတင်၍ ဆန်ရိက္ခာဖိုးငွေများကို ထောက်ပံ့ပေးအပ်ခဲ့ပြီး ယခုအကြိမ်သည် (၆) ကြိမ်မြောက် ထောက်ပံ့ပေးခြင်းဖြစ်ကာ တိုက်ပွဲရှောင်ပြည်သူစုစုပေါင်း ၇၆၀၃၉ ဦးစာ ဆန်ရိက္ခာဖိုးငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများအတွက် စုစုပေါင်းငွေကျပ် ၁ ဒသမ ၄၁၄ ဘီလီယံ ထောက်ပံ့ပေးအပ်ခဲ့သည်။

တိုက်ပွဲရှောင်ရခိုင်တိုင်းရင်းသားများနှင့် ဒေသခံများအတွက် ယာယီနေရာချထားပေးနိုင်ရေးအတွက် ဆောက်လုပ်လျက်ရှိသော တိုက်ပွဲရှောင်စခန်းများသည်လည်း ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီး မကြာမီနေထိုင်နိုင်တော့မည်ဖြစ်သည်။



တိုက်ပွဲရှောင် ပြည်သူများအတွက် လိုအပ်ချက်များရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ အရေးပေါ် ၂၄ နာရီ ဝန်ဆောင်မှုရှိသော ဖုန်း ၀၆၇-၃၄၀၄၆၆၆၊ ၀၆၇ - ၃၄၀၄၇၇၇ များသို့ ဆက်သွယ် အကူအညီရယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံဘက်မှ စနစ်တကျ ပြင်ဆင်၍ အဆင်သင့်စောင့်ဆိုင်းခဲ့သော်လည်း နေရပ်စွန့်ခွာသူများ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ရောက်ရှိလာခြင်း မရှိ

**နေပြည်တော် ဩဂုတ် ၂၂**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေး ကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်နှင့် တာဝန်ရှိသူများသည် ဩဂုတ် ၂၁ ရက်တွင် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ရောက်ရှိပြီး နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးကိစ္စရပ်များနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးပွဲကို ကျင်းပရာ အစည်းအဝေးသို့ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေး ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ သဘောတူစာချုပ်ပါအတိုင်း နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် မြန်မာနိုင်ငံဘက်က အဆင်သင့်ဖြစ်အောင် ဆောင်ရွက်ထားခဲ့ပြီးဖြစ်ကြောင်း၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ သဘာဝဘေးစီမံခန့်ခွဲမှုအတွက် လူသားချင်း စာနာကူညီမှုဆိုင်ရာ အာဆီယံညှိနှိုင်းရေးမှူးရုံး (AHA Centre) နှင့် ASEAN ERAT အဖွဲ့တို့မှ တာဝန်ရှိသူများကလည်း ပြန်လည်လက်ခံရေးစခန်းများနှင့် လှဖိုးခေါင်ကြားစခန်း၏ လုပ်ငန်းဆောင်ရွက်မှုအား စွမ်းဆောင်ရည် မြှင့်တင်ခြင်း၊ သတင်းအချက်အလက်များ ဖြန့်ဝေရာတွင် ခိုင်မာအားကောင်းမှု ရှိစေခြင်း၊ အခြေခံဝန်ဆောင်မှုများ ထောက်ပံ့ခြင်း စသည့်ကိစ္စရပ်များ လိုအပ်သလို ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် မြန်မာ - ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ MoU လက်မှတ်ရေးထိုးထားပြီး စာချုပ်ပါအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ရန် အဆင်သင့်ရှိပါကြောင်း၊ ပြန်လည်ဝင်ရောက်လာသူများအား လက်ခံရာတွင် အရေးကြီးသည့်အပိုင်းဖြစ်သည့် မြန်မာနိုင်ငံအတွင်း၌ နေထိုင်ခဲ့ဖူးသူ ဟုတ်/မဟုတ် စိစစ်ပေးနိုင်ရန် မိမိတို့ဝန်ကြီးဌာနမှ တာဝန်ရှိသူများသည် သက်ဆိုင်ရာဌာနအသီးသီးရှိ ဝန်ထမ်းများနှင့်အတူ ပြန်လည်လက်ခံရေးစခန်းများဖြစ်သည့် တောင်ပြိုလက်ဝဲ၊ ငါးခူရ စခန်းများတွင် ရောက်ရှိ၍ တာဝန်ထမ်းဆောင်နေပြီဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ဒုတိယဝန်ကြီး ဦးခင်မောင်တင်နှင့် တာဝန်ရှိသူများက နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးအတွက် စနစ်တကျ ကြိုတင်စီစဉ်ဆောင်ရွက်ထားရှိမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြန်လည်ညှိနှိုင်းဆွေးနွေးကြသည်။

ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးဌာနက မြန်မာနိုင်ငံဘက်မှ အဆိုပြုသော နေရပ်စွန့်ခွာသူများ ပြန်လည်ပို့ဆောင်ရေးကို ယနေ့ (၂၀၁၉ ခုနှစ် ဩဂုတ်လ ၂၂ ရက်နေ့) တွင် ဆောင်ရွက်မည်ဖြစ်ကြောင်း နှစ်နိုင်ငံ ညှိနှိုင်းသဘောတူညီချက် ရရှိခဲ့သဖြင့် ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန်အတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံနှင့် ဌာနဆိုင်ရာ အဆင့်မြင့်အရာရှိများသည် အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ သဘာဝဘေးစီမံခန့်ခွဲမှုအတွက် လူသားချင်းစာနာကူညီမှုဆိုင်ရာ အာဆီယံညှိနှိုင်းရေးမှူးရုံး (AHA Centre) နှင့် ASEAN ERAT အဖွဲ့တို့မှ တာဝန်ရှိသူများနှင့်အတူ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နယ်စပ်ရှိ တောင်ပြိုလက်ဝဲ ပြန်လည်လက်ခံရေးစခန်းမှ အသင့်ပြင်ဆင်စောင့်ဆိုင်းခဲ့ကြသော်လည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ မြန်မာနိုင်ငံဘက်သို့ နေရပ်စွန့်ခွာသူများ ပြန်လည်ဝင်ရောက်လာခြင်း မရှိကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့၏ နှစ်နိုင်ငံ သဘောတူညီချက်အရ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးကိစ္စရပ်များကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၃ ရက်မှ စတင်ကာ အဆင်သင့်အနေထားဖြင့် လိုအပ်သည်များကို ကြိုတင်ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း၊ ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၁၅ ရက်ကလည်း ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူနှင့် ဦးစိုးအောင်၊ ရခိုင်ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးနှင့် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးတို့ ဦးဆောင်သောအဖွဲ့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ မြန်မာနိုင်ငံမှ နေရပ်စွန့်ခွာသူများ ပြန်လည်ပို့ဆောင်မည်ဟု အကြောင်းကြားချက်အရ တောင်ပြိုလက်ဝဲ ပြန်လည်လက်ခံရေးစခန်း၊ ငါးခူရပြန်လည်လက်ခံရေးစခန်းနှင့် လှဖိုးခေါင် ကြားစခန်းများသို့ သွားရောက်ကာ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးကိစ္စရပ်များကို သွားရောက်ဆောင်ရွက်ခဲ့သော်လည်း ပြန်လည်ဝင်ရောက်လာခြင်းမရှိခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**





**မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နယ်စပ်ရှိ တောင်ပြိုလက်ဝဲ ပြန်လည်လက်ခံရေးစခန်း၌ ပြန်လည်ဝင်ရောက်လာမည့် နေရပ်စွန့်ခွာသူများအတွက် အသင့်ပြင်ဆင်စောင့်ဆိုင်းနေမှုကို တွေ့ရစဉ်။** (အပေါ်ပုံ)နှင့် (ယာပုံ) သတင်းစဉ်

# မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) ဆေးပညာဟောပြောပွဲကျင်းပမည်

**ရန်ကုန် ဩဂုတ် ၂၂**

မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို) က ကြီးမှူး၍ နှလုံးရောဂါအကြောင်း ဆေးပညာဟောပြောပွဲကို ဩဂုတ် ၂၄ ရက် နံနက် ၈ နာရီခွဲမှ မွန်းတည့် ၁၂ နာရီအထိ အမှတ် ၂၄၉၊ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင် (အေ) ၌ ကျင်းပမည်ဖြစ်သည်။

ယင်းဟောပြောပွဲတွင် ပါမောက္ခဦးခင်မောင်အေးက သဘာပတိအဖြစ် ဆောင်ရွက်ပြီး ပါမောက္ခနွယ်နွယ်နှင့် ပါမောက္ခမြင့်စိုးဝင်းတို့က "Coronary Artery Disease for Primary Care Physicians" ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူ ဆရာဝန်တိုင်း တက်ရောက်နိုင်ကြောင်း သိရသည်။

**ဗထူး**

# မြန်မာနိုင်ငံအနေနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ရရှိထားတဲ့ သဘောတူညီချက်တွေနဲ့အညီ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်တွေ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး မိတ်ဖက်နိုင်ငံတွေ၊ အာဆီယံအဖွဲ့ကြီးနဲ့ ကုလသမဂ္ဂအေဂျင်စီတွေရဲ့ ကူညီပံ့ပိုးမှုတွေနဲ့ ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားမှာပါ

မြန်မာ- ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ သဘောတူညီချက်အရ နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရေးအတွက် မြန်မာနိုင်ငံဘက်မှ တောင်ပြိုလက်ဝဲ ပြန်လည်လက်ခံရေးစခန်း၊ ငါးခူရပြန်လည်လက်ခံရေးစခန်းနှင့် ယာယီနေထိုင်မည့် လှဖိုးခေါင်ကြားစခန်းတို့တွင် နေရပ်စွန့်ခွာသွားသူများ ပြန်လည်ဝင်ရောက်လာပါက လက်ခံရန်အသင့်အနေအထားပြင်ဆင်ထားရှိလျက်ရှိပြီး တာဝန်ရှိသူများကလည်း လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်အဆင့်ဆင့်တို့အား အသင့်ပြင်ဆင်ထားရှိပြီးဖြစ်သည်။

နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဟန်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည် -

**မေး။ ။ နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ ညှိနှိုင်းပြီး ၂၀၁၉ ခုနှစ် ဩဂုတ်လ ၂၂ ရက်နေ့မှာ စတင်မယ့်ကိစ္စနဲ့ပတ်သက်ပြီး အခြေအနေကို ရှင်းလင်းပြောကြားပေးစေလိုပါတယ်။**

ဖြေ။ ရခိုင်ပြည်နယ်မြောက်ပိုင်းမှာ ၂၀၁၆ ခုနှစ်နဲ့ ၂၀၁၇ ခုနှစ်အတွင်းက ဖြစ်ပွားခဲ့တဲ့ ARSA အကြမ်းဖက်အဖွဲ့ရဲ့ တိုက်ခိုက်မှုဖြစ်စဉ်တွေနောက်ပိုင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက် နေရပ်စွန့်ခွာသွားသူတွေကို စနစ်တကျပြန်လည်လက်ခံရေးဆောင်ရွက်ဖို့ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား သဘောတူညီချက်ကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလအတွင်းက လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။

နှစ်နိုင်ငံအကြားရရှိထားတဲ့ သဘောတူညီချက်များနဲ့အညီ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်တွေ ညှိနှိုင်းအကောင်အထည်ဖော်နိုင်ဖို့အတွက်လည်း ပူးတွဲလုပ်ငန်းအဖွဲ့ (Joint Working Group-JWG) ကိုလည်း ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။

နှစ်နိုင်ငံအကြား ရရှိထားတဲ့ သဘောတူညီချက်အရ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို အမှန်အားဖြင့် ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၂၃ ရက်နေ့ကတည်းကစတင်ဖို့ ဖြစ်ပါတယ်။ မြန်မာဘက်ကလက်ခံဖို့ အဆင်သင့်ပြင်ဆင်ထားရှိပေမယ့်လည်း ဘင်္ဂလားဒေ့ရှ်ဘက်က စေလွှတ်ပေးပို့ခြင်းမရှိတဲ့အတွက် စတင်နိုင်ခြင်းမရှိခဲ့ပါဘူး။ သို့သော်လည်း ၂၀၁၈ ခုနှစ်အောက်တိုဘာလအတွင်း ကျင်းပပြုလုပ်ခဲ့တဲ့ ပူးတွဲလုပ်ငန်းအဖွဲ့ တတိယအကြိမ် အစည်းအဝေးအပြီးမှာ နေရပ်စွန့်ခွာသွားသူတွေကို ပထမအသုတ်အနေနဲ့ ပြန်လည် လက်ခံရေးကို ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့မှာ စတင်ဖို့ နှစ်ဖက်သဘောတူညီမှု ရရှိခဲ့ပါတယ်။ အဲဒီနေ့ရက်မှာ မြန်မာနိုင်ငံဘက်က တာဝန်ရှိသူအသီးသီးဟာ ပြန်လည်လက်ခံရေးဆောင်ရွက်ဖို့ အသင့်စောင့်ဆိုင်းနေခဲ့ပေမယ့်လည်း ဘင်္ဂလားဒေ့ရှ်ဘက်က ပို့ဆောင်ခြင်းမရှိခဲ့တဲ့အတွက် ဒုတိယအကြိမ်မှာလည်း နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး လုပ်ငန်းမစတင်နိုင်ဖြစ်ခဲ့ရပါတယ်။ မြန်မာနိုင်ငံအနေနဲ့ လက်ခံတဲ့ အပိုင်းဖြစ်တဲ့အတွက် တစ်ဖက်နိုင်ငံက ပြန်လည်စေလွှတ်ခြင်းမရှိရင် ပြင်ဆင်စောင့်ဆိုင်းနေရုံပဲ ဆောင်ရွက်နိုင်ပါတယ်။ ဒါပေမယ့် မြန်မာနိုင်ငံဘက်မှာ ပြန်လာမယ့်သူတွေအတွက် အခြေအနေကောင်းဖြစ်အောင် မိတ်ဆွေနိုင်ငံတွေ၊ မိတ်ဖက်နိုင်ငံတွေရဲ့



ဦးစိုးဟန် (ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံရေးရာဦးစီးဌာန)

အကူအညီနဲ့ လိုအပ်တာတွေကို ပြင်ဆင်မှုတွေ ပြုလုပ်ခဲ့ပါတယ်။

နှစ်နိုင်ငံသဘောတူညီချက်အရ ဘင်္ဂလားဒေ့ရှ်ဘက်က မြန်မာဘက်ကို ပေးပို့ထားတဲ့ နေရပ်စွန့်ခွာသွားသူ ၂၂၄၃၂ ဦးရဲ့စာရင်းအနက် ၁၉၆ရခုဦးစိစစ်ခဲ့ပြီး ရခိုင်ပြည်နယ်မှာနေထိုင်ခဲ့ကြောင်း ကျေးရွာအလိုက် စိစစ်တွေ့ရှိရတဲ့ ၃၄၅၀ ရဲ့ စာရင်းကို ယခုနှစ် ဇန်နဝါရီလကတည်းကစပြီး ဘင်္ဂလားဒေ့ရှ်ဘက်ကို ခုနစ်သုတ်ခွဲပေးပို့ခဲ့ပါတယ်။ စိစစ်ထားပြီးဖြစ်တဲ့ ၃၄၅၀ ပြန်လည်လက်ခံရေးကို ဩဂုတ် ၂၂ ရက်နေ့မှာ စတင်နိုင်ဖို့ နှစ်ဖက်ညှိနှိုင်းခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့ ရခိုင်ပြည်နယ်မှာ အမှန်တကယ်နေထိုင်ခဲ့တဲ့သူတွေဖြစ်ကြောင်း စိစစ်အတည်ပြုထားပြီးသူတွေကိုသာ လက်ခံသွားမှာ ဖြစ်ပါတယ်။

ဘင်္ဂလားဒေ့ရှ်ဘက်က နေရပ်စွန့်ခွာသူများ ပြန်လည်စေလွှတ်ရေးလုပ်ငန်းစဉ်ကို ဩဂုတ် ၂၂ ရက်နေ့မှာစတင်ဖို့ လိုအပ်တဲ့လုံခြုံရေးနဲ့ အုပ်ချုပ်မှုလုပ်ငန်းစဉ်တွေကို ဆောင်ရွက်လျက်ရှိကြောင်း ဩဂုတ် ၁၉ ရက်နေ့ကတရားဝင်စာပေးပို့အကြောင်းကြားလာခဲ့ပါတယ်။ အဲဒီလိုစေလွှတ်ရာမှာ လက်ရှိရာသီဥတု အခြေအနေကြောင့် ကုန်းလမ်းဝင်ပေါက်ဖြစ်တဲ့ တောင်ပြိုလက်ဝဲ ပြန်လည်လက်ခံရေးစခန်းမှာ လွှဲပြောင်းပေးသွားမှာဖြစ်ကြောင်းလည်း စာမှာဖော်ပြခဲ့ပါတယ်။ မြန်မာဘက်ကလည်း ပြန်လည်လက်ခံရန် အသင့်ရှိကြောင်း ဘင်္ဂလားဒေ့ရှ်ကို အကြောင်းကြားခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့ ပြန်လည်လက်ခံရေးစခန်းများနဲ့ လှဖိုးခေါင်ယာယီကြားစခန်းတို့မှာရှိတဲ့ ဝန်ကြီးဌာနအသီးသီးက ဝန်ထမ်းတွေကိုလည်း အသင့်အနေအထားမှာရှိနေဖို့ အကြောင်းကြားခဲ့ပါတယ်။ ရခိုင်ပြည်နယ် အစိုးရတာဝန်ရှိသူတွေ အပါအဝင် အာဆီယံ ERAT Team အဖွဲ့တို့ဟာ တောင်ပြိုလက်ဝဲစခန်းမှာ လက်ခံရေးလုပ်ငန်းစဉ်အဆင်ပြေစေဖို့ စောင့်ဆိုင်းခဲ့ကြပါတယ်။ ဒါကာမြို့ မြန်မာသံရုံးက ကိုယ်စားလှယ်တစ်ဦးလည်း ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးဌာနက ကိုယ်စားလှယ်တွေနဲ့အတူ ပြန်လည်ပို့ဆောင်ရေးလုပ်ငန်းစဉ်တွေကို စောင့်ကြည့်ဖို့ ကော့ဇ်ဘဇားမှာရှိတဲ့ စခန်းတွေဆီ သွားရောက်စောင့်ဆိုင်းနေခဲ့ကြပါတယ်။ အခု တွေ့ဆုံမေးမြန်းတဲ့ အချိန်အထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်က ပြန်လည်ပို့ဆောင်ပေးမယ့် အနေအထားမှာမရှိတာကို တွေ့ရပါတယ်။ အဓိကအကြောင်းရင်းကတော့ ARSA အကြမ်းဖက်အဖွဲ့ဝင်တွေအနေနဲ့ နေရပ်စွန့်ခွာသူတွေ မြန်မာနိုင်ငံကို ပြန်မယ်ဆိုရင် သတ်ဖြတ်မယ်ဆိုပြီး ခြိမ်းခြောက်မှုတွေ ပြုလုပ်ခဲ့ကြတဲ့အတွက် နေရပ်စွန့်ခွာသူတွေဟာ သက်ဆိုင်ရာအဖွဲ့အစည်းတွေရဲ့ တွေ့ဆုံမေးမြန်းမှုကိုတောင် မပြုလုပ်ရဲဘဲ နေအိမ်ကနေ ကြောက်လန့်ပြီး ထွက်ပြေးနေကြရတယ်လို့ သတင်းတွေ ကြားသိရပါတယ်။ နောက်ထပ်အကြောင်းရင်း တစ်ခုကတော့ ဘင်္ဂလားဒေ့ရှ်ဘက်က လူစာရင်းတွေ မြန်မာနိုင်ငံဘက်ကို ပေးပို့စဉ်က ကာယကံရှင်တွေရဲ့သဘောဆန္ဒကိုဖော်ပြတဲ့ လက်မှတ်သို့မဟုတ် လက်ဗွေမပါရှိခြင်းဘဲ ဖြစ်ပါတယ်။ နှစ်နိုင်ငံသဘောတူညီချက်မှာပါရှိတဲ့ လုပ်ထုံးလုပ်နည်းအရ မိမိသဘောဆန္ဒအလျောက် ပြန်လည်လာရောက်လိုခြင်း (Voluntary return) ကို ဖော်ပြတဲ့ ကာယကံရှင်တွေရဲ့သဘောဆန္ဒကို စိစစ်မေးမြန်းပြီးမှ ပုံစံတွေ ဖြည့်စွက်ပေးပို့ရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် မိမိဆန္ဒအလျောက် ပြန်လိုခြင်း ရှိ-မရှိ စိစစ်မေးမြန်းတဲ့ လုပ်ငန်းကို ပြန်လည်ပို့ဆောင်မယ့်ရက်မတိုင်မီ တစ်ရက် နှစ်ရက်အလိုကျမှ အချိန်ကပ်ပြီး စတင်ဆောင်ရွက်ခဲ့ခြင်းဟာလည်း ပြန်လည်ပို့ဆောင်ရေးလုပ်ငန်းစဉ် အချိန်မီ မစတင်နိုင်ခြင်းရဲ့ အကြောင်းတစ်ရပ်လည်း ဖြစ်ပါတယ်။

**"မြန်မာနိုင်ငံဟာ ဒီမိုကရေစီစနစ်ကို အသွင်ကူးပြောင်းနေမှုနဲ့အတူ နိုင်ငံတကာ ဆက်ဆံရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးနဲ့ နိုင်ငံရဲ့ ပုံရိပ်မြှင့်တင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာမှာ ဒီကိစ္စဟာ အဟန့်အတား တစ်ခုဖြစ်နေတဲ့အတွက် နေရပ်စွန့်ခွာသွားသူများအရေးကိစ္စ ဖြေရှင်းရေးဟာ အရေးကြီးတဲ့ကိစ္စရပ်ဖြစ်ပါတယ်"**

**"ယခုလက်ရှိ အရေးကိစ္စဖြေရှင်းဖို့အတွက် မြန်မာ - ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား ရရှိထားတဲ့ သဘောတူညီချက်များဟာလည်း ယခင်နှစ်ကြိမ် ပြန်လည်လက်ခံဖို့ ဆောင်ရွက်ခဲ့စဉ်က နှစ်နိုင်ငံအကြားရရှိခဲ့တဲ့ သဘောတူညီချက်ပါအချက်တွေ၊ စံနှုန်းစံထားတွေ၊ လုပ်ငန်းစဉ်တွေအတိုင်းပဲ ညှိနှိုင်းသဘောတူညီထားခြင်း ဖြစ်ပါတယ်"**

**"ကျွန်တော်တို့အနေနဲ့ ရခိုင်ပြည်နယ်မှာ အမှန်တကယ်နေထိုင်ခဲ့တဲ့သူတွေ ဖြစ်ကြောင်း စိစစ်အတည်ပြုထားပြီးသူတွေကိုသာ လက်ခံသွားမှာ ဖြစ်ပါတယ်"**

**"အဓိကအကြောင်းရင်းကတော့ ARSA အကြမ်းဖက်အဖွဲ့ဝင်တွေအနေနဲ့ နေရပ်စွန့်ခွာသူတွေ မြန်မာနိုင်ငံကို ပြန်မယ်ဆိုရင်သတ်ဖြတ်မယ်ဆိုပြီး ခြိမ်းခြောက်မှုတွေ ပြုလုပ်ခဲ့ကြတဲ့အတွက် နေရပ်စွန့်ခွာသူတွေဟာ သက်ဆိုင်ရာအဖွဲ့အစည်းတွေရဲ့ တွေ့ဆုံမေးမြန်းမှုကိုတောင် မပြုလုပ်ရဲဘဲ နေအိမ်ကနေကြောက်လန့်ပြီး ထွက်ပြေးနေကြရတယ်လို့ သတင်းတွေကြားသိရပါတယ်"**

**မေး။ ။ နေရပ်စွန့်ခွာသွားသူတွေကို ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ရဲ့ အရေးပါမှုကိုလည်း ရှင်းလင်းပြောကြားပေးစေလိုပါတယ်။**

ဖြေ။ ။ ၂၀၁၆ ခုနှစ်နဲ့ ၂၀၁၇ ခုနှစ် အတွင်းမှာ ဖြစ်ပွားခဲ့တဲ့ ARSA ရဲ့အကြမ်းဖက်တိုက်ခိုက်မှုတွေနဲ့ နောက်ဆက်တွဲဖြစ်စဉ်တွေကြောင့် ရခိုင်ပြည်နယ်မြောက်ပိုင်းမှာ နေထိုင်သူအချို့ဟာ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ကို နေရပ်စွန့်ခွာမှုတွေဖြစ်ပေါ်ခဲ့ခြင်း ဖြစ်ပါတယ်။ အဲဒီကိစ္စကို ဖြေရှင်းဖို့ မြန်မာ- ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံညှိနှိုင်းဆောင်ရွက်လာတာ ကာလအားဖြင့် (၂) နှစ်ခန့် ကြာမြင့်လာပြီဖြစ်ပါတယ်။ ဒီကိစ္စကို မဖြေရှင်းနိုင်ဘဲ အချိန်ကြာမြင့်လာတာနဲ့အမျှ အကြမ်းဖက်မှုတွေနဲ့ ဆက်နွှယ်လာနိုင်တဲ့အတွက် နိုင်ငံရဲ့ တည်ငြိမ်အေးချမ်းရေးနဲ့ လုံခြုံရေးကို ခြိမ်းခြောက်လာနိုင်တဲ့ အနေအထားမျိုး ရှိလာနိုင်တာကိုလည်း ထည့်သွင်းစဉ်းစားရမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ ဒီမိုကရေစီစနစ်ကို အသွင်ကူးပြောင်းနေမှုနဲ့အတူ နိုင်ငံတကာ ဆက်ဆံရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးနဲ့ နိုင်ငံရဲ့ပုံရိပ်မြှင့်တင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာမှာ ဒီကိစ္စဟာအဟန့်အတားတစ်ခုဖြစ်နေတဲ့အတွက် နေရပ်စွန့်ခွာသွားသူများ အရေးကိစ္စဖြေရှင်းရေးဟာ အရေးကြီးတဲ့ကိစ္စရပ်ဖြစ်ပါတယ်။ ARSA ရဲ့ အကြမ်းဖက်တိုက်ခိုက်မှုက စတင်ဖြစ်ပေါ်ခဲ့တာဆိုပေမယ့် အဖွဲ့အစည်းအချို့ နိုင်ငံအချို့ဟာ မြန်မာနိုင်ငံအပေါ် နိုင်ငံတကာမျက်နှာစာမှာ စွပ်စွဲချက်တွေ အမျိုးမျိုးပြုလုပ်ပြီး အရေးယူမှုတွေပြုလုပ်ဖို့လည်း ကြိုးပမ်းနေကြပါတယ်။ မြန်မာနိုင်ငံမှာ နေထိုင်ခဲ့ကြောင်း အထောက်အထားမှန်ကန်တဲ့သူတွေကို ပြန်လည်လက်ခံခြင်းအားဖြင့် ဒီကိစ္စကိုဖြေရှင်းဖို့ မြန်မာနိုင်ငံအနေနဲ့ နိုင်ငံရေးအရ ဆန္ဒရှိတယ်ဆိုတာကို ပြသရာရောက်သလို နိုင်ငံတကာက စွပ်စွဲသလိုလူမှုအသိုက်အဝန်းတစ်ခုကို ဖယ်ရှားဖို့ ဆောင်ရွက်တာမဟုတ်ကြောင်း သက်သေပြနိုင်မှာလည်း ဖြစ်ပါတယ်။

နောက်တစ်ချက်က ၁၉၇၈- ၁၉၇၉ ခုနှစ်နဲ့ ၁၉၉၂- ၁၉၉၃ ခုနှစ်တွေ တုန်းကလည်း အလားတူ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ကို ရခိုင်ပြည်နယ်က နေရပ်စွန့်ခွာသွားတဲ့ ကိစ္စတွေဖြစ်ပေါ်ခဲ့ဖူးပါတယ်။ အဲဒီအချိန်တုန်းကလည်း နှစ်နိုင်ငံအကြား သဘောတူညီချက်တွေရယူပြီး ညှိနှိုင်းဆောင်ရွက်ကာ အောင်မြင်စွာ ပြန်လည်လက်ခံခဲ့တဲ့ သာဓကတွေရှိခဲ့ပါတယ်။

ယခုလက်ရှိအရေးကိစ္စဖြေရှင်းဖို့အတွက် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား ရရှိထားတဲ့ သဘောတူညီချက်များဟာလည်း ယခင်နှစ်ကြိမ် ပြန်လည်လက်ခံဖို့ ဆောင်ရွက်ခဲ့စဉ်က နှစ်နိုင်ငံအကြားရရှိခဲ့တဲ့ သဘောတူညီချက်ပါအချက်တွေ၊ စံနှုန်းစံထားတွေ၊ လုပ်ငန်းစဉ်တွေအတိုင်းပဲ ညှိနှိုင်းသဘောတူညီထားခြင်း ဖြစ်ပါတယ်။ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်တွေကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်းဖြင့် မြန်မာနိုင်ငံရဲ့ အကျိုးစီးပွားနဲ့ နိုင်ငံ့ပုံရိပ်ကို ပိုမိုမြှင့်တင်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံအနေနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ရရှိထားတဲ့ သဘောတူညီချက်တွေနဲ့အညီ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်တွေ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် မိတ်ဖက်နိုင်ငံတွေ၊ အာဆီယံအဖွဲ့ကြီးနဲ့ ကုလသမဂ္ဂအေဂျင်စီတွေရဲ့ ကူညီပံ့ပိုးမှုတွေနဲ့ ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

(သတင်းအဖွဲ့)

## ဂုတ်တွင်းယာယီဘေလီတံတားတွင် ကုန်- ယာဉ် ၃၆ တန် ဖြတ်သန်းခွင့်ပြုနေ

**ရန်ကုန် ဩဂုတ် ၂၂**

ဆောက်လုပ်ရေးဝန်ကြီးဌာနသည် မိုင်းခွဲခံခဲ့ရသော မန္တလေး- လားရှိုး- မူဆယ်ပြည်ထောင်စုကားလမ်းပေါ်မှ ဂုတ်တွင်းတံတားကို ငါးရက်အတွင်း ယာယီဘေလီတံတား ထိုးပေးခဲ့ပြီး ဩဂုတ် ၂၀ ရက်မှစ၍ အိမ်စီးကားငယ်လေးများကို ဖြတ်သန်းခွင့်ပြုခဲ့ပြီး ယနေ့တွင် ကုန်နှင့်ယာဉ် တန်ချိန် ၃၆ တန် ဘီးတွဲကားများကို တံတားပေါ်မှ ဖြတ်သန်းခွင့်ပြုလိုက်ပြီ ဖြစ်သည်။ **(ယာပုံ)**

ထို့ပြင် ကုန်နှင့် ယာဉ် ၃၆ တန် ကျော်တင်ဆောင်လာသော ကုန်ကားကြီးများကိုလည်း သတ်မှတ်ကုန်အလေးချိန်ဖြစ်အောင် စနစ်တကျကုန်များထည့်ပြီး တင်ဆောင်ပါက ဖြတ်သန်းခွင့်ပြုလျက်ရှိသည်။

ဆက်လက်၍ တံတားအား တံတားအင်ဂျင်နီယာများက တံတားကြံ့ခိုင်မှုလုပ်ငန်းများဖြစ်သည့် သံပေါင်ဒေါက်တိုင်များအားဖြည့်ခြင်း၊ တံတားအောက်ခြေအုတ်မြစ်လုပ်ငန်းများ အမြန်ဆောင်ရွက်ပြီးကုန်နှင့်ယာဉ် ၄၈ တန် ကုန်ကားကြီးများကို ဖြတ်သန်းခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။

ခရမ်းစိုးမြင့်



# အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ၂၀၁၉ ခုနှစ် ဇူလိုင်အတွင်း အလုပ်သမားရေးရာဆိုင်ရာ ဆောင်ရွက်ချက်များ

**နေပြည်တော် ဩဂုတ် ၂၂**

နိုင်ငံတော်၏ကုန်ထုတ်စွမ်းအားတိုးတက်စေရေးကို တစ်ဖက်တစ်လမ်းမှအထောက်အကူပြုရာတွင် စက်ရုံအလုပ်ရုံများ၏ ကုန်ထုတ်စွမ်းအားတိုးတက်ရေးအတွက် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင်အေးချမ်းသာယာရေး၊ စက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများအား လူမှုဖူလုံရေးအကျိုးခံစားခွင့်များရရှိရေးနှင့် ဆေးဝါးကုသပေးခြင်း၊ ဥပဒေပါရပိုင်ခွင့်များကို ပြည့်ပြည့်ဝဝ မှန်မှန်ကန်ကန်ရရှိစေရေးတို့အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိသည်။

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ပုံစံဖြင့် အမျိုးသား ၃၈၂၀၊ အမျိုးသမီး ၅၅၈၇ ဦးတို့အတွက် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် စုစုပေါင်း ၉၄၀၇ ဦး ချုပ်ဆိုခဲ့သည်။ အလုပ်ရှင်/အလုပ်သမားအငြင်းပွားမှုများကို ညှိနှိုင်းဖျန်ဖြေပေးရန်အတွက် မြို့နယ်များတွင် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များကို ဖွဲ့စည်းထားရှိဆောင်ရွက်ခဲ့ရာ ၂၀၁၉ခုနှစ် ဇူလိုင်အတွင်း လက်ခံရရှိမှု ၁၀၄ မှုတွင် ကျေအေးမှု ၂၃ မှု၊ လွှဲပြောင်းမှု ခုနစ်မှု၊ ပိတ်သိမ်းမှု ၁၁ မှုနှင့်ငွေကြေးအကျိုးခံစားခွင့် ၆၃ မှုတို့ဖြစ်ပြီး ငွေကြေးအကျိုးခံစားခွင့်ရှိသူ ၂၅၇ ဦးကိုငွေကျပ် ၁၆၂၁၆၂၉၇၅ ခံစားခွင့်ရရှိစေခဲ့သည်။ ကျွမ်းကျင်လုပ်သားများရရှိစေရန် လေ့ကျင့်ပေးခြင်းနှင့် ကျွမ်းကျင်မှုအဆင့်အလိုက် ကျွမ်းကျင်လုပ်သားများအား ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်၍ အသိအမှတ်ပြုလက်မှတ်များထုတ်ပေးခြင်းများအနေဖြင့် အောက်ပါအတိုင်းဖြစ်သည်-

**ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းများတွင် ၂၀၁၉ ခုနှစ် ဇူလိုင်လအတွင်း ဖွင့်လှစ်ခဲ့သော သင်တန်းများစာရင်း**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ | သင်တန်းသားဦးရေ | | |
|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း |
| ၁။ | လျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်းသင်တန်း (ရန်ကင်း) | ၁၇-၇-၁၉ မှ ၂၀-၈-၁၉အထိ | ၃၂ | - | ၃၂ |
| ၂။ | လေအေးပေးစက်တပ်ဆင်/ ပြုပြင်ခြင်းသင်တန်း(မန္တလေး) | ၂၂-၇-၁၉ မှ ၂၅-၈-၁၉အထိ | ၂၀ | - | ၂၀ |
| ၃။ | လျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်းသင်တန်း (မန္တလေး) | ၁၇-၇-၁၉ မှ ၂၀-၈-၁၉ အထိ | ၃၅ | ၅ | ၄၀ |
| ၄။ | ပြည်ပအလုပ်အကိုင်ဆိုင်ရာ လမ်းညွှန်သင်တန်း(မန္တလေး) | ၁ - ၇ - ၁၉ မှ ၂၇-၇-၁၉ အထိ | ၃၀၅၁ | ၆၇၆ | ၃၇၂၇ |
| ၅။ | ပြည်ပအလုပ်အကိုင်ဆိုင်ရာ လမ်းညွှန်သင်တန်း(မြောက်ဒဂုံ) | ၂၄ - ၆ - ၁၉ မှ ၂၄-၇-၁၉ အထိ | ၄၃၀၃ | ၇၃၈ | ၅၀၄၁ |
| **စုစုပေါင်း** | | | **၇၄၄၄** | **၁၄၂၄** | **၈၈၆၀** |

**၂၀၁၉ ခုနှစ်၊ ဇူလိုင်လအတွင်း ကျွမ်းကျင်လုပ်သားများအား ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ခြင်းဇယား**

| စဉ် | အလုပ်အကိုင်အမည် | အဆင့် | ဖြေဆိုသူ | | | အောင်မြင်သူ | | |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁။ | Small Engine | Level-1 | ၃၉ | - | ၃၉ | ၃၈ | - | ၃၈ |
| ၂။ | Garment | Level-1 | ၁၉ | ၉၉ | ၁၁၈ | ၁၈ | ၉၃ | ၁၁၁ |
| ၃။ | Electrician | Level-1 | ၃၇ | ၃ | ၄၀ | ၃၇ | ၃ | ၄၀ |
| ၄။ | Automotive | Level-1 | ၃၁ | - | ၃၁ | ၂၅ | - | ၂၅ |
| ၅။ | Room Attendant | Level-1 | ၇ | ၃ | ၁၀ | ၇ | ၃ | ၁၀ |
| ၆။ | Brick Layer | Level-1 | ၂၅ | - | ၂၅ | ၂၀ | - | ၂၀ |
| ၇။ | Carpenter | Level-1 | ၁၀ | - | ၁၀ | ၈ | - | ၈ |
| ၈။ | Machinists | Level-1 | ၁၂ | - | ၁၂ | ၉ | - | ၉ |
| ၉။ | MMAW | Level-1 | ၁၅ | - | ၁၅ | ၁၄ | - | ၁၄ |
| ၁၀။ | GMAW | Level-1 | ၅ | - | ၅ | ၅ | - | ၅ |
| ၁၁။ | FCAW | Level-1 | ၁၀ | - | ၁၀ | ၉ | - | ၉ |
| ၁၂။ | Waiting Staff | Level-1 | ၇ | ၁၁ | ၁၈ | ၇ | ၁၀ | ၁၇ |
| ၁၃။ | Tiler | Level-1 | ၁၆ | - | ၁၆ | ၁၂ | - | ၁၂ |
| **စုစုပေါင်း** | | | **၂၃၃** | **၁၁၆** | **၃၄၉** | **၂၁၀** | **၁၀၉** | **၃၁၉** |
| ၁။ | Electrician | Level-2 | ၇၀ | - | ၇၀ | ၇၀ | - | ၇၀ |
| ၂။ | Pneumatic | Level-2 | ၁၈ | ၂ | ၂၀ | ၁၇ | ၁ | ၁၈ |
| **စုစုပေါင်း** | | | **၈၈** | **၂** | **၉၀** | **၈၇** | **၁** | **၈၈** |
| **စုစုပေါင်း (Level-1& Level-2)** | | | **၃၂၁** | **၁၁၈** | **၄၃၉** | **၂၉၇** | **၁၁၀** | **၄၀၇** |

အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနအနေဖြင့် အများပြည်သူအလုပ်ပိတ်ရက် အလုပ်လုပ်ခြင်း၊ လုပ်သက်ခွင့်ကို ငွေကြေးဖြင့် ခံစားခွင့်ပေးခြင်း၊ လုပ်အားခ ကျန်ငွေမရရှိမှုများ၊ ရှောင်တခင်ခွင့်၊ ဆေးခွင့်နှင့် မီးဖွားခွင့်များယူရာတွင် ငွေကြေးခံစားခွင့်များ ရရှိအောင်ဆောင်ရွက်ပေးခဲ့ရာ ငွေကြေးခံစားခွင့် ငွေကျပ်သိန်းပေါင်း ၈၆၀၀ ကျော်ကိုခံစားခွင့်ပေးနိုင်ခဲ့ပြီး စက်ရုံ/အလုပ်ရုံများတွင် အလုပ်သမားများ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအသိပညာရရှိစေရန်အတွက် မြို့နယ်အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ စစ်ဆေးရေးအရာရှိများက စက်ရုံ/ အလုပ်ရုံ ၅၃၂ ရုံမှ အလုပ်ရှင်၊ အလုပ်သမားများအား လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးဆိုင်ရာနှင့် ဥပဒေရေးရာသိမှတ်ဖွယ်ရာများအား ပညာပေးဟောပြောပို့ချမှု ၂၂၅ ကြိမ် ဆောင်ရွက်ခဲ့သည်။

အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနအနေဖြင့် အလုပ်ရှင် အလုပ်သမားအငြင်းပွားမှုများ ဖြေရှင်းဆောင်ရွက်ရာတွင် ခုံသမာဓိအဖွဲ့တွင် ခြောက်မှုနှင့် ခုံသမာဓိကောင်စီတွင် နှစ်မှုကို ဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် လူမှုဖူလုံရေးဥပဒေတွင် အကျုံးဝင်သော စက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများအား လူမှုဖူလုံရေးအကျိုးခံစားခွင့်များရရှိရေးနှင့် ဆေးဝါးကုသပေးခြင်းများ ဆောင်ရွက်ရာတွင် ငွေကြေးအကျိုးခံစားခွင့်များ ထုတ်ပေးမှုအနေဖြင့် အာမခံအလုပ်သမားများအား ငွေကြေးအကျိုးခံစားခွင့်များအလိုက် ငွေကျပ်သိန်းပေါင်း ၁၃၀၀၀ ကျော် အကျိုးခံစားခွင့်ပေးခဲ့ပြီး အာမခံအလုပ်သမား ၁၂၁၂ ဦး အတွက် ဆေးဖိုးကုန်ကျငွေကျပ်သိန်း ၁၁၀၀ ကျော် ပြန်လည်ထုတ်ပေးခဲ့သည်။

အာမခံအလုပ်သမားများအား ၂၀၁၉ ခုနှစ် ဇူလိုင်လအတွင်း အလုပ်သမားဆေးရုံကြီးများ၊ လူမှုဖူလုံရေးဆေးခန်းများနှင့် ဌာနကြီးဆေးခန်းများတွင် ဆေးကုသပေးမှုအခြေအနေများမှာ အောက်ပါအတိုင်းဖြစ်သည်-

**ဆေးဝါးကုသပေးမှုအခြေအနေ**

| စဉ် | အကြောင်းအရာ | ဆေးကုသပေးမှုဦးရေ |
|---|---|---|
| က | အလုပ်သမားဆေးရုံကြီး (၃)ရုံ (ပြင်ပလူနာ ၈၉၉၄ ဦး ၊ အတွင်းလူနာ ၆၇၀ ဦး) | ၉၆၆၄ ဦး |
| ခ | လူမှုဖူလုံရေးဆေးခန်း(၉၆)ခန်း၊ ဌာနကြီးဆေးခန်း (၅၇)ခန်းနှင့် လူမှုဖူလုံရေး-ကဲဝဲလ်ဆေးခန်း(၄)ခန်းနှင့် PPS စနစ်ဖြင့်စာချုပ်ချုပ်ဆိုထားသည့် ဆေးခန်း (၇)ခန်းတို့မှ ဆေးကုသပေးမှု | ၉၈၁၁၇ ဦး |
| ဂ | အလုပ်သမားဆေးရုံကြီး (၃)ရုံမှ ဆရာဝန်များကွင်းဆင်း ဆေးကုသပေးမှု (၄)ကြိမ် | ၆၃၁ ဦး |
| ဃ | လူမှုဖူလုံရေးဆေးခန်းများမှ ဆရာဝန်များ ကွင်းဆင်းဆေးကုသမှု (၇၀)ကြိမ် | ၁၆၇၄ ဦး |

**သတင်းစဉ်**

# တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်) နှင့် ဆာဖာရီဥယျာဉ် ( နေပြည်တော်)တို့တွင် တိရစ္ဆာန်အကောင်ငယ်လေးများ ပေါက်ဖွား

**နေပြည်တော် ဩဂုတ် ၂၂**

တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)၌ပြသထားသော ရေမြင်းပြကွက်တွင် ရေမြင်း (Hippopotamus) အထီးနှစ်ကောင်နှင့် အမသုံးကောင်ရှိသည့် အနက် ဇွန် ၁၅ ရက်တွင် ရေမြင်းအထီး(ရဲလေး)နှင့် ရေမြင်းအမ(ပေါက်ကျော်မ)တို့မှ ရေမြင်းကလေးငယ်တစ်ကောင်၊ မျောက်လွှဲကျော် ပြကွက်တွင် မျောက်လွှဲကျော် (Hoolock Gibbon) မျက်ခုံးဖြူအထီးနှစ်ကောင်နှင့် အမတစ်ကောင် မွေးမြူပြသထားရာ ဇွန် ၂၀ ရက်တွင် မျောက်လွှဲကျော် အထီး(ပိစိ)နှင့် မျောက်လွှဲကျော်အမ(အိတုံ) တို့မှ မျောက်လွှဲကျော်ကလေးငယ် တစ်ကောင်နှင့် ကြယ်လိပ်ပြကွက်တွင် ကြယ်လိပ် (Myanmar Star tortoise) အထီး ၁၁ ကောင်နှင့် အမ ၁၁ ကောင် မွေးမြူပြသထားရာ ဇွန် ၂၂ ရက်တွင် ကြယ်လိပ်အထီး(ငခဲ)နှင့်ကြယ်လိပ်အမ(အငယ်မ) တို့မှ ကြယ်လိပ်ပေါက်ငယ်ကိုးကောင် ပေါက်ဖွားခဲ့သည်။**(အောက်ပုံ)**

ထို့ပြင် ဆာဖာရီဥယျာဉ် (နေပြည်တော်) မြင်းကျားပြကွက်တွင် ပြသထားသော မြင်းကျား (Plain Zebra)အထီး နှစ်ကောင်နှင့် အမငါးကောင်ရှိသည့်အနက် ဇူလိုင် ၅ ရက်တွင် မြင်းကျားအထီး (ကျော်ကြီး)နှင့် မြင်းကျားအမ (ရတီ) တို့မှ မြင်းကျားအမတစ်ကောင်ပေါက်ဖွားခဲ့ပြီး မိခင်ရော ကလေးပါကျန်းမာလျက်ရှိကြောင်း သိရသည်။

တိရစ္ဆာန်များအနက် မျောက်လွှဲကျော်နှင့် ကြယ်လိပ်တို့၏ ထိန်းသိမ်းမှုအဆင့် သတ်မှတ်ချက်ကို အပြည်ပြည်ဆိုင်ရာသဘာဝနှင့် သဘာဝသယံဇာတများ ထိန်းသိမ်းရေးအဖွဲ့ (IUCN)မှ မျိုးသုဉ်းရန်အန္တရာယ်ရှိသော မျိုးစိတ်အဖြစ် သတ်မှတ်ထားပြီး မျောက်လွှဲကျော်သည် မျိုးဆက်ပျက်သုဉ်းလုဆဲဖြစ်သည့်အတွက် တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များနိုင်ငံတကာ ကုန်သွယ်မှုဆိုင်ရာ ကွန်ဗင်းရှင်း (CITES)၏ နောက်ဆက်တွဲစာရင်း(၁)နှင့် ကြယ်လိပ်သည် CITES ၏ နောက်ဆက်တွဲစာရင်း(၂) အနေဖြင့် ထိန်းသိမ်းထားရှိကြောင်း သိရသည်။

မျောက်လွှဲကျော်သည် နို့တိုက်သတ္တဝါဖြစ်ပြီး မြန်မာနိုင်ငံ မြောက်ပိုင်း အမြဲစိမ်းသစ်တောများ၊ ရခိုင်ရိုးမသစ်တောများနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းသစ်တောများတွင် လည်းကောင်း၊ ကြယ်လိပ်များသည် တွားသွားသတ္တဝါဖြစ်ကာ မြန်မာနိုင်ငံ၌သာ တွေ့ရှိရသော ဒေသမျိုးရင်းမျိုးစိတ်ဖြစ်ပြီး မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသတွင်လည်းကောင်း၊ ရေမြင်းများသည် နို့တိုက်သတ္တဝါဖြစ်ပြီး အာဖရိကတိုက်ရှိ မြစ်များနှင့် ရေအိုင်များတွင် လည်းကောင်း၊ မြင်းကျားကို အာဖရိကအရှေ့ပိုင်းရှိ မြက်ခင်းလွင်ပြင်ဒေသများတွင် တွေ့ရှိရကြောင်း သိရသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနမှ တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)နှင့် ဆာဖာရီဥယျာဉ်(နေပြည်တော်)တို့တွင် အများပြည်သူစိတ်ဝင်စားမှုအများဆုံးဖြစ်သည့် ရှားပါးတိရစ္ဆာန်များပြသခြင်း၊ သစ်ပင်ပန်းမန်များဖြင့် အနားယူအပန်းဖြေနိုင်ခြင်းနှင့် ဗဟုသုတရရှိစေခြင်းတို့ကို အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်လူမော်**





# ၂၀၁၉ ခုနှစ် ကမ္ဘာ့ရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့များ၏ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ကိုယ်စားပြုအသင်းဝင်ရောက်ယှဉ်ပြိုင်

**နေပြည်တော် ဩဂုတ် ၂၂**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချန်ဒူးမြို့တွင် ၂၀၁၉ ခုနှစ် ဩဂုတ် ၈ ရက်မှ ၁၈ ရက်အထိ ပြုလုပ်သည့် ၂၀၁၉ ခုနှစ် (၁၈)ကြိမ်မြောက် ကမ္ဘာ့ရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့များ၏ အားကစားပြိုင်ပွဲ (World Police and Fire Game) သို့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ကိုယ်စားပြု အားကစားအသင်းကို မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ရဲမှူးချုပ် ဝင်းထွန်း ဦးဆောင်သော မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်အားကစားသမား ၁၅ ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

အဆိုပါပြိုင်ပွဲသို့ ကမ္ဘာ့နိုင်ငံပေါင်း ၇၉ နိုင်ငံမှ အားကစားသမား ၈၀၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ရွှေတံဆိပ်လေးခု၊ ငွေတံဆိပ်လေးခုနှင့် ကြေးတံဆိပ်သုံးခု ဆွတ်ခူးရရှိခဲ့ကြောင်း၊ ရွှေတံဆိပ် လေးခုကို ဒုရဲအုပ် ရန်နိုင်စိုးက ဂျူဒိုပြိုင်ပွဲ ၁၀၀ ကီလိုတန်းတွင် လည်းကောင်း၊ ရဲတပ်ကြပ် ဆွေလီမြင့်(အမျိုးသမီး)က အပြေးမီတာ ၁၅၀၀ ပြိုင်ပွဲတွင်လည်းကောင်း၊ ရဲတပ်သား ဇော်လင်းထက်က တိုက်ကွမ်ဒို ဖလိုင်းဝိတ်တန်းပြိုင်ပွဲတွင် လည်းကောင်း၊ ရဲတပ်သား ကျော်မင်းနိုင်က တိုက်ကွမ်ဒို ကီလိုဝယ်သာတန်းပြိုင်ပွဲတွင် လည်းကောင်း၊ ငွေတံဆိပ်လေးခုကို ရဲတပ်ကြပ် ဆွေလီမြင့် (အမျိုးသမီး)က အပြေးမီတာ ၈၀၀ ပြိုင်ပွဲတွင် လည်းကောင်း၊ ဒုရဲအုပ် အေးအေးသန်း (အမျိုးသမီး)က အပြေးမီတာ ၅၀၀၀ ပြိုင်ပွဲနှင့် မီတာ ၁၀၀၀၀ ပြိုင်ပွဲတို့တွင် လည်းကောင်း၊ ရဲတပ်သား ရဲထက်အောင်က ကြိုးတပ်သံလုံးပစ်ပြိုင်ပွဲတွင် လည်းကောင်း အသီးသီးဆွတ်ခူးရရှိကာ ကြေးတံဆိပ်သုံးခုကို ဒုရဲမှူးဝင်းနိုင်က ဂေါက်သီးရိုက်ပြိုင်ပွဲတွင် လည်းကောင်း၊ ရဲတပ်သားစောပြည့်စုံနေက မီတာ ၃၀၀၀ အတားဆီးကျော် အပြေးပြိုင်ပွဲတွင် လည်းကောင်း၊ ရဲတပ်သား စိုးရွှေဇင်ထွန်း (အမျိုးသမီး)က တိုက်ကွမ်ဒို ကီလိုဖလိုင်းဝိတ်တန်းပြိုင်ပွဲတွင် လည်းကောင်း အသီးသီးဆုများ ဆွတ်ခူးရရှိခဲ့ပြီး အားကစားကဏ္ဍတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အနေဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **ရဲပြန်ကြား**



မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြုအသင်းနှင့် တာဝန်ရှိသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# ကမ္ဘာ့ရိုးရာ နဂါးလှေချန်ပီယံရှစ်ပြိုင်ပွဲ မြန်မာကြေးတစ်ခု ထပ်မံရရှိ

**ရန်ကုန် ဩဂုတ် ၂၂**

(၁၄) ကြိမ်မြောက် ကမ္ဘာ့ရိုးရာနဂါးလှေချန်ပီယံရှစ်ပြိုင်ပွဲကို ယနေ့နံနက်က ထိုင်းနိုင်ငံ ပတ္တရားမြို့၌ ဆက်လက်ကျင်းရာ မြန်မာအသင်း ကြေးတစ်ခု ထပ်မံဆွတ်ခူးရရှိကြောင်း သိရသည်။

မြန်မာအသင်းသည် အမျိုးသား+အမျိုးသမီး(၂၂)လှော် Standard Boat မီတာ ၁၀၀၀ တွင် အင်ဒိုနီးရှား အမေရိကန်၊ ကနေဒါ၊ တရုတ်၊ ထိုင်း အသင်းများနှင့် ဗိုလ်လုပွဲ ကစားခဲ့ရခြင်းဖြစ်ပြီး ဝ၃ မိနစ်၅၈ ဒသမ ၆၀၈ စက္ကန့်ဖြင့် တတိယ၊ အင်ဒိုနီးရှားအသင်းက ဝ၃ မိနစ် ၅၅ ဒသမ ၄၈၅ စက္ကန့်ဖြင့် ပထမ၊ အမေရိကန်အသင်းက ဝ၃ မိနစ် ၅၆ ဒသမ ၇ဝ၄ စက္ကန့်ဖြင့် ဒုတိယရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာအသင်းသည် ဒုတိယနေ့ ကျင်းပသောပွဲစဉ်များ၌ ပြိုင်ပွဲတစ်ပွဲကိုသာ ပါဝင်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ပြီး ပြိုင်ပွဲနှစ်ရက်အပြီးတွင် ခြောက်ပွဲ၌ ရွှေနှစ်ခု၊ ငွေတစ်ခု၊ ကြေးနှစ်ခု ရရှိထားသည်။ မြန်မာ လက်ရွေးစင်လှေလှော်အသင်းသည် ဩဂုတ်၂၃ ရက်မှ၂၅ ရက်အထိ ပြုလုပ်မည့် ပွဲစဉ်၁၂ပွဲတွင် ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ **အာကာစိုး**

# တိုင်းဒေသကြီးနှင့် ပြည်နယ်လက်ဝှေ့ပြိုင်ပွဲအတွက် လူရွေးပွဲ မင်းတပ်မြို့၌ ကျင်းပ

**မင်းတပ် ဩဂုတ် ၂၂**

၂၀၁၉ ခုနှစ် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနက ဦးစီးကျင်းပသော တိုင်းဒေသကြီးနှင့် ပြည်နယ် လက်ဝှေ့ပြိုင်ပွဲအတွက် လူရွေးပြိုင်ပွဲကို ယမန်နေ့က မင်းတပ်မြို့ အနောက်ရပ်ကွက် မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသည်။

အဆိုပါ လူရွေးပြိုင်ပွဲတွင် တွဲဆိုင်းခုနစ်ဆိုင်းယှဉ်ပြိုင်ကြရာ ၂၅ ကီလိုတန်းတွင် မောင်ထန်ကပ်မွန်(မကွေး)နှင့် မောင်ထန်းနိုင်း(ချင်း)တို့ ယှဉ်ပြိုင်ရာ မောင်ထန်းနိုင်း(ချင်း)က လည်းကောင်း၊ ၄၆ ကီလိုတန်းတွင် မောင်ရိုကိမ်စိန် (မကွေး)နှင့် မောင်အွမ်မာန်(ချင်း)တို့ ယှဉ်ပြိုင်ရာ မောင်အွမ်မာန်(ချင်း) က လည်းကောင်း၊ ၄၈ ကီလိုတန်းတွင် မောင်ဇမ်လျန်းရှမ်(မကွေး)နှင့်မောင်ထင်ကျော်စံ(ချင်း)တို့ယှဉ်ပြိုင်ရာ မောင်ထင်ကျော်စံ(ချင်း)က လည်းကောင်း၊ ၄၉ ကီလိုတန်းတွင် မောင်ငိုင်းလိန်း(မကွေး) နှင့် မောင်ယောဟန်(ချင်း)တို့ယှဉ်ပြိုင်ရာ မောင်ငိုင်းလိန်း(မကွေး)က လည်းကောင်း၊ ၅၂ ကီလိုတန်းတွင် မောင်ပီတာရှယ်ထန်း(မကွေး)နှင့် မောင်လိန်းအွမ် (ချင်း)တို့ ယှဉ်ပြိုင်ရာ မောင်လိန်းအွမ် (ချင်း)က လည်းကောင်း၊ ၅၄ ကီလိုတန်းတွင် မောင်တမ်ဟာ(မကွေး) နှင့် မောင်ဟာထန်း(ချင်း)တို့ ယှဉ်ပြိုင်ရာ မောင်ဟာထန်း(ချင်း)က လည်းကောင်း၊ ၆၀ ကီလိုတန်းတွင် မောင်ဆွင်းလမ်မုန် (မကွေး)နှင့် မောင်လိန်းအွမ်(ချင်း) တို့ယှဉ်ပြိုင်ရာ မောင်လိန်းအွမ်(ချင်း) က လည်းကောင်း အနိုင်ရရှိကြကြောင်း သိရသည်။

အသက်(၂၅) နှစ်အောက် လူငယ်များကို ကီလိုတန်းအလိုက် ယှဉ်ပြိုင်စေကာ ပြိုင်ပွဲကို အမှတ်ပေးစနစ်ဖြင့် ကျင်းပပေးကြောင်း၊ ပြိုင်ပွဲတွင် အနိုင်ရသူများနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆုတို့ကိုလည်း တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **ခီရှိန်း(ပြန်/ဆက်)**



လူရွေးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ကစားသမားများ ယှဉ်ပြိုင်စဉ်။





# နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

**အက်စ်တွန်ဗီလာနှင့် အဲဗာတန် ယနေ့ည ယှဉ်ပြိုင်ကစားမည်**

ပရီမီယာလိဂ်ပွဲစဉ် (၃)အဖြစ် သောကြာနေ့ **(ယနေ့)** နံနက် ၁ နာရီခွဲတွင် အက်စ်တွန်ဗီလာနှင့် အဲဗာတန်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ အက်စ်တွန်ဗီလာအသင်းသည် ပရီမီယာလိဂ် နှစ်ပွဲကစားထားရာ နှစ်ပွဲစလုံး ရှုံးနိမ့်ထားသည်။ အဲဗာတန်အသင်းက ပရီမီယာလိဂ် နှစ်ပွဲကစားထားရာ တစ်ပွဲသရေ၊ တစ်ပွဲအနိုင်ရရှိထားသည်။ နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု နောက်ဆုံးခြောက်ကြိမ်တွင် အဲဗာတန်အသင်းက ငါးကြိမ်အထိ အနိုင်ရရှိထားပြီး အက်စ်တွန်ဗီလာအသင်းက တစ်ကြိမ်သာ အနိုင်ရရှိထားသည်။

**နေမာအတွက် ပထမဆုံးအကြိမ် ကမ်းလှမ်းမှုကို ပီအက်စ်ဂျီ ပယ်ချ**

ဘာစီလိုနာအသင်းသည် ဘရာဇီးတိုက်စစ်ကစားသမား နေမာ (၂၇ နှစ်) အားပေါင် ၁၃၇ သန်း ဝယ်ယူခွင့်နှင့်အတူ ပထမဆုံးအကြိမ် အငှားကမ်းလှမ်းမှုတစ်ရပ်အား ပီအက်စ်ဂျီအသင်းက ပယ်ချလိုက်ကြောင်း မာကာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ပီအက်စ်ဂျီအသင်းက အဆိုပါကစားသမားအတွက် ပြောင်းရွှေ့ကြေး ပေါင် ၂၂၉ သန်း အလိုရှိနေကြောင်းလည်း ဖော်ပြထားသည်။

**ဟားဗက်ဇ်ကို ခေါ်ယူလိုနေသည့် ပရီမီယာလိဂ်အသင်းများ**

လီဗာပူး၊ မန်စီးတီး၊ မန်ယူ၊ အာဆင်နယ်နှင့် ချယ်လ်ဆီးအသင်းတို့သည် ပြောင်းရွှေ့ကြေး ပေါင် ၉၁ သန်း သတ်မှတ်ထားသော လေဗာကူဆင်အသင်းမှ ဂျာမနီတိုက်စစ်ကစားသမား ဟားဗက်ဇ် (၂၀ နှစ်) ကို ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း ဂျာမန်အခြေစိုက်သတင်းအရင်းအမြစ်တစ်ခုတွင် ဖော်ပြထားသည်။

**ဝမ်ယာမာကို ရောင်းချရန် ဆွေးနွေးလျက်ရှိ**

တော့တင်ဟမ်အသင်းသည် ကင်ညာကွင်းလယ်ကစားသမား ဗစ်တာ ဝမ်ယာမာ (၂၈ နှစ်) ကို ကလပ် ဘရုဂ်အသင်းသို့ ပေါင် ၁၁ သန်းဖြင့် ရောင်းချရန် ဆွေးနွေးမှုများပြုလုပ်လျက်ရှိကြောင်း တယ်လီဂရပ်တွင် ဖော်ပြထားသည်။

**ချယ်လ်ဆီးအသင်းတွင် ဘတ်ရှူအာရီ ဆက်လက်နေလို**

ဘယ်လ်ဂျီယံတိုက်စစ်ကစားသမား ဘတ်ရှူအာရီ (၂၅ နှစ်) သည် ချယ်လ်ဆီးအသင်းတွင် ဆက်လက်နေလိုပြီး ၎င်း၏ နေရာအတွက် ကြိုးစားသွားမည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**ဘန်တီကီနှင့် တွန်ကင်တို့ကို သက်တမ်းတိုးဖွယ်ရှိနေသည့် ပဲလေ့စ်**

ခရစ္စတဲလ်ပဲလေ့စ်အသင်းသည် ဘယ်လ်ဂျီယံတိုက်စစ်ကစားသမား ဘန်တီကီ (၂၈ နှစ်) နှင့် အင်္ဂလန်ဗဟိုခံစစ်ကစားသမား ဂျိမ်းစ် တွန်ကင် (၃၀ နှစ်) တို့ကို သက်တမ်းတိုးဖွယ်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**အောင်ဇော်**

❇ *ကျော်ဖုံးမှ*

သက်ထားသူဇာသည် ၂၀၁၈ ခုနှစ် နှစ်ကုန်ပိုင်းမှစ၍ နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုများ ဆက်တိုက်ရရှိလာသောကြောင့် ကြက်တောင်အားကစားနည်းအပေါ် မြန်မာပရိသတ်များ၏ စိတ်ဝင်စားမှုမြင့်တက်လာပြီး ယခုပြိုင်ပွဲတွင်လည်း သက်ထားသူဇာအပါအဝင် မြန်မာကြက်တောင်အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သောကြောင့် ပရိသတ်အားပေးမှုများပြားဖွယ်ရှိနေသည်။ သက်ထားသူဇာသည် လက်ရှိတွင် ဒိန်းမတ်နိုင်ငံ၌ လေ့ကျင့်မှုပြုလုပ်နေပြီး စက်တင်ဘာလ ပထမပတ်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကာ ယင်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်သည် International Series ကြက်တောင်ရိုက်ပြိုင်ပွဲကို ကမ္ဘာ့နိုင်ငံအနှံ့အပြားတွင် ကျင်းပလျက်ရှိပြီး ယခုနှစ်အတွက် မြန်မာနိုင်ငံတွင် ပထမဆုံးကျင်းပခြင်းဖြစ်သည်။

**ညီမြတ်သော်တာ**

**မလေးရှားနိုင်ငံ ဝန်ကြီးချုပ်ဖလားဖိတ်ခေါ် တိုက်ကွမ်ဒိုပြိုင်ပွဲတွင် ရွှေ၊ ငွေ ဆုတံဆိပ်များရရှိခဲ့သည့် သန်လျင် တိုက်ကွမ်ဒိုကလပ်မှ အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်နိုင်ရန် ဩဂုတ် ၂၂ ရက်က အလှူရှင် ဦးစိုးကြည်က ငွေကျပ် ၁၀ သိန်းကို မြို့နယ်တိုက်ကွမ်ဒို ကလပ်နာယက ဦးတင်ဝင်းနှင့် တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းစဉ်။** သန်းဝင်း(သန်လျင်)



## မြန်မာ့ရုပ်မြင်သံကြား

၂၃-၈-၂၀၁၉ (သောကြာနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၆း၄၀ - "ကောင်းကင်မှာထွန်းတောက်နေတဲ့သာသနာ့အာဇာနည် တိပိဋကပါဠိပါရဂူရွှေရတု တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ၏ ထေရုပတ္တိ" (ဒုတိယပိုင်း)
- ၇း၀၀ - Breakfast News
- ၇း၃၅ - MRTV Travelogue
- ၉း၁၅ - နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဇေ သာယာကုန်းပြဿဒ်ကျောင်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ထံမှ နဝင်္ဂဥပေါ်သထသီလခံယူဆောက်တည်ခြင်း
- ၉း၄၅ - Soccer View
- ၁၁း၃၅ - အလုပ်သမားရေးရာအစီအစဉ်
- ၁၂း၃၅ - မြန်မာဇာတ်လမ်းတွဲ "ရင်တွင်းရေးပြဿနာ"(အပိုင်း-၁၂)
- ၁၃း၄၀ - မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင်

**ညပိုင်း**

- ၁၆း၂၀ - လူကူးမျဉ်းကျားရောက်လျှင် ရပ်ပေးပါ၊ အရှိန်လျှော့မောင်းပါ
- ၁၆း၃၅ - Weekly MNL Review
- ၁၇း၀၅ - ကျန်းမာရေးမဂ္ဂဇင်း "ဆင်တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာ"
- ၁၇း၅၅ - သဘာဝဘေးအန္တရာယ် ကြိုတင်သတိရှိကြပါစို့ (လျှပ်စီးအန္တရာယ်)
- ၁၈း၂၀ - BBC Click
- ၁၈း၃၀ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "အထက်တန်းစား" + "ဂျင်ပါတီ"
- ၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀း၃၀ - ရေကြီးဖြစ်ပေါ်နေချိန်တွင် ရှောင်ရှားသင့်သည့်အချက်များ
- ၂၀း၃၅ - "လူမှုဖူလုံရေးအကျိုးခံစားခွင့်များနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များဆိုင်ရာ စကားဝိုင်း"(တတိယပိုင်း)
- - "တစ်ပါးသီလ"

# ဂုတ်တွင်းတံတားပြန်လည်ဖွင့်လှစ်ပေးနိုင်သဖြင့် မန္တလေးကုန်စည်ဒိုင်တွင် အရောင်းအဝယ်များ ပြန်လည်သွက်လက်စည်ကားလာ

**မန္တလေး ဩဂုတ် ၂၂**

တရုတ်နိုင်ငံသို့ အဓိကကုန်စည်စီးဆင်းရာ မန္တလေး- မူဆယ် ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ ဂုတ်တွင်းတံတားအား ဩဂုတ် ၂၀ ရက်က ပြန်လည်ဖွင့်လှစ်၍ ကားများ ဖြတ်သန်းခွင့်ပြုလိုက်သဖြင့် ငါးရက်ကြာ အေးစက်ငြိမ်သက်နေသည့် မန္တလေးကုန်စည်ဒိုင်မှာ ပြန်လည်အသက်ဝင်လှုပ်ရှားကာ အရောင်းအဝယ်များ သွက်လက်စည်ကားလာကြောင်း မန္တလေး ပဲဈေးကွက်မှ သိရသည်။

အဆိုပါ ဂုတ်တွင်းတံတားမှာ ဩဂုတ် ၁၅ ရက်က မိုင်းခွဲခံခဲ့ရသည့်အတွက် လမ်းပန်းဆက်သွယ်ရေးပြတ်တောက်မှုမရှိစေရန် ဘေလီ တံတားဖြင့် အစားထိုးကာ ငါးရက်အတွင်း အပြီးတည်ဆောက်၍ ဩဂုတ် ၂၀ ရက် မွန်းလွဲပိုင်းက ကားများ စတင်ဖြတ်သန်းခွင့်ပြုခဲ့ကြောင်း သိရသည်။

"ဂုတ်တွင်းတံတားပေါ်က ကားတွေဖြတ်သန်းခွင့်ပြုလိုက်တဲ့အတွက် ငါးရက်လောက် အရောင်းအဝယ်တွေထိုင်းသွားတဲ့ မန္တလေးကုန်စည်ဒိုင်က ဩဂုတ် ၂၀ ရက်ကစပြီး သက်ဝင်လှုပ်ရှားလာလိုက်တာ ဒီနေ့မှာတော့ ရောင်းသူဝယ်သူ အစုံအလင်နဲ့ ပြန်လည်စည်ကားနေပါပြီ။ နယ်က ကုန်ကားတွေလည်း ပုံမှန်ပဲဝင်ရောက်နေပါတယ်။ ဈေးနှုန်းတွေကတော့ အတက်အကျမရှိပေမယ့် တရုတ်နိုင်ငံကို အဓိကတင်ပို့နေတဲ့ ပဲအမျိုးအစားတွေကတော့ အရောင်းအဝယ် ပိုဖြစ်နေကြတယ်။ ဒီလိုလမ်းခရီးအခက်အခဲတွေကြောင့် ကုန်စည်စီးဆင်းမှု ရပ်တန့်သွားတဲ့အခါ ကုန်သည်တွေနဲ့ တောင်သူတွေမှာ မသိသာပေမယ့် ကုန်တင်ကုန်ချ အလုပ်သမားတွေအဖို့ စားဝတ်နေရေးက သိသိသာသာကို ခက်ခဲသွားနိုင်တာပေါ့" ဟု မန္တလေးမြို့မှ ဦးစိုးဝင်းမြင့်(စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။



မန္တလေးကုန်စည်ဒိုင်၌ ရောင်းဝယ်သူများဖြင့် စည်ကားလျက်ရှိစဉ်။

လက်ရှိ မန္တလေးပဲဈေးကွက်တွင် တရုတ်နိုင်ငံသို့ အဓိကတင်ပို့သည့် ပဲအမျိုးအစားများမှာ ဩဂုတ် ၂၂ ရက် ပေါက်ဈေးအရ သုံးတင်းဝင်တစ်အိတ်လျှင် ပဲတီစိမ်းဈေးနှုန်းမှာ ငွေကျပ် တစ်သိန်းနှုန်း၊ ပဲကြီးမှာ ငွေကျပ် ၁၀၅၀၀၀ နှုန်း၊ ပဲယဉ်းမှာ ငွေကျပ် ၇၈၀၀၀ နှုန်း၊ ထောပတ်ပဲမှာ ငွေကျပ် ၁၀၂၀၀၀ နှုန်း၊ ပဲဇီးကွက်မှာ ငွေကျပ် ၅၇၀၀၀ နှုန်း၊ နှမ်းနက်မှာ ငွေကျပ် ၂၆၀၀၀၀ နှုန်း၊ ဂျပန်နှမ်းဖြူမှာ ငွေကျပ် ၁၆၅၀၀၀ နှုန်းနှင့် မြေပဲလုံးဆန်မှာ တစ်ပိဿာလျှင်ငွေကျပ် ၄၁၀၀ နှုန်းများဖြင့် အရောင်းအဝယ်သွက်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## စလင်းမြို့နယ်တွင် မိုးသည်းထန်စွာရွာမှုကြောင့် ကားလမ်းမပေါ် ချောင်းရေလျှံတက်

**စလင်း ဩဂုတ် ၂၂**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်တွင် ယနေ့နံနက်ပိုင်းက မိုးသည်းထန်စွာရွာမှုကြောင့် ဆင်ဖြူကျွန်းမြို့အနောက်ဘက် ချောင်းဖြူကျေးရွာအုပ်စု ချောင်းဖြူကျေးရွာရှိ ဆုတ်လေဦးဘုရားအနီး ကားလမ်းမပေါ်နှင့် ရှင်ပင် ဖောင်တော်ဦးဘုရားအနီး မင်းဘူး-စလင်း-ဆင်ဖြူကျွန်း-တညောင်ကားလမ်းမပေါ် မိုင်တိုင်အမှတ် ၄၆ မိုင် ၆ ဖာလုံနှင့် ၇ ဖာလုံကြား ဖောင်တော်ဦးချောင်း ရေကျော်တွင် ကားလမ်းမပေါ်သို့ ချောင်းရေလျှံတက်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်နေရာများသို့ ဆင်ဖြူကျွန်းနယ်မြေရဲစခန်းမှ ဒုတိယရဲအုပ် ကျော်မျိုးဇော်ဦးစီးသောရဲတပ်ဖွဲ့ဝင်များနှင့် ဆင်ဖြူကျွန်းမီးသတ်စခန်းမှ ဒုတိယဦးစီးမှူး ဦးသိန်းဇော်ဦးစီးသောတပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့သည် ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဆက်သွယ်သတင်းပေးချက်အရ ခရီးသွားပြည်သူများ ဘေးအန္တရာယ်မဖြစ်ပေါ်စေရေး ခရီးသွားလာရေး အဆင်ပြေစေရန် ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**စိုးမိုးသူ( စလင်း)**





## တွံတေးတူးမြောင်း ကမ်းထိန်းနံရံ ပြိုကျ

**တွံတေး ဩဂုတ် ၂၂**

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် တွံတေးမြို့နယ် တွံတေးဝကျေးရွာအုပ်စု တွံတေးတူးမြောင်း ကမ်းထိန်းနံရံရေတိုက်စားမှုကြောင့် ဩဂုတ် ၂၂ ရက် နံနက် ၂ နာရီခန့်က ကမ်းပါးပြိုကျခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

အဆိုပါကမ်းထိန်းနံရံသည် ၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့ပြီး အလျားပေ ၁၀၀၀ ခန့်ရှိသော ကမ်းထိန်းနံရံမှာ အလျားပေ ၁၅၀ × အနံပေ ၃၀ ခန့် ပြိုကျမှုဖြစ်ပွားခဲ့ကြောင်း၊ ယင်းကမ်းထိန်းနံရံပြိုကျမှုကြောင့် လူနှင့် တိရစ္ဆာန်ထိခိုက်သေဆုံးမှုမရှိကြောင်း သိရသည်။ကမ်းပါးပြိုကျသည့်နေရာအား တွံတေးဝကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့က ရေကင်းစောင့်ကြည့်လျက်ရှိပြီး မြို့နယ်ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ကာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာနေသူများက သဲအိတ်ဖို့ခြင်းနှင့် ဝါးတုတ်ရိုက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးလှိုင် (တွံတေး)**

## ပုလဲမြို့နယ်၊ ကောလင်းမြို့နယ်နှင့် ပန်းတောင်းမြို့နယ်တို့၌ တရားမဝင်သစ် ၁၈ တန်ကျော် သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၂၂**

သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို သစ်တောဝန်ထမ်းများ၊ မြန်မာနိုင်ငံသတင်းရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဩဂုတ် ၂၀ ရက်မှ ၂၁ ရက်အထိ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာ/ယင်းမာပင်ခရိုင် ပုလဲမြို့နယ် ပိတောက်ကုန်း ကျေးရွာလမ်းခွဲအနီး၌ ခြောက်ဘီးယာဉ်ပေါ်မှ ပျဉ်းကတိုးနှင့် သစ်ယာခွဲသား ၄ ဒသမ ၁၂၁၂ တန်ကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်းမြို့နယ် ခေါ်တောကျေးရွာ၏အရှေ့ဘက် ကောလင်း-ဥက္ကံသွား လမ်းဘေး၌ ခြောက်ဘီးယာဉ်တစ်စီးပေါ်မှ တမလန်းခွဲသား ၅ ဒသမ ၁၂၆၄ တန်ကိုလည်းကောင်း သိမ်းဆည်းရမိသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် သူရဲတန်းကြိုးဝိုင်းနှင့် ကျောက်ဖူးကြိုးဝိုင်းတို့အတွင်းမှ ပျဉ်းကတိုး၊ ဂွေး၊ မျောက်ငို၊ ဇင်ပြွန်း၊ ထောက်ကြန့်၊ ဘင်္ဂခွဲသား စုစုပေါင်း ၇ ဒသမ ၂၈၃၄ တန်ကိုလည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

**ထိရောက်စွာအရေးယူနိုင်ရေး**

ထို့ပြင် မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် ဆွဲလဲ-ကျင်းသွား ရွာချင်းဆက်လမ်း အထက်ကျော်ကျေးရွာ၏ မြောက်ဘက်နေရာ၌ ပင်ထောင်ချောင်းအတွင်း ခြောက်ဘီးယာဉ်ပေါ်မှ ပိတောက်ခွဲသား ၁ ဒသမ ၉၈၀၆ တန်ကို ယာဉ်နှင့်အတူ ပိုင်ရှင်မဲ့ ဖမ်းဆီးရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူများအား စုံစမ်းရှာဖွေဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**မောင်လူမော်**

## အိပ်ပျော်နေသည့် အမျိုးသမီးကို ဓားနှင့်ထိုးကာ ထွက်ပြေးသွားသူ ဖမ်းဆီးရမိ

**ရေတာရှည် ဩဂုတ် ၂၂**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့၏အနောက်မြောက်ဘက် သုံးမိုင်နှစ်ဖာလုံခန့်အကွာရှိ ပိတောက်ခင်ကျေးရွာအုပ်စု သဲကောကျေးရွာတွင် ဩဂုတ် ၂၀ ရက် ည ၁၀ နာရီခန့်က နေအိမ်အတွင်း ကလေးငယ်နှင့်အတူ အိပ်ပျော်နေသည့် အမျိုးသမီးအား လူတစ်ဦးက ဓားဖြင့်ထိုးကာ ထွက်ပြေးသွားခဲ့သောအမှု တစ်ခု ဖြစ်ပွားခဲ့သည်။

အဆိုပါအမှုဖြစ်စဉ်အား ရေတာရှည်မြို့မရဲစခန်းမှ စုံစမ်းဖော်ထုတ်ရာ ပြစ်မှုကျူးလွန်သူကို ဩဂုတ် ၂၂ ရက် နံနက် ၀၀း ၁၅ နာရီခန့်တွင် ပြစ်မှုကျူးလွန်ရာ၌ အသုံးပြုသည့် ဓားနှင့်အတူ ဖမ်းဆီးရမိသည်။

ဖြစ်စဉ်မှာ သဲကောကျေးရွာနေ မပီသေး(ခ)မရတနာဖြိုး (၂၄ နှစ်) သည် ခင်ပွန်းဖြစ်သူ အပြင်သွားနေ၍ ခြောက်နှစ်အရွယ် သမီးငယ်နှင့်အတူ အိပ်ပျော်နေစဉ် လူတစ်ဦးက ခြေထောက်အားစမ်း၍ ဓားဖြင့်ထိုးကာ ထွက်ပြေးသွားခဲ့သဖြင့် ဒဏ်ရာများ (စိုးရိမ်ရ) ရရှိခဲ့ပြီး တောင်ငူဆေးရုံကြီးသို့ အရေးပေါ်တင်ပို့ခဲ့ရသည်။ ရေတာရှည်မြို့မရဲစခန်းမှ အမှုစစ်ရဲအုပ် စစီတိုးနှင့်အဖွဲ့က ဖြစ်စဉ်အားစစ်ဆေးခဲ့ပြီး အခင်းဖြစ်သည့်ညပိုင်းက ထွက်ပြေးသွားသူမှာ တစ်ရွာတည်းနေ ယဉ်ကိုဦး (၂၆နှစ်)ဖြစ်ကြောင်း သိရသဖြင့် ၎င်း၏နေအိမ်မှ သွားရောက်ဖမ်းဆီးခဲ့သည်။ ထိုသို့ ပြစ်မှုကျူးလွန်ရခြင်းမှာ လွန်ခဲ့သောရက်က ကျေးရွာအတွင်းရှိ ကွမ်းယာဆိုင်တစ်ဆိုင်၌ မပီသေး (ခ)မရတနာဖြိုး၏ ခင်ပွန်းဖြစ်သူ အောင်စိုးဦးက ယဉ်ကိုဦးအား မိန်းမကြောက်သူဟု လူကြားထဲပြောသည်ကို မကျေနပ်သည့်အတွက် အခင်းဖြစ်ညက အောင်စိုးဦးအထင်နှင့်ဓားဖြင့်ထိုးခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့၍ ပြစ်မှုကျူးလွန်သူ ယဉ်ကိုဦးအား ရေတာရှည်မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သန်းလွင်(ဆွာ)**

## အင်းတော်မြို့နယ်၌ အဖိုးအိုတစ်ဦး ဝက်အူလှည့်ဖြင့် ထိုးခံရ၍ သေဆုံး

**အင်းတော် ဩဂုတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် နဘားကျေးရွာတွင် အဖိုးအိုတစ်ဦး ဝက်အူလှည့်ဖြင့် ထိုးခံရ၍ သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂၀ ရက် ည ၈ နာရီ မိနစ် ၂၀ ခန့်က အင်းတော်မြို့နယ် နဘားဘူတာစကြံအတွင်း၌ နဘားကျေးရွာ၊ ရွာမရှမ်းကုန်းရပ်ကွက်နေ အသက် (၇၈ နှစ်)အရွယ် ဦးမောင်ကြီးနှင့် နဘားကျေးရွာ ဘူတာစုရပ်ကွက်နေ အသက်(၄၈ နှစ်)အရွယ် ကျော်ဝင်းတို့ စကားများရန်ဖြစ်ကြရာ ကျော်ဝင်းက အသင့်ပါလာသော စတားဝက်အူလှည့်ဖြင့် ထိုးလိုက်ရာ ဦးမောင်ကြီးမှာ အင်းတော်ဆေးရုံသို့ တင်ပို့ကုသစဉ် ဆေးရုံအရောက်တွင် သေဆုံးသွားသဖြင့် ကျော်ဝင်းအား အင်းတော်မြို့မရဲစခန်းက ဥပဒေအရ ဖမ်းဆီးအရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

# အမေရိကန်နှင့် ဆက်ဆံရေးတင်းမာနေချိန် ပြည်တွင်းထုတ်လေကြောင်းကာကွယ်ရေးစနစ်ကို အီရန်ပြသ


အီရန်နိုင်ငံ ပြည်တွင်းထုတ် ဘာဗါ-၃၇၃ လေကြောင်းကာကွယ်ရေးစနစ်ကို တွေ့ရစဉ်။

**တီဟီရန် ဩဂုတ် ၂၂**

အမေရိကန်နှင့် နှစ်နိုင်ငံဆက်ဆံရေးတင်းမာနေချိန်တွင် အီရန်က ၎င်း၏ ပြည်တွင်းလုပ်လေကြောင်းကာကွယ်ရေးစနစ်သစ်တစ်ခုကို ဩဂုတ် ၂၂ ရက်က ပြသခဲ့ကြောင်း သိရသည်။ အီရန်အရာရှိများက အဆိုပါ လေကြောင်းကာကွယ်ရေးစနစ်ကို ယခင်က ဘာဗါ-၃၇၃ ဟု ခေါ်တွင်ခဲ့ပြီး ၎င်းသည် ပြည်တွင်းထုတ် ပထမဆုံး တာဝေးပစ်ဒုံးကျည်ကာကွယ်ရေးစနစ်တစ်ခုဖြစ်ကြောင်း သိရသည်။

အီရန်သည် ယခင်က ရုရှားအက်စ်-၃၀၀ အမျိုးအစားဒုံးကျည်စနစ်ကို ဝယ်ယူသုံးစွဲခဲ့ပြီး နိုင်ငံတကာဒဏ်ခတ်ပိတ်ဆို့မှုများကြောင့် ၂၀၁၀ ပြည့်နှစ်တွင် ရပ်နားခဲ့ကာ ယခုလို ပထမဆုံး ပြည်တွင်းထုတ် ဘာဗါ "ယုံကြည်ခြင်း" အမည်ရ တာဝေးပစ်ဒုံးကျည်ကာကွယ်ရေးစနစ်တစ်ခုကို ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။

အီရန်သမ္မတ ဟက်ဆန်ရိုဟာနီသည် မြေပြင်မှဝေဟင်ပစ် ပြည်တွင်းထုတ် ဒုံးကျည်သစ်မိတ်ဆက်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ပြီး အီရန်၏ ဒုံးကျည်ကာကွယ်ရေး ကွန်ရက်တွင် ထည့်သွင်းအသုံးပြုရန် တိုက်တွန်းမှာကြားခဲ့ကြောင်း အိုင်အာရ်အင်န်အေသတင်းအေဂျင်စီတွင် ဖော်ပြခဲ့သည်။

ယခုအသစ်ထုတ်လုပ်လိုက်သည့် ဘာဗါ- ၃၇၃ ဒုံးစနစ်သည် အီရန်နိုင်ငံ၏ ပထဝီအနေအထားနှင့် ကိုက်ညီမှုရှိပြီး ကီလိုမီတာ ၂၀၀ ကျော် အကွာအဝေး (၁၂၄ မိုင်) အထိ ပစ်ခတ်နိုင်ကြောင်း၊ ရုရှားနှင့် အမေရိကန်တို့၏ အက်စ်-၃၀၀ ဒုံးကျည်နှင့် ပက်ထရီယော့ ဒုံးကျည်တို့ကိုလည်း ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

ယခုထုတ်လုပ်လိုက်သည့် ဘာဗါ- ၃၇၃ ဒုံးကျည်သည် အက်စ်-၃၀၀ ဒုံးကျည်ထက် သာလွန်ကောင်းမွန်ပြီး အက်စ်-၄၀၀ ဒုံးကျည်နီးနီး ကောင်းမွန်ကြောင်း အီရန်သမ္မတ ဟက်ဆန်ရိုဟာနီက ပြောကြားလိုက်သည်။

**အေအက်ဖ်ပီ**

# ပါလက်စတိုင်းတို့၏ တိုက်ခိုက်မှုကို လက်တုံ့ပြန်သည့်အနေဖြင့် အစ္စရေးတပ်ဖွဲ့ဝင်များ ပြန်လည်တိုက်ခိုက်

**ဂါဇာ ဩဂုတ် ၂၂**

ပါလက်စတိုင်းတို့၏ ဒုံးလက်နက်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုကို လက်တုံ့ပြန်သည့် အနေဖြင့် အစ္စရေးတပ်ဖွဲ့ဝင်များသည် ဂါဇာကမ်းမြောင်ဒေသရှိ ဟားမားစ်တို့ကို ညတွင်းချင်း လက်စားချေတိုက်ခိုက်မှုများ ပြန်လည်လုပ်ဆောင်ခဲ့ကြောင်း စစ်ဘက်ဆိုင်ရာက ဩဂုတ် ၂၂ ရက်က ပြောကြားလိုက်သည်။

ဟားမားစ်တို့သည် ဩဂုတ် ၂၁ ရက်က အစ္စရေးတို့ကို ဒုံးလက်နက်ဖြင့် နှစ်ကြိမ်တိုက်ခိုက်ခဲ့သည်။ ဂါဇာကမ်းမြောင်ဒေသမှ ရက်သတ္တတစ်ပတ်မပြည့်မီ အချိန်အတွင်း ယခုလို တိုက်ခိုက်မှုမျိုး ခြောက်ကြိမ်ထက်မနည်း ပြုလုပ်ခဲ့ကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားလိုက်သည်။ သို့သော်လည်း သေကျေပျက်စီးမှုများ မရှိခဲ့ကြောင်းလည်း သိရသည်။


ဟားမားစ်တို့က အစ္စရေးတို့ကို ဒုံးလက်နက်ဖြင့် တိုက်ခိုက်စဉ်။

အစ္စရေးတပ်ဖွဲ့ဝင်များ၏ လက်စားချေတန်ပြန်တိုက်ခိုက်မှုများ ပြုလုပ်ရာတွင် မြောက်ပိုင်း ဂါဇာကမ်းမြောင်ဒေသရှိ ဟားမားစ်တို့၏ ရေတပ်အဆောက်အအုံကို ပစ်မှတ်ထား တိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့ကြောင်း စစ်ဘက်ဆိုင်ရာ သတင်းရင်းမြစ်များတွင် ဖော်ပြသည်။

ထို့အတူ ဂါဇာကမ်းမြောင် အနောက်ဘက်ရှိ ရေတပ်အဆောက်အအုံကိုလည်း အစ္စရေးက လေကြောင်းတိုက်ခိုက်မှုများ ကြိမ်ဖန်များစွာ ပြုလုပ်ခဲ့ကြောင်း ပါလက်စတိုင်း လုံခြုံရေးဆိုင်ရာ သတင်းရင်းမြစ်က ဖော်ပြသည်။ အစ္စရေး လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ရာတွင် အဓိကအားဖြင့် အလယ်ပိုင်း ဂါဇာကမ်းမြောင်ဒေသရှိ သုံးနေရာနှင့် ဂါဇာကမ်းမြောင် တောင်ပိုင်းရှိ ခန်ယူးနစ်ဆိုသည့်နေရာတို့ကို ဦးတည်ချက်ထား တိုက်ခိုက်လေ့ရှိကြောင်း၊ အဆိုပါ လုံခြုံရေးဆိုင်ရာ သတင်းရင်းမြစ်တွင် ဆက်လက်ဖော်ပြထားသည်။ သို့သော်လည်း သေဆုံးသူ မရှိကြောင်း သိရသည်။

ဩဂုတ်လမှစကာ ဂါဇာနယ်စပ်တစ်လျှောက် ယခုလို လူသေဆုံးစေနိုင်သည့် ဖြစ်ရပ်များ ဖြစ်ပွားခဲ့ကြောင်းလည်း သိရသည်။ ဩဂုတ်လ ၁ ရက်ကလည်း ဂါဇာကမ်းမြောင်ဒေသ မြောက်ပိုင်းတွင် ပါလက်စတိုင်းသုံးဦးကို အစ္စရေးတပ်ဖွဲ့ဝင်များက သတ်ဖြတ်ခဲ့သည်။ ဩဂုတ် ၁၅ ရက်ကလည်း ဂါဇာနယ်စပ်တွင် ပါလက်စတိုင်းတစ်ဦး ပစ်သတ်ခံရကြောင်းနှင့် ဩဂုတ် ၁၄ ရက်ကလည်း နယ်စပ်ဖြတ်ကျော်ပြီး လုံခြုံရေး တပ်ဖွဲ့ဝင်များကို လက်ပစ်ဗုံးဖြင့် ပစ်ခဲ့သည့်အတွက် ပါလက်စတိုင်းလေးဦးကို ပစ်သတ်ခဲ့ကြောင်း စစ်ဘက်ဆိုင်ရာက ပြောသည်။

အစ္စရေးက ပိုင်နက်နယ်မြေကို ဆယ်စုနှစ်အတော်ကြာ ပိတ်ထားခဲ့သည့် ကိစ္စကို ဖြေလျှော့ပေးရန်နှင့် ပါလက်စတိုင်းဒုက္ခသည်များကို (ယခုအခါ အစ္စရေးပိုင်နက် ဖြစ်နေသည့်) ၎င်းတို့၏ နေရပ်သို့ ပြန်ခွင့်ပြုရေး ကိစ္စများနှင့်ပတ်သက်ပြီး လွန်ခဲ့သောနှစ် မတ်လကတည်းက ဂါဇာ- အစ္စရေးနယ်စပ်တစ်လျှောက် ပုံမှန်ဆူပူအုံကြွမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# နီပေါနိုင်ငံ ဧဝရက်တောင်တန်းဒေသ၌ ပလတ်စတစ်ပစ္စည်း အသုံးပြုမှု ပိတ်ပင်မည်

**ခတ္တမန္ဒူ ဩဂုတ် ၂၂**

နီပေါနိုင်ငံရှိ ဧဝရက်တောင်တန်းဒေသ၌ တောင်တက်သမားများကြောင့် ကျန်ရှိခဲ့သည့် စွန့်ပစ်အမှိုက်သရိုက်များ လျှော့ချရေး ကြိုးပမ်းသည့် ဆောင်ရွက်မှုအနေဖြင့် ပလတ်စတစ်ပစ္စည်းများ အသုံးပြုမှုကို အာဏာပိုင်များက ပိတ်ပင်တားမြစ်လိုက်ကြောင်း သိရသည်။

ပလတ်စတစ်ပစ္စည်း ပိတ်ပင်မှုသည် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှ စတင်ကာ ခွန်ဘူပါဆန်လာမူဒေသ၌ စတင် သက်ရောက်မည်ဖြစ်သည်။

ပလတ်စတစ်ပစ္စည်းများ အသုံးပြုမှုကို ယခုအချိန်မှ စတင်ပိတ်ပင်ခြင်းအားဖြင့် ဧဝရက်တောင်တန်းဒေသများကို သန့်ရှင်းစေရန်နှင့် ရေရှည်တည်တံ့စေရန် ဆက်လက်ထိန်းသိမ်းထားနိုင်မည်ဖြစ်ကြောင်း ဒေသအာဏာပိုင်များက အေအက်ဖ်ပီသို့ ပြောကြားခဲ့သည်။

ပလတ်စတစ်ဖြင့် ပြုလုပ်ထားသည့် ရေသန့်ဘူးများနှင့် ၃၀ မိုက်ခရွန်အောက် လျော့နည်းသည့် ပလတ်စတစ်ပစ္စည်းများ အသုံးပြုမှုကို ပိတ်ပင်တားမြစ်မည်ဖြစ်ပြီး လတ်တလောတွင် စည်းကမ်းချိုးဖောက်သူများကို မည်ကဲ့သို့ ပြစ်ဒဏ်သတ်မှတ်မည်ကို ထုတ်ဖော်ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

ပလတ်စတစ်ပစ္စည်းများ အသုံးပြုမှုကို ပိတ်ပင်ရေး ကြိုးပမ်းရာတွင် တောင်တက်ခရီးသွား ကုမ္ပဏီများ၊ လေကြောင်းလိုင်းများနှင့် နီပေါတောင်တက်အဖွဲ့အစည်းက ဒေသအာဏာပိုင်များနှင့်အတူ စီမံချက်ဖြစ်မြောက်ရေး ပူးပေါင်းပါဝင်သွားမည်ဖြစ်သည်ဟု ဖော်ပြထားသည်။

**အေအက်ဖ်ပီ**

# ဆူဒန်၌ အပြောင်းအလဲကာလအတွင်း ဝန်ကြီးချုပ်အသစ် ခန့်အပ်

**ခါတွန် ဩဂုတ် ၂၂**

ဆူဒန်နိုင်ငံ၌ အရပ်သားအုပ်ချုပ်ရေးစနစ်သို့ အသွင်ကူးပြောင်းရေး အပြောင်းအလဲကာလသုံးနှစ်ကို စတင်အကောင်အထည်ဖော်ရန် ကြိုးပမ်းလျက်ရှိနေချိန် နိုင်ငံ၏ ဝန်ကြီးချုပ်အသစ်အဖြစ် အဗ္ဗဒယ်လာဟမ်ဒေါ့ခ်ကို ခန့်အပ်ခဲ့ကြောင်း သိရသည်။

ဆူဒန်၏ အဓိကဦးစားပေးကိစ္စရပ်များမှာ ငြိမ်းချမ်းရေးရရှိရေးနှင့် စီးပွားရေးအကျပ်အတည်းကို ဖြေရှင်းရေးပင်ဖြစ်ကြောင်း ဆူဒန်ဝန်ကြီးချုပ် အဗ္ဗဒယ်လာဟမ်ဒေါ့ခ်က ပြောကြားခဲ့သည်။ အချုပ်အခြာအာဏာဆိုင်ရာ ကောင်စီသစ် အကြီးအကဲအဖြစ် အဗ္ဗဒယ်ဖာတာ အဗ္ဗဒယ်ရာမန်ဘာရန် ကျမ်းသစ္စာ ကျိန်ဆိုခဲ့ပြီးနောက်တွင် ၎င်းအား ဝန်ကြီးချုပ်အဖြစ် ခန့်အပ်လိုက်ခြင်းဖြစ်သည်။

ရွေးကောက်ပွဲ မကျင်းပမီအချိန်အထိ အစိုးရသစ်က နိုင်ငံကို အုပ်ချုပ်သွားမည်ဖြစ်သည်။ ဆူဒန်၌ ပြီးခဲ့သည့်လများအတွင်း ဆန္ဒပြမှုများ ပေါ်ပေါက်ခဲ့ပြီး ဆန္ဒပြသူအများအပြားသေဆုံးခဲ့သည်။ ရာထူးနေရာများတွင် လူသစ်များ ခန့်အပ်ခြင်းက စစ်အုပ်ချုပ်ရေး အဆုံးသတ်သွားစေမည့် ခြေလှမ်းဖြစ်လာရန် အတိုက်အခံအဖွဲ့မျှော်လင့်လျက်ရှိသည်။

ဆူဒန်နိုင်ငံအတွင်း၌ ပြီးခဲ့နှစ်ကုန်ပိုင်းမှ စတင်ကာ နိုင်ငံရေး ပဋိပက္ခတစ်ခု စတင်လာခဲ့ပြီး အာဏာရှင်အစိုးရအဖြစ် အနှစ် ၃၀ ကြာအောင် စိုးမိုးအုပ်ချုပ်လာခဲ့သည့် သမ္မတဟောင်းအိုမာအယ်လ်ဘာရှာရာထူးမှ ဖြုတ်ချခံခဲ့ရသည်။ ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခံခဲ့ရသည့် မစ္စတာဟမ်ဒေါ့ခ်ကို ပြီးခဲ့သည့်နှစ်က သမ္မတဟောင်းဘာရှာယာက ဘဏ္ဍာရေးဝန်ကြီးနေရာအတွက် လျာထားခဲ့သော်လည်း ၎င်းက ပယ်ချခဲ့ကြောင်း သိရသည်။

**အေအက်ဖ်ပီ**


ဆူဒန်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခံရသည့် မစ္စတာ အဗ္ဗဒယ်လာဟမ်ဒေါ့ခ်။

## နိုင်ငံတကာ သတင်းတိုထွာ

### တောင်ကိုရီးယားနိုင်ငံက အမေရိကန် တိုက်လေယာဉ်များ တင်သွင်းမှုကို မြောက်ကိုရီးယားဝေဖန်

ပြုံယမ်း ဩဂုတ် ၂၂

တောင်ကိုရီးယားနိုင်ငံက အမေရိကန် အက်ဖ် ၃၅ အေ တိုက်လေယာဉ်များ ထပ်မံ တင်သွင်းလာသည့်အတွက် မြောက်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီး ဌာနက ပြင်းပြင်းထန်ထန် ပြစ်တင်ပြောဆိုခဲ့ပြီး ယင်းကိစ္စက ကိုရီးယားကျွန်းဆွယ် တည်ငြိမ်အေးချမ်းမှုကို ခြိမ်းခြောက်နေသည့်အတွက် တွေ့ဆုံဆွေးနွေးမှုကို ထိခိုက်လာစေနိုင်ကြောင်း ဩဂုတ် ၂၂ ရက်တွင်ပြောကြားခဲ့သည်။

တောင်ကိုရီးယားနိုင်ငံသည် မြောက်ကိုရီးယားနိုင်ငံ၏ သတိပေးကန့်ကွက်မှုကို လျစ်လျူရှုကာ အမေရိကန် အက်ဖ် ၃၅ အေ ဂျက်လေယာဉ်များကို ထပ်မံ တင်သွင်းမှု ပြုလုပ်နေကြောင်းနှင့် မြောက်ကိုရီးယားနိုင်ငံအပေါ် စစ်ရေးအရ ကျူးကျော်လိုသည့် ဆောင်ရွက်မှုများ ပိုမိုလုပ်ဆောင်လာနေကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် စစ်ရေးခြိမ်းခြောက်မှုနှင့် အတူ ဆောင်ရွက်နေသော တွေ့ဆုံဆွေးနွေးမှုမျိုးကို မြောက်ကိုရီးယားက စိတ်မဝင်စားကြောင်း မြောက်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

တောင်ကိုရီးယားနိုင်ငံရှိ လေတပ်စခန်းသို့ ဩဂုတ် ၂၀ ရက်တွင် အက်ဖ် ၃၅ အေ တိုက်လေယာဉ်နှစ်စင်း ရောက်ရှိခဲ့သည်။ **ဆင်ဟွာ**

### ဗီယက်နမ်၌ အာဖရိက ဝက်အပြင်းဖျားရောဂါ ဖြစ်ပွားမှုကြောင့် ဝက်ကောင်ရေ လေးသန်းကျော်သုတ်သင်

ဟနွိုင်း ဩဂုတ် ၂၂

ဗီယက်နမ်နိုင်ငံတစ်ဝန်းရှိ ပြည်နယ် ၆၃ ခု တို့တွင် ဩဂုတ်လအတွင်း အာဖရိက ဝက်အပြင်းဖျားရောဂါ ကူးစက်ဖြစ်ပွားခဲ့ရာ ဝက်ကောင်ရေ လေးသန်းကျော်ကို သုတ်သင်ရှင်းလင်းခဲ့သည်။

ဗီယက်နမ်နိုင်ငံ မြောက်ပိုင်း ဟန်ယမ်ပြည်နယ်၌ ပြီးခဲ့သည့် ဖေဖော်ဝါရီလတွင် အာဖရိကဝက်အပြင်းဖျားရောဂါ စတင် ဖြစ်ပွားခဲ့ပြီး ကျေးရွာပေါင်း ၇၀၀၀ နီးပါး ကူးစက်ဖြစ်ပွားခဲ့ကြောင်း ဗီယက်နမ် စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက ဖော်ပြခဲ့သည်။

ဗီယက်နမ်နိုင်ငံသည် အရှေ့တောင်အာရှဒေသတွင် ဝက်ကောင်ရေ အများဆုံး မွေးမြူသည့် နိုင်ငံအဖြစ် ရပ်တည်ခဲ့ပြီး ၂၀၁၅ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ နှစ်စဉ် ဝက်ကောင်ရေ တိုးပွားမှုနှုန်း ၀ ဒသမ ၉ ရာခိုင်နှုန်းရှိခဲ့ကြောင်းသိရသည်။

**ဆင်ဟွာ**

# အမေရိကန်နဲ့ လျှို့ဝှက်ဆွေးနွေးပွဲတွေ လုပ်ဆောင်ခဲ့တဲ့ ဗင်နီဇွဲလားအစိုးရ

**— — ကလျာမိုးမြင့် — —**

**အမေရိကန်က ဗင်နီဇွဲလားနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုတွေ အရှိန်မြှင့်လုပ်ဆောင်နေခဲ့တာတောင်မှ ဗင်နီဇွဲလားအစိုးရဟာ သမ္မတဒေါ်နယ်ထရမ့်ရဲ့အစိုးရအဖွဲ့နဲ့ လပေါင်းများစွာကြာအောင် လျှို့ဝှက်ဆွေးနွေးမှုတွေ လုပ်ဆောင်နေခဲ့တယ်ဆိုတာကို ဗင်နီဇွဲလားသမ္မတ နီကိုးလပ်စ်မာဒူရိုက ယခုရက်ပိုင်းမှာ ထုတ်ဖော်ပြောကြားလာခဲ့ပါတယ်။ ဗင်နီဇွဲလားနိုင်ငံရဲ့တရားဝင်ခေါင်းဆောင်အဖြစ် မာဒူရိုကို အသိအမှတ်ပြုလက်ခံခြင်းမရှိတဲ့ နိုင်ငံတွေထဲမှာ အမေရိကန်ဟာ ထိပ်ဆုံးက ပါဝင်တဲ့နိုင်ငံဆိုတာကို လူအများ သိရှိထားကြပြီး ဖြစ်ပါတယ်။ မစ္စတာမာဒူရိုက သမ္မတထရမ့်အစိုးရအဖွဲ့နဲ့ ဆွေးနွေးမှုတွေကို လျှို့ဝှက်စွာ လုပ်ဆောင်လာခဲ့တာ လချီကြာမြင့်ခဲ့တယ်လို့ ဆိုပါတယ်။**



လူထုစုဝေးချီတက်မှုတစ်ခုအတွင်း မိန့်ခွန်းပြောကြားနေသည့် ဗင်နီဇွဲလားသမ္မတ နီကိုးလပ်စ်မာဒူရို။

**ရာထူးကနေ ဆင်းသွားဖို့**

ဒါပေမယ့်လည်း အမေရိကန်လုံခြုံရေးအကြံပေး ဂျွန်ဘော်လ်တန်ကတော့ ဆွေးနွေးခဲ့ကြတဲ့တစ်ခုတည်းသော အကြောင်းအရာကတော့ သမ္မတမာဒူရို ရာထူးကဆင်းသွားဖို့ ဆိုတာပဲဖြစ်တယ်လို့ ပြောကြားခဲ့ပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ သမ္မတထရမ့်က ၎င်းရဲ့အစိုးရအဖွဲ့ဟာ ဗင်နီဇွဲလားနိုင်ငံရဲ့ ကိုယ်စားလှယ်အမျိုးမျိုးနဲ့ ဆွေးနွေးမှုတွေလုပ်ဆောင်နေခဲ့တယ်လို့ ယခုရက်ပိုင်းအတွင်းမှာပဲ အတည်ပြုခဲ့ပါတယ်။ ဘယ်သူတွေနဲ့လဲဆိုတာကို ကျွန်ုပ် မပြောနိုင်ဘူး။ ဒါပေမယ့် ဆွေးနွေးပွဲတွေကတော့ အကြီးတန်းအာဏာပိုင်တွေနဲ့ အတူ လုပ်ဆောင်ခဲ့တာလို့ ထရမ့်က ဝန်ခံထားပါတယ်။

**ဖိအားပေးဖို့**

အမေရိကန်လုံခြုံရေးအကြံပေး မစ္စတာဂျွန်ဘော်လ်တန်ကတော့ ဗင်နီဇွဲလားပြည်သူတွေရဲ့ သဘာဝသယံဇာတ အရင်းအမြစ်တွေကို ဖြည်းဖြည်းချင်း ခိုးယူနေတာတွေနဲ့ အဆက်မပြတ် ဖိနှိပ်နေတာတွေ အဆုံးသတ်သွားဖို့ဆိုရင်တော့ မာဒူရို ထွက်သွားမှုပဲ ဖြစ်နိုင်မယ်ဆိုတာကို သမ္မတထရမ့်က အကြိမ်ကြိမ်ဖော်ပြခဲ့ပြီးပြီလို့ ဆိုပါတယ်။

မာဒူရိုကို ကျောထောက်နောက်ခံပေးနေကြသူတွေနဲ့ ဆွေးနွေးခဲ့ကြတဲ့ တစ်ခုတည်းသော အကြောင်းအရာကတော့ ၎င်းရာထူးကနေ ဆင်းသွားဖို့နဲ့ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲတွေ ကျင်းပဖို့ ဆိုတာပဲလို့ ပြောကြားခဲ့ပါတယ်။ အမေရိကန်အနေနဲ့ သမ္မတမာဒူရို ရာထူးက ဆင်းသွားရေး ပိုမိုဖိအားပေးနိုင်ဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ယခုလအစောပိုင်းမှာ အရေးယူပိတ်ဆို့မှုတွေကို ယခင်ကထက် ပိုမိုအရှိန်မြှင့်လုပ်ဆောင်လာခဲ့တာ ဖြစ်ပါတယ်။

**လက်ရှိဗင်နီဇွဲလားအခြေအနေ**

ဗင်နီဇွဲလားနိုင်ငံဟာ အာဏာရှင်သမ္မတ နီကိုးလပ်စ်မာဒူရိုနဲ့ အတိုက်အခံခေါင်းဆောင် အောက်လွှတ်တော်ဥက္ကဋ္ဌ ဂျူအန်ဂွိုက်ဒိုတို့ရဲ့အာဏာပြိုင်ဆိုင်မှုကြားမှာ ချောင်ပိတ်မိနေပါတယ်။ မစ္စတာဂွိုက်ဒိုက ပြီးခဲ့တဲ့ ဇန်နဝါရီလမှာ မိမိကိုယ်ကို ဗင်နီဇွဲလားနိုင်ငံရဲ့ ယာယီသမ္မတအဖြစ် ကြေညာလိုက်ပြီး သမ္မတ မာဒူရို ဒုတိယအကြိမ် ပြန်လည်ရွေးကောက်ခံခဲ့ရတဲ့ ရွေးကောက်ပွဲဟာ တရားမဝင်ဘူးလို့ ပြောဆိုထားတဲ့သူ ဖြစ်ပါတယ်။ အတိုက်အခံခေါင်းဆောင် မစ္စတာဂွိုက်ဒိုဟာ နိုင်ငံပေါင်း ၅၀ ကျော်ရဲ့ကျောထောက်နောက်ခံပေးမှုကို ရရှိထားလင့်ကစား လက်ရှိသမ္မတမာဒူရိုကို ရာထူးကနေ ဖယ်ရှားဖို့ မစွမ်းနိုင်ခဲ့ပါဘူး။

**ပြည်သူတွေအထိနာ**

ဘာဗေဒိုစ်က လက်ခံကျင်းပပေးခဲ့ပြီး နော်ဝေနိုင်ငံက ကြားဝင်စေ့စပ်ညှိနှိုင်းပေးတဲ့ ဆွေးနွေးပွဲတွေဟာဆိုရင်လည်း မကြာသေးခင်ကပဲ တစ်ပိုင်းတစ်စနဲ့ ရပ်တန့်သွားခဲ့ပါတယ်။ အကြောင်းကတော့ သမ္မတမာဒူရိုက အတိုက်အခံအဖွဲ့ဟာ အမေရိကန်က ဗင်နီဇွဲလားအပေါ်ချမှတ်နေတဲ့ အရေးယူပိတ်ဆို့မှုတွေကို ထောက်ခံအားပေးနေတယ်လို့ ကြေညာလိုက်ပြီး နောက်ထပ်ဆွေးနွေးပွဲတက်ဖို့ ကိုယ်စားလှယ်တွေကို မစေလွှတ်နိုင်ဘူးလို့ ပြောခဲ့လို့ပါပဲ။

နိုင်ငံ့ခေါင်းဆောင်ဖြစ်တဲ့ သမ္မတနဲ့ အတိုက်အခံတို့က တစ်ဖက်နဲ့တစ်ဖက် မာန်မလျှော့ဘဲ ပြိုင်ဆိုင်နေကြပေမယ့်လည်း တကယ်တမ်းတော့ အထိနာရတာက ပြည်သူတွေပါပဲ။ ဗင်နီဇွဲလားဟာ သမိုင်းမှာ အဆိုးရွားဆုံးလို့ဆိုရမယ့် စီးပွားရေး အကျပ်အတည်းအောက် အမှန်တကယ် ကျရောက်နေရတာဖြစ်ပြီး ပြည်သူသန်း ၃၀ ရဲ့ လေးပုံသုံးပုံလောက်ဟာ လူသားချင်း စာနာထောက်ထားမှု အကူအညီတွေလိုအပ်နေတယ်လို့ ကုလသမဂ္ဂကဖော်ပြထားပါတယ်။ ပြီးခဲ့တဲ့ နှစ်တွေမှာ နိုင်ငံကို စွန့်ခွာထွက်ပြေးကြတဲ့ ပြည်သူလေးသန်းကျော် ရှိခဲ့ပါပြီ။

**အမေရိကန်ကြားဝင်မှု**

မစ္စတာမာဒူရိုရဲ့ အစိုးရအဖွဲ့ဟာ များပြားလှစွာသော အကြောင်းပြချက်တွေကြောင့် နိုင်ငံတကာအဖွဲ့အစည်းတွေရဲ့ သတိပေးခြိမ်းခြောက်မှုတွေကို ရင်ဆိုင်နေရပါတယ်။ အောက်လွှတ်တော်အတွင်းမှာ အတိုက်အခံ ကိုယ်စားလှယ်အများစုက နေရာရရှိထားတာကြောင့် သမ္မတက ၎င်းကို ထောက်ခံသူတွေနဲ့ ဖွဲ့စည်းထားတဲ့ ယှဉ်ပြိုင်ဘက်အဖွဲ့တစ်ဖွဲ့ကို ဖန်တီးထားပါတယ်။

၂၀၁၈ခုနှစ်မှာ ၎င်းကိုပြန်လည်အနိုင်ရရှိစေခဲ့တဲ့ ရွေးကောက်ပွဲဟာ အငြင်းပွားစရာအဖြစ် လူပြောများခဲ့ပြီး အဲဒီရွေးကောက်ပွဲအတွင်း ယှဉ်ပြိုင်ဘက် ကိုယ်စားလှယ်အများစုကို ယှဉ်ပြိုင်ခွင့်ပိတ်ပင်တာတွေနဲ့ အချို့ကို နိုင်ငံအတွင်းကနေ ထွက်သွားစေခဲ့တာတွေ ဖြစ်လာပြီးနောက်မှာ ၎င်းကို ဝေဖန်သူတွေက ရွေးကောက်ပွဲဟာ လုပ်ပွဲတစ်ခုသာဖြစ်ပြီး မသမာမှုတွေနဲ့ ပြည့်နှက်နေတယ်လို့ ပျစ်ပျစ်နှစ်နှစ် ဝေဖန်ခဲ့ကြပါတယ်။

**“ အမေရိကန်လုံခြုံရေးအကြံပေး မစ္စတာဂျွန်ဘော်လ်တန်ကတော့ ဗင်နီဇွဲလားပြည်သူတွေရဲ့ သဘာဝသယံဇာတ အရင်းအမြစ်တွေကို ဖြည်းဖြည်းချင်း ခိုးယူနေတာတွေနဲ့ အဆက်မပြတ် ဖိနှိပ်နေတာတွေ အဆုံးသတ်သွားဖို့ ဆိုရင်တော့ မာဒူရို ထွက်သွားမှုပဲ ဖြစ်နိုင်မယ်”**

**အင်အားသုံးနှိမ်နင်း**

နောက်ပိုင်းမှာ ဆက်ဖြစ်လာတာတွေကတော့ ဆန္ဒပြပွဲတွေနဲ့ ရုန်းရင်းဆန်ခတ်ဖြစ်ပွားမှုတွေပါပဲ။ ဆန္ဒပြပွဲတွေဟာ အကြမ်းပတမ်းဖြစ်လာပြီး အာဏာပိုင်တွေရဲ့အင်အားသုံးဖြိုခွင်းမှုတွေကြောင့် အရပ်သားပြည်သူတွေ သေဆုံးရမှုတွေ ရှိလာပါတယ်။ ဗင်နီဇွဲလားမှာ ဖြစ်နေတဲ့အခြေအနေတွေ ပိုမိုဆိုးရွားလာတာဟာ အမေရိကန်ရဲ့ ကြားဝင်စွက်ဖက်နေမှုတွေနဲ့ အရေးယူပိတ်ဆို့မှုတွေကြောင့် ဖြစ်တယ်လို့ မကြာခဏ အပြစ်တင်ခဲ့ပြီး အမေရိကန်အပေါ် ဒေါသတွေ ပုံချခဲ့ပါတယ်။

**အထောက်အထားမဲ့စွပ်စွဲ**

ဘာသက်သေအထောက်အထားမှ မပြနိုင်ပေမယ့်လည်း သမ္မတမာဒူရိုက အမေရိကန်အထူးသဖြင့် လုံခြုံရေးအကြံပေး မစ္စတာဂျွန်ဘော်လ်တန်ဟာ ၎င်းကိုလုပ်ကြံသတ်ဖြတ်ဖို့ ကြိုးစားနေတာလို့ စွပ်စွဲလိုက်ပါတယ်။ ပြည်ပအင်အားကြီးနိုင်ငံတွေက ၎င်းရဲ့လုပ်ပိုင်ခွင့်အာဏာကို ပြည်တွင်းကနေ အာခံတော်လှန်နိုင်အောင် အတိုက်အခံခေါင်းဆောင်ကို ထောက်ခံအားပေးနေတယ်လို့ ပြောဆိုခဲ့ပါတယ်။

**ပစ်မှတ်ပြောင်းလဲ**

မစ္စတာမာဒူရိုအစိုးရအဖွဲ့ကို အမေရိကန်က လုပ်ဆောင်မယ့် ပိတ်ဆို့မှုမှာ ပထမဆုံးပစ်မှတ်က အစိုးရအာဏာပိုင်တွေဖြစ်ပေမယ့် ယခုနှစ်အစောပိုင်းမှာ အမေရိကန်ကတစ်မျိုးတစ်ဖုံ ပြောင်းလဲလိုက်ပြီး ဗင်နီဇွဲလားရဲ့ စီးပွားရေးမှာ အသက်သွေးကြောသဖွယ်ဖြစ်တဲ့ နိုင်ငံပိုင်ရေနံကုမ္ပဏီအပေါ် ပိတ်ဆို့မှုစည်းမျဉ်းအသစ်တွေ ချမှတ်လိုက်ပါတယ်။ အဲဒီ မတိုင်မီမှာလည်း သမ္မတမာဒူရိုကို ပိုပြီးဖိအားပေးဖို့အတွက် အမေရိကန်မှာရှိတဲ့ ဗင်နီဇွဲလားအစိုးရရဲ့ပိုင်ဆိုင်မှုအားလုံးကို ထိန်းချုပ်လိုက်ပါတယ်။ မာဒူရိုအစိုးရနဲ့ သက်ဆိုင်တဲ့ လုပ်ငန်းမှန်သမျှကို တားမြစ်လိုက်ပြီး အမေရိကန်နိုင်ငံသားတွေအနေနဲ့လည်း အဲဒီလုပ်ငန်းတွေနဲ့ ဆက်ဆံတာကို ပိတ်ပင်ခဲ့ပါတယ်။

**စီးပွားလုပ်ကိုင်ခွင့်မရှိ**

အမေရိကန်ကုမ္ပဏီတွေအနေနဲ့ တိုက်ရိုက်ပဲဖြစ်ဖြစ်၊ တစ်ဆင့်ခံပဲဖြစ်ဖြစ် ဗင်နီဇွဲလားအစိုးရနဲ့ ဆက်ဆံနေတဲ့ ကုမ္ပဏီတွေနဲ့လုပ်ငန်းဆောင်ရွက်ခွင့် မရှိတော့ဘူးလို့ သမ္မတထရမ့်က ဇူလိုင် ၅ ရက် ညပိုင်းမှာ ချက်ချင်းအမိန့်ထုတ်ပြန်ခဲ့တာ ဖြစ်ပါတယ်။

သို့သော်လည်း ခြွင်းချက်အနေနဲ့ အမေရိကန်အစိုးရနဲ့ ပတ်သက်တဲ့ လုပ်ငန်းတွေ၊ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ကိစ္စရပ်တွေအတွက် ဗင်နီဇွဲလားအစိုးရဆီ ငွေကြေးလွှဲပြောင်းမှုကိုတော့ ခွင့်ပြုပေးခဲ့ပါတယ်။ ကင်းလွတ်ခွင့်ပြုတဲ့အထဲမှာ ဗင်နီဇွဲလားနိုင်ငံက ပုဂ္ဂလိကလုပ်ငန်းငယ်တွေလည်း ပါဝင်တယ်လို့ သိရပါတယ်။ ။

**ကိုးကား- ဆင်ဟွာ**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် မုံရွာခရိုင်နှင့် ရွှေဘိုခရိုင်အတွင်းရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံ

**စစ်ကိုင်း ဩဂုတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တရားသူကြီးချုပ်၊ စာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး ဌာနဆိုင်ရာ တာဝန်ရှိသူများသည် မုံရွာခရိုင်နှင့် ရွှေဘိုခရိုင်အတွင်းရှိ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲများကို ယမန်နေ့က မုံရွာခရိုင် ဘုတလင်မြို့ မြဝတီခန်းမ၌ လည်းကောင်း၊ ရွှေဘိုခရိုင် ဒီပဲယင်းမြို့ ဆရာစံခန်းမ၌လည်းကောင်း ကျင်းပသည်။

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီးဝန်ကြီးများက မိမိတို့ တိုင်းဒေသကြီး ဝန်ကြီးဌာနများအလိုက် ဆောင်ရွက်နေမှုများကို ပြောကြားပြီး ဘုတလင်မြို့နယ်မှ ဒေသခံ ပြည်သူများက မိမိတို့ဒေသတွင် လိုအပ်သည့် အလုပ်အကိုင်အခွင့်အလမ်း ရရှိရေး၊ ကန်မကန်ပြန်လည်တူးဖော်ပေးရေး၊ လူနေထိုင်မှု မြေငှားဂရန်ရရှိရေး၊ ဂိတ်သစ်ဆိုင်တန်းမြေဂရန် မတရားရယူမှုကိစ္စနှင့် စပ်လျဉ်း၍ပြန်လည်ရရှိရေး၊ သိမ်းဆည်းခံလယ်ယာမြေများမှ ပိုလျှံမြေများ ပြန်လည်ရရှိရေး၊ ကျေးရွာဖွံ့ဖြိုးရေးကောင်စီက သိမ်းဆည်း၍ သီးစားချထားသော လယ်ယာမြေများကို မူလပိုင်ရှင်ထံ လွှဲပြောင်းပေးအပ်ရေး၊ မြို့နယ် လဝက ဝန်ထမ်းများ တိုးမြှင့်ခန့်ထားပေးရေး၊ မြေယာရောင်းဝယ်မှု စာချုပ်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ မြို့နယ်တရားရုံးမှ ဝန်ထမ်းများ ငွေတောင်းခံမှုကိစ္စ၊ မြေလွတ်မြေရိုင်းမှ ကျေးရွာအားကစားကွင်း ချထားပေးရေး၊ ဝက်ပုတ်ကျေးလက်ကျန်းမာရေးဌာနခွဲ ချထားပေးရေး၊ ယုံလေးကုန်းကျေးရွာ ချောင်းကူးတံတား တည်ဆောက်ပေးရေး၊ တောင်သူများအတွက် မြစ်ရေတင်စိုက်ပျိုးရေရရှိရေး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီတွင် အရပ်သားများများ ပါဝင်ဖွဲ့စည်းပေးရေး၊ လမ်းဘေးလျှပ်စစ်မီးတိုင်များ မီးလင်းရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် စိုက်ပျိုးရေရရှိရေး စသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်သည်များကို ဆွေးနွေးမေးမြန်းခဲ့ကြရာ သက်ဆိုင်ရာ ဝန်ကြီးများနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကဏ္ဍများအလိုက် ပြန်လည်ဖြေကြားသည်။

ထို့နောက် ရွှေဘိုခရိုင် ဒီပဲယင်းမြို့ ဆရာစံခန်းမ၌ တွေ့ဆုံပွဲတွင် ဒီပဲယင်းမြို့နယ်မှ ဒေသခံပြည်သူများက မိမိတို့ဒေသတွင် လိုအပ်သည့် မြေလွတ်မြေရိုင်းများကို ကျေးရွာဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးချခွင့်ရရှိရေး၊ သိမ်းဆည်းခံလယ်ယာမြေများ ပြန်လည်ရရှိရေး၊ ဘိုးဘွားပိုင် လယ်ယာမြေပြန်လည်ရရှိရေး၊ တောင်သူများအတွက် ပုံစံ (၇) များ ရရှိရေး၊ သိမ်းဆည်းလယ်ယာမြေများ ပြန်လည်ရရှိရေး၊ မူးဘောင်လမ်း ပြင်ဆင်ပေးရေး၊ မြင်တန်းကျေး၊ ဒိုင်နတ် တပ်သိမ်းမြေကိစ္စ ကျူးကျော်နေထိုင်ခြင်း ဖယ်ရှားပေးရေး၊ ဒီပဲယင်း-ညောင်လှ လမ်းပိုင်း ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရေး၊ တနယ်-ဆင်ရောက်ကုန်း စာသင်ကျောင်း အလယ်တန်းကျောင်းအဆင့် တိုးမြှင့်ရရှိရေး၊ တည်တောကျေးလက်လမ်းများ ကောင်းမွန်ရေးနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲရရှိရေး၊ အင်ပင်-ယဒင် ကျေးရွာမီးလင်းရေးအတွက် လျှပ်စစ်ထရန်စဖော်မာတစ်လုံး ရရှိရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် စိုက်ပျိုးရေရရှိရေး စသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်သည်များကို ဆွေးနွေးမေးမြန်းခဲ့ကြရာ သက်ဆိုင်ရာဝန်ကြီးများနှင့် တိုင်းဒေသကြီး အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ကဏ္ဍများအလိုက် ပြန်လည်ဖြေကြားပေးခဲ့ကြသည်။

ဘုတလင်မြို့နယ်နှင့် ဒီပဲယင်းမြို့နယ်တို့အတွက် ကဏ္ဍများအလိုက် အသီးသီး ပြန်လည်ဖြေကြားမှုများအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြည်ထောင်စုအစိုးရ တာဝန်ယူဆောင်ရွက်ခဲ့သော သုံးနှစ်တာကာလကျော်အတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများ၊ လက်ရှိနှင့် လာမည့်နှစ်တွင် ဆောင်ရွက်မည့် လုပ်ငန်းများနှင့် ပတ်သက်၍ ထပ်မံ ရှင်းလင်းပြောကြားသည်။

အဆိုပါ ပြည်သူလူထုတွေ့ဆုံပွဲများတွင် တိုင်ကြားစာများကို လက်ခံဆောင်ရွက်ပေးလျက်ရှိရာ မုံရွာခရိုင်အတွင်းရှိ ဘုတလင်မြို့နယ်မှ သုံးစောင်နှင့် ရွှေဘိုခရိုင်အတွင်းရှိ ဒီပဲယင်းမြို့နယ်တို့မှ ၂၈ စောင် စုစုပေါင်း ၃၁ စောင်ရှိကာ သက်ဆိုင်သူများထံသို့ တာဝန်ရှိသူများက ပြန်လည်ဖြေရှင်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းကိုကို (ယင်းမာပင်)**




တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံစဉ်။

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် နည်းစနစ် လေးမျိုးဖြင့် စိုက်ပျိုးထားသည့် စပါးစိုက်ခင်း ကြည့်ရှု

**ပုသိမ် ဩဂုတ် ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် တာဝန်ရှိသူများသည် ဩဂုတ် ၂၀ ရက်က မြောင်းမြမြို့နယ် ကျုံဝါးကျေးရွာရှိ ကွင်းအမှတ် (၂၁၈/၁၅၃၆)၊ ဦးပိုင်အမှတ် (၁၂/၇) ရှိ တောင်သူ ဦးသိန်းဆိုင်ထွန်း၏ လယ်မြေ ၇ ဒသမ ၀၀ ဧကတွင် သက်လျင်/သက်လတ် စပါးမျိုးများ မျိုးယှဉ်ပြိုင်စိုက်ပျိုးထားရှိမှု၊ သစ်စိမ်းမြေဩဇာထည့်သွင်းစမ်းသပ်စိုက်ပျိုးထားရှိမှု၊ ထုံးစမ်းသပ်ထည့်သွင်းစိုက်ပျိုးထားရှိမှု၊ စိုက်နည်းစနစ် လေးမျိုး စိုက်ပျိုးမှုအပေါ် အထွက်နှုန်း ကွာခြားမှုကို တောင်သူများ နှိုင်းယှဉ်သိရှိနိုင်ရန် စိုက်ပျိုးထားရှိမှု အခြေအနေများအား လှည့်လည်ကြည့်ရှုခဲ့သည်။

ထို့နောက် ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ စိုက်ပျိုးရေးဆိုင်ရာ နည်းစနစ်မှန်ကန်၍ စပါးအထွက်နှုန်း တိုးတက်လာစေရန် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီး အစိုးရသည် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ဘက်စုံထောင့်စုံကဏ္ဍစုံမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး မြေဆီလွှာများ ဓာတ်ခွဲစမ်းသပ်လေ့လာခြင်း၊ စံပြကွက်များ ဖော်ထုတ်ခြင်း၊ အထွက်တိုး မျိုးကောင်းမျိုးသန့်များ ဖြန့်ဝေခြင်း၊ လယ်ယာဝန်ဆောင်မှုစင်တာများ တည်ထောင်ခြင်း၊ လက်မှုလယ်ယာမှ စနစ်ကျစက်မှုလယ်ယာစနစ်သို့ပြောင်းလဲခြင်းနှင့် စိုက်ပျိုးရေးနည်းစနစ်များကို တောင်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေး ဆောင်ရွက်လျက်ရှိရာ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများကို တစိုက်မတ်မတ် ဆောင်ရွက်လျက်ရှိသည်။ **မောင်မောင်မြင့်(ပြန်/ဆက်)**



တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင် နည်းစနစ်လေးမျိုးဖြင့် စိုက်ပျိုးထားသည့် စပါးစိုက်ခင်း ကြည့်ရှုစဉ်။

# သိမ်းဆည်းခံမြေများ ပြန်လည်စိစစ်ရေးနှင့်မူလတောင်သူများ အမည်ပေါက် ပြန်လည်အပ်နှံရေးကို မြန်မြန်ဆန်ဆန်ပြီးပြတ်အောင် ဆောင်ရွက်ရမည်ဟု ချင်းပြည်နယ်ဝန်ကြီးချုပ် ပြောကြား

**ဟားခါး ဩဂုတ် ၂၂**

ချင်းပြည်နယ်အတွင်း လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီ၊ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ မြေလွတ်၊မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က ဟားခါးမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြည်နယ် ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်က နိုင်ငံတော်၏မူဝါဒနှင့်အညီ သိမ်းဆည်းခံမြေများ ပြန်လည်စိစစ်ရေးနှင့်မူလတောင်သူများ အမည်ပေါက် ပြန်လည်အပ်နှံရေးကို ၂၀၁၉ ခုနှစ်အတွင်း မြန်မြန်ဆန်ဆန်ပြီးပြတ်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တောင်သူလယ်သမားတို့၏ လူမှုဘဝဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ခြင်းဖြစ်သဖြင့် အဆင့်ဆင့်သော ကော်မတီများမှ မြေပြင်အရောက် ကွင်းဆင်းစိစစ်၍ သုံးသပ်အကြံပြုချက်များ တင်ပြရန် ပြောကြားသည်။

ဆက်လက်၍ ပြည်နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီအတွင်းရေးမှူး၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးတိုးဝင်း၊ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးမှူး ဦးတင်ငြိမ်းတို့က လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြပြီး သက်ဆိုင်ရာ ခရိုင်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီ ဥက္ကဋ္ဌများက မိမိခရိုင်အတွင်းရှိ မြေယာအမှုတွဲတစ်ခုချင်းအလိုက် ဆောင်ရွက်ထားရှိမှုများကို တင်ပြကြသည်။

ထို့နောက် သက်ဆိုင်ရာ ခရိုင်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌများက မိမိခရိုင်အတွင်းရှိ မြေယာ အမှုတွဲတစ်ခုချင်းအလိုက် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြပြီး ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးမှူးက ပြည်နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီ၊ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီတို့နှင့် သက်ဆိုင်သော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များကို တက်ရောက်လာကြသည့် ကော်မတီအဖွဲ့ဝင်များနှင့် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မွန်ပြည်နယ်ရှိ ရေဘေးသင့်ပြည်သူများအတွက် စားသောက်ကုန်ပစ္စည်းများ လှူဒါန်း

**ကျိုက်မရော ဩဂုတ် ၂၂**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်အတွင်း ဩဂုတ်လဆန်းပိုင်းမှစ၍ မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သော ကျိုက်မရောမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် စေတနာရှင်အလှူရှင်များ၊ မွန်ပြည်နယ်အစိုးရအဖွဲ့နှင့် စေတနာရှင်အလှူရှင်များက အလှူငွေကျပ် ၁၁၁၂ သိန်းနှင့် စားသောက်ကုန်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ( ရွှေဟင်္သာ) ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ထောက်ပံ့ငွေများ လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် စေတနာရှင်အလှူရှင်များက လှူဒါန်းသောထောက်ပံ့ငွေကျပ် ၁၁၁၂ သိန်းကို ပေးအပ်လှူဒါန်းရာ မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

**ချိုမြတ်မြတ်ထွေး ( ကျိုက်မရော)**

# ပဲခူးမြို့ကမ္ဘောဇသာဒီနန်းတော်အား ရှေးဟောင်းနယ်မြေဉယျာဉ်အဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေးဆွေးနွေး

**ပဲခူး ဩဂုတ် ၂၂**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာခန်းမ၌ ယမန်နေ့က ပဲခူးမြို့ ကမ္ဘောဇသာဒီနန်းတော်ကို ရှေးဟောင်းနယ်မြေဉယျာဉ်အဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ရန် EOI စိစစ်ခြင်း၊ ရွေးချယ်ခြင်း အခမ်းအနား ကျင်းပသည်။

တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါ်ညွန့်ညွန့်ဌေးက အမှာစကားပြောကြားပြီး Emerald Lake မှ မန်နေဂျင်းဒါရိုက်တာ ဦးဖြိုးလင်းအောင်နှင့် တာဝန်ရှိသူတို့က ကမ္ဘောဇသာဒီနန်းတော်ကို ရှေးဟောင်းနယ်မြေဉယျာဉ်စီမံကိန်းအတွက် လုပ်ငန်းပိုင်းဆိုင်ရာ အသေးစိတ်ကိုလည်းကောင်း၊ ဈေးကွက်ဖော်ဆောင်ခြင်းနှင့် နန်းတော်ရာအား ပြည်တွင်း/ ပြည်ပ စိတ်ဝင်စားမှု မြင့်တက်လာစေရန် ဆောင်ရွက်သွားမည့် အစီအမံများကိုလည်းကောင်း၊ ကမ္ဘောဇသာဒီနန်းတော်ကြီး အဆင့်မြှင့်တင်ဆောင်ရွက်မည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို လည်းကောင်း၊ ကမ္ဘောဇသာဒီနန်းတော်အား ရှေးဟောင်းနယ်မြေဉယျာဉ် စီမံကိန်းအတွက် လုပ်ငန်းဆောင်ရွက်မည့် လုပ်ငန်းစဉ်အသေးစိတ်ကိုလည်းကောင်း တင်ပြဆွေးနွေးသည်။

ထို့နောက် ပဲခူးမြို့နယ် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာအောင်ခင်၊ အစိုးရအဖွဲ့အတွင်းရေးမှူး ဦးခင်မောင်ဆန်း၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် BRCB(T) အဖွဲ့ခေါင်းဆောင် ဦးထိုက်လင်းတို့က တင်ပြချက်များအပေါ် ဝိုင်းဝန်းဆွေးနွေးအကြံပြုပေးခဲ့ကြောင်း သိရသည်။

ကမ္ဘောဇသာဒီနန်းတော်ကို ရှေးဟောင်းနယ်မြေဉယျာဉ်အဖြစ် ဆောင်ရွက်ခြင်းဖြင့် ပြည်တွင်း/ ပြည်ပ ခရီးသွားများအတွက် စိမ်းလန်းစိုပြည်သော အပန်းဖြေနေရာကောင်းတစ်ခု ဖော်ဆောင်ပေးနိုင်မည်ဖြစ်သည့်အပြင် ပဲခူးဒေသအတွင်း၌ လုပ်ကိုင်လျက်ရှိသည့် ပန်းချီ၊ ပန်းပုနှင့် အခြားအိမ်တွင်း လက်မှုပညာပစ္စည်းများလည်း ရောင်းချနိုင်သည့် ဈေးကွက်တစ်ခုကို အကောင်အထည်ဖော်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဟိန်းထက်(ပဲခူး)**

# ရန်ကုန်မြို့ Smart and Eco City စီမံကိန်းအတွက် မူဘောင်သဘောတူညီချက်စာချုပ် လက်မှတ်ရေးထိုး

**ရန်ကုန် ဩဂုတ် ၂၂**

ရန်ကုန်မြို့တွင် အကောင်အထည်ဖော် ဆောင်ရွက်မည့် Smart and Eco City စီမံကိန်းအတွက် ဆောက်လုပ်ရေး ဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနနှင့် Amata Corporation PCL တို့အကြား မူဘောင်သဘောတူညီ ချက်စာချုပ်ကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ လက်မှတ်ရေးထိုးခဲ့ကြသည်။**(အောက်ပုံ)**




အဆိုပါ လက်မှတ်ရေးထိုးပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။ တိုင်းဒေသကြီး ဝန်ကြီးချုပ်က "Amata ကို ရန်ကုန် ရောက်စေချင်ပါတယ်။ ရန်ကုန်မြို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှု၊ ရန်ကုန်မြို့မှာရှိနေတဲ့ ရန်ကုန်မြို့ကို လာရောက်ရင်းနှီးမြှုပ်နှံ လိုသူတွေအတွက် အခွင့်အလမ်းကောင်း ကိုပေးနိုင်တဲ့ စက်မှုဇုန်တစ်ခုအဖြစ်နဲ့ ပေါ်ထွန်းလာစေချင်ပါတယ်။ ရန်ကုန်ရဲ့ အရင်းအမြစ်တွေကို ရန်ကုန်တိုင်း ဒေသကြီးနဲ့ Amata ကြားမှာ ပူးပေါင်း ဆောင်ရွက်မှုနဲ့ ရန်ကုန်ရဲ့အရင်းအမြစ် တွေကို ပိုပြီးတန်ဖိုးရှိတဲ့အခြေအနေ တစ်ခုဖြစ်အောင် ကြိုးစားဆောင်ရွက် သွားချင်ပါတယ်" ဟု ပြောကြားခဲ့သည်။

ထို့နောက် Amata Corporation PCL ၏ ဥက္ကဋ္ဌ Mr. Vikrom Kormadit က ဂုဏ်ယူဝမ်းမြောက်စကား ပြောကြားပြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနနှင့် Amata Corporation PCL တို့မှ တာဝန်ရှိသူများက မူဘောင် သဘောတူညီမှုစာချုပ်ကို လက်မှတ်ရေး ထိုးခဲ့သည်။ ဆက်လက်၍ Amata Corporation PCL နှင့် Global Power Synergy PCL (GPSC) တို့အကြားတွင်လည်းကောင်း၊ Amata Corporation PCL နှင့် SCG Cement-Building Material Co., Ltd တို့အကြားတွင်လည်းကောင်း နားလည်မှုစာချွန်လွှာများ လက်မှတ် ရေးထိုးခဲ့ကြသည်။

ရန်ကုန်မြို့ ဒဂုံအရှေ့ပိုင်းမြို့နယ်ရှိ မြေဧက ၂၀၀၀ တွင် စတင်အကောင် အထည်ဖော်ဆောင်ရွက်မည့် Yangon Amata Smart and Eco City စီမံကိန်းတွင် လမ်းပန်းဆက်သွယ်ရေး၊ ထောက်ပံ့ပို့ဆောင်ရေး၊ ဝန်ဆောင်မှုများ အပြင် အခြားစီးပွားရေးလုပ်ငန်းများကို လည်း အကောင်အထည်ဖော်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစီမံကိန်းတွင် အမေရိကန် ဒေါ်လာ ၁ ဘီလီယံခန့် ရင်းနှီးမြှုပ်နှံမည် ဖြစ်ပြီး ငါးနှစ်အတွင်းစီမံကိန်းအောင်မြင် အောင်အကောင်အထည်ဖော်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း သိရသည်။ စီမံကိန်းအတွင်း စက်မှုဇုန်များ၊ လူနေ အိမ်ရာများ၊ စီးပွားရေးကုမ္ပဏီများ လာရောက်အလုပ်လုပ်ကိုင်နိုင်ရန် နေရာ များပါဝင်မည်ဖြစ်ကာ စီမံကိန်းကာလ အတွင်း အလုပ်အကိုင်အခွင့်အလမ်း ပေါင်း သုံးသောင်းကျော်ခန့်ကို ဖန်တီး ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

Amata သည် ထိုင်းနိုင်ငံစတော့ အိတ်ချိန်း၏ စက်မှုဇုန်မြို့ပြဖော်ဆောင် မှုတွင် လုပ်ငန်းစုကြီးတစ်ခုအဖြစ် စာရင်း ဝင်ထားသော ကုမ္ပဏီတစ်ခုဖြစ်ပြီး လက်ရှိတွင် ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံ တို့တွင် အဓိကကျသော စီမံကိန်းများစွာ ကို လုပ်ငန်းလည်ပတ်ဆောင်ရွက်လျက် ရှိကာ မြန်မာနှင့်လာအိုနိုင်ငံတို့တွင် ဖွံ့ဖြိုး ရေးလုပ်ငန်းများ လုပ်ဆောင်သွားမည် ဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ - ထိန်လင်း**

# ခန္ဓာကိုယ်နှင့် မျက်ကြည်လွှာ စုပေါင်းလှူဒါန်း

**မန္တလေး ဩဂုတ် ၂၂**


တန်ဖိုးရှိသောလူသားများအဖွဲ့မှ ခန္ဓာကိုယ်နှင့် မျက်ကြည်လွှာ စုပေါင်းလှူဒါန်းပွဲကို ယမန်နေ့က ချမ်းအေးသာစံမြို့နယ် ဆေးတက္ကသိုလ် (မန္တလေး)၌ ကျင်းပသည်။

အမြင်အာရုံချို့တဲ့သူများအတွက် မျက်ကြည်လွှာ အစားထိုးကုသရာတွင် အသုံးပြုနိုင်ရန် မျက်ကြည်လွှာ ပိုမိုရရှိရေးနှင့် ဆေးပညာသင်ကြားရာတွင် လည်းကောင်း၊ ဆေးပညာတိုးတက်မှုဆိုင်ရာ သုတေသနလုပ်ငန်းများတွင် လည်းကောင်း လိုအပ်သလို အသုံးပြုနိုင်ရန် အထောက်အကူပြုရန် ရည်ရွယ်ပြီး ခန္ဓာကိုယ်နှင့် မျက်ကြည်လွှာများကို စုပေါင်းလှူဒါန်းခြင်း ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ရန်ကုန်မြို့၌ ကိုယ်တွင်းအင်္ဂါများ အစားထိုးကုသခြင်းအတွက်ပါ လှူဒါန်းပေးနေကြောင်း၊ လစဉ် ၂၁ ရက် တိုင်းဆောင်ရွက်သွားပြီး လှူဒါန်းမှုမှာ လေးကြိမ်ရှိပြီဖြစ်ကြောင်း၊ မန္တလေးတွင် ယခုအကြိမ်မှာ ပထမဆုံးအကြိမ်ဖြစ်ပြီး မကွေးမြို့ တောင်ကြီးမြို့တို့တွင် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အဖွဲ့ဦးဆောင်သူ ဦးဇေသူကိုကို (တစ်ကိုယ်တော်ကူညီသူ၊ ဒါးပိန်မြို့) က ပြောသည်။

အဆိုပါလှူဒါန်းပွဲသို့ တန်ဖိုးရှိသော လူသားများအဖွဲ့မှ အဖွဲ့ဝင်များ၊ ခန္ဓာကိုယ်နှင့် မျက်ကြည်လွှာအလှူရှင်များ၊ အခြားဖိတ်ကြားထားသူများ တက်ရောက်ခဲ့ပြီး ခန္ဓာကိုယ်အလှူရှင် ၅၇ ဦး၊ မျက်ကြည်လွှာအလှူရှင် ၅၅ ဦးတို့က လှူဒါန်းခဲ့ရာ ဆေးတက္ကသိုလ် (မန္တလေး)၊ ခန္ဓာဗေဒဌာနနှင့် မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံ(မန္တလေး) တို့မှ တာဝန်ရှိသူများက စာရင်းသွင်းလက်ခံယူကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

ခန္ဓာကိုယ်နှင့် မျက်ကြည်လွှာ စုပေါင်းလှူဒါန်းမှုအတွက် ဆက်သွယ်လှူဒါန်းလိုသူများအနေဖြင့် ဦးဇေသူကိုကို ဖုန်း- ၀၉၂၅၆၄၃၄၅၃၆၊ ၀၉၇၉၉၆၆၉၉၀၄ တို့သို့ ၂၄နာရီ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **သန်းဇော်မင်း (ပြန်/ဆက်)**




# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၂-၈-၂၀၁၉

| ရွှေ | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၂၂၃၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၅၁၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၂၂၃၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၅၁၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

| စက်သုံးဆီ | | | | |
|---|---|---|---|---|
| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
| ဒီဇယ်(တစ်လီတာ) | ၈၅၀/၈၉၀ | ကျပ် | ၉၀၅/၉၂၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၆၀/၉၁၀ | ကျပ် | ၉၂၀/၉၃၅ | ကျပ် |
| အောက်တိန်း ၉၂ | ၇၅၀/၈၀၅ | ကျပ် | ၈၂၅/၈၅၀ | ကျပ် |
| အောက်တိန်း ၉၅ | ၈၄၀/၈၉၅ | ကျပ် | ၉၃၅/၉၄၅ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

| နိုင်ငံတကာ ငွေကြေးများ | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၂၀ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၈၆ · ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၉၆ · ၆ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၄၆ · ၆ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၄၂၈ · ၆ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၂၈ · ၇ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၄ · ၄၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ · ၁၃၈ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၅ · ၈၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၃ · ၁၆ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၉ · ၃၉၁ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

**စတော့အိတ်ချိန်း ဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၂၀၀၀ | ၁၂၀၀၀ | ၄၅၂၃ | ၅၄၂၆၂၀၀၀ |
| MTSH | ၄၀၀၀ | ၄၁၀၀ | ၇၆၀၉ | ၃၀၈၃၀၉၀၀ |
| MCB | ၈၄၀၀ | ၈၄၀၀ | ၁၆ | ၁၃၄၄၀၀ |
| FPB | ၂၅၅၀၀ | ၂၅၀၀၀ | ၁၂၇၇ | ၃၁၉၃၈၅၀၀ |
| TMH | ၃၀၀၀ | ၃၀၅၀ | ၁၁၀၀ | ၃၃၁၁၀၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - စိုးစိုးနိုင် |
| သတင်းထောက်ချုပ် | - မြင့်ဆွေ |
| စာတည်းများ | - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE
www.mdn.gov.mm

2019-20 EPL WEEK - 3

# မနှစ်ကလိုဂိုးပြတ်မရှုံးအောင် ရှုန်းရမယ့် အာဆင်နယ်

**ပရီမီယာလိဂ်ပွဲစဉ် ၃ ကို လာမယ့် ဩဂုတ်လ ၂၄၊ ၂၅ ရက်နေ့တွေမှာ ကျင်းပသွားမှာ ဖြစ်ပါတယ်။ ဒီပွဲစဉ်မှာတော့ ပွဲစဉ် ၂ မှာနိုင်ပွဲပျောက်ဆုံးခဲ့ကြတဲ့ မန်ယူ၊ မန်စီးတီး၊ စပါး၊ ချယ်လ်ဆီးတို့ နိုင်ပွဲပြန်လည်ရယူနိုင်မလားဆိုတာ စောင့်ကြည့်ရဖို့ရှိနေသလို လီဗာပူးနဲ့ အာဆင်နယ်တွေ့ဆုံတဲ့ပွဲလည်းပါဝင်နေတာကြောင့် အကြိတ်အနယ်ရှိနိုင်ပြီး စိတ်ဝင်စားဖို့လည်း ကောင်းနေပါတယ်။**

## Villa Park

**ဗီလာ - အဲဗာတန်**

အဲဗာတန်က တိုက်စစ်ပိုင်းစွမ်းဆောင်ရည် အားနည်းမှုတွေရှိနေပါတယ်။ ပဲလေ့စ်နဲ့ပွဲမှာ ဂိုးမရခဲ့သလို ဝက်ဖို့ဒ်နဲ့ အိမ်ကွင်းပွဲမှာဆိုရင်လည်း တစ်ဂိုးတည်းနဲ့သာကပ်နိုင်ခဲ့ပါတယ်။ ဗီလာကလည်း ကစားပြီးသမျှ နှစ်ပွဲစလုံးအရေးနိမ့်ခဲ့တာကြောင့် အခုအိမ်ကွင်းပွဲစဉ်မှာ နိုင်ပွဲရယူနိုင်ဖို့အတွက် အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဒါကြောင့် အဲဗာတန်တို့အခက်တွေ့နိုင်ပြီး အပြန်အလှန်သွင်းဂိုးတွေမြင်တွေ့ရနိုင်ကာ သရေကျမယ်။

## American Express

**ဘရိုက်တန် - ဆောက်သမ်တန်**

ဘရိုက်တန်ခြေစွမ်းပိုင်းမဆိုးဘူး။ အဖွင့်ပွဲမှာ ဝက်ဖို့ဒ်ကို ဂိုးပြတ်အနိုင်ရခဲ့သလို ဒုတိယပွဲမှာလည်း ဝက်စ်ဟမ်းကို သရေကစားနိုင်ခဲ့ပါတယ်။ ဒါပေမယ့် ဆောက်သမ်တန်ကလည်း အဖွင့်ပွဲမှာ ဘန်လေကို ဂိုးပြတ်အရေးနိမ့်ခဲ့ရပေမယ့်လည်း ဒုတိယပွဲမှာတော့ လီဗာပူးကို အကောင်းဆုံးခံကစားနိုင်ခဲ့တာတွေ့ရပါတယ်။ နှစ်ပွဲစလုံးအရေးနိမ့်ထားခဲ့တဲ့ ဆောက်သမ်တန်တို့ အားစိုက်ကစားလာမှာဖြစ်တာကြောင့် ဘရိုက်တန်သရေလောက်ပဲရမယ်။

## Vicarage Road

**ဝက်ဖို့ဒ် - ဝက်စ်ဟမ်း**

နှစ်ပွဲကစားပြီးချိန်မှာ နှစ်ပွဲစလုံးအရေးနိမ့်ခဲ့ရတဲ့ ဝက်ဖို့ဒ်ရဲ့ ခြေစွမ်းပိုင်းက အတော်အားနည်းနေပါတယ်။ အထူးသဖြင့် နှစ်ပွဲကစားပြီးချိန်မှာ တစ်ဂိုးမှ သွင်းယူနိုင်ခြင်းမရှိခဲ့တဲ့ တိုက်စစ်ပိုင်းက အတော်လေးအားနည်းနေပါတယ်။ ဝက်စ်ဟမ်းကလည်း နှစ်ပွဲကစားပြီးချိန်မှာ နှစ်ပွဲစလုံးအနိုင်မရခဲ့လို့ ဒီပွဲစဉ်မှာ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဝက်စ်ဟမ်းကပ်နိုင်မယ်။

## Carrow Road

**နော့ဝှစ်ချ် - ချယ်လ်ဆီး**

နော့ဝှစ်ချ်က အိမ်ကွင်းအားနဲ့ တုံ့ပြန်ကစားလာမှာဖြစ်ပါတယ်။ နယူးကာဆယ်နဲ့ပွဲမှာ နော့ဝှစ်ချ်ရဲ့ခြေစွမ်းပိုင်းထက်မြက်ခဲ့သလို ဂိုးပြတ်အနိုင်ရခဲ့ပါတယ်။ ချယ်လ်ဆီးကလည်း နိုင်ပွဲရအောင်အားစိုက်ကစားလာမှာ ဖြစ်တယ်။ ဒါပေမယ့် ချယ်လ်ဆီးခြေက တည်ငြိမ်မှုမရှိသေးလို့ အဝေးကွင်းမှာ အနည်းငယ် အခက်တွေ့နိုင်ပါတယ်။ နော့ဝှစ်ချ်ရဲ့ကစားအားကြောင့် ချယ်လ်ဆီးတို့ အခက်တွေ့နိုင်ခြေရှိနေပြီး ဂိုးပြတ်အနိုင်ရဖို့ ခက်နေသေးတယ်။

## Old Trafford


**မန်ယူ - ပဲလေ့စ်**

ဝုဖ်ကိုသရေသာကစားနိုင်ခဲ့တာကြောင့် မန်ယူတို့ နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အားစိုက်ကစားလာမှာ ဖြစ်ပါတယ်။ အိမ်ကွင်းလည်းဖြစ်နေပါတယ်။ ပဲလေ့စ်ကတော့ လက်ရှိအချိန်မှာခြေစွမ်းပိုင်းအားနည်းနေပါတယ်။ ရှက်ဖီးလ်ကို အရေးနိမ့်ခဲ့ရသလို အဲဗာတန်ကိုလည်း အနိုင်မယူနိုင်ခဲ့ပါဘူး။ အထူးသဖြင့် ပဲလေ့စ်တိုက်စစ်က အခုရာသီမှာ အားနည်းမှုတွေရှိနေတာကို တွေ့ရပါတယ်။ ဒါကြောင့်လည်း မန်ယူတို့ နိုင်ပွဲပြန်ရဖို့ရှိနေပါတယ်။

## Anfield

**လီဗာပူး - အာဆင်နယ်**

နှစ်သင်းစလုံးကစားပြီးသမျှ နှစ်ပွဲစလုံးကို အနိုင်ရယူနိုင်ခဲ့ကြတယ်ဆိုပေမယ့်လည်း ခြေစွမ်းပိုင်းခြင်းနှိုင်းယှဉ်ကြည့်မယ်ဆိုရင်တော့ အာဆင်နယ်က အနည်းငယ်အားနည်းနေပါတယ်။ ဘန်လေကိုရော ကာဆယ်ကိုပါ အနိုင်ရအောင် မနည်းရုန်းကန်ခဲ့ရတယ်။ လီဗာပူးက ခြေစွမ်းကောင်းနေသလို အိမ်ကွင်းဖြစ်တယ်။ လီဗာပူးနိုင်ပွဲရမယ်။



## ဂိုးအများဆုံးသွင်းထားသူများ

| အမည် | အသင်း | ဂိုး |
|---|---|---|
| စတားလင်း | မန်စီးတီး | ၄ |
| တီမူပတ်ကီ | နော့ဝှစ်ချ် | ၄ |
| ဘားနက် | ဘန်လေ | ၃ |
| အဂူရို | မန်စီးတီး | ၂ |
| အူဘာမီယန် | အာဆင်နယ် | ၂ |

**ဝေမိုးဆက်**

## Bramall Lane

**ရှက်ဖီးလ်ယူ - လက်စတာ**

ရှက်ဖီးလ်ယူက အိမ်ကွင်းဖြစ်တာကြောင့် နိုင်ပွဲရယူနိုင်ဖို့အတွက် အားစိုက်ကစားလာမှာ ဖြစ်ပါတယ်။ လက်ရှိအချိန်မှာ ရှက်ဖီးလ်ရဲ့ခြေစွမ်းပိုင်းကလည်း မဆိုးဘူးလို့ ဆိုနိုင်ပါတယ်။ ဒါပေမယ့် ရှက်ဖီးလ်ယူရဲ့တိုက်စစ်ပိုင်းကတော့ ထင်သလောက် ဂိုးသွင်းခြေ မတည်ငြိမ်သေးပါဘူး။ ဒါ့အပြင် လက်စတာရဲ့ခြေစွမ်းပိုင်းကမဆိုးဘူး။ အဝေးကွင်းဖြစ်ပေမယ့်လည်း လက်စတာတို့ကပ်ပြီး အနိုင်ရသွားနိုင်ပါတယ်။

## Vitality Stadium

**ဘုန်းမောက် - မန်စီးတီး**

အဖွင့်ပွဲမှာ ရှက်ဖီးလ်ယူကိုအနိုင်မရခဲ့တဲ့ ဘုန်းမောက်က ဒုတိယပွဲမှာ ဗီလာကို ၁-၂ နဲ့ ကပ်နိုင်ခဲ့လို့ နိုင်ပွဲစရခဲ့ပြီဖြစ်ပါတယ်။ ဒီပွဲမှာလည်း ရလဒ်ကောင်းဖို့ ဘုန်းမောက်တို့ အိမ်ကွင်းမှာ အားစိုက်လာမှာပါ။ ဒါပေမယ့် မန်စီးတီးကလည်း စပါးနဲ့သရေကျခဲ့လို့ နိုင်ပွဲပြန်ရအောင် အားစိုက်မှာဖြစ်ပါတယ်။ အထူးသဖြင့် စပါးကိုအနိုင်မရခဲ့တဲ့ပွဲမှာတောင် မန်စီးတီးကစားပုံ ကောင်းခဲ့လို့ မန်စီးတီးပဲဂိုးပြတ်နိုင်မယ်။

## Tottenham Hotspur

**စပါး - ကာဆယ်**

ကာဆယ်က နှစ်ပွဲကစားပြီးချိန်မှာ နှစ်ပွဲစလုံးအနိုင်မရခဲ့တာကြောင့် အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဒါပေမယ့် ခြေစွမ်းပိုင်းကတော့ အားရစရာမရှိဘဲ တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေအားနည်းလွန်းပါတယ်။ မန်စီးတီးကို ခြေစွမ်းအရမယှဉ်နိုင်ခဲ့ပေမယ့် သရေကစားနိုင်ခဲ့တဲ့ စပါးကတော့ အခုအိမ်ကွင်းပွဲမှာလည်း ရလဒ်ကောင်းဖို့ အားစိုက်လာမှာသေချာပါတယ်။ စပါးအနိုင်သေချာတယ်။

## Molineux Stadium

**ဝုဖ် - ဘန်လေ**

ဝုဖ်က အိမ်ကွင်းဖြစ်တာကြောင့် နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာဖြစ်ပေမယ့် ယူရိုပါလိဂ်ပွဲတွေကြောင့် ပွဲပန်းလာနိုင်ပါတယ်။ အထူးသဖြင့် တိုရီနိုလို အသင်းကောင်းနဲ့ ယူရိုပါလိဂ်မှာ ရင်ဆိုင်ခဲ့ရလို့ ဒီပွဲမှာ ဝုဖ်တို့ခြေကုန်ထုတ်နိုင်ဖို့ ခက်ပါတယ်။ ဘန်လေက လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းကောင်းမွန်နေတယ်။ ဝုဖ်သရေလောက်ပဲရမယ်။

### ဒေါ့မွန်တောင်ပံကစားသမား ဆန်ချိုအား ဇန်နဝါရီဈေးကွက်တွင် ခေါ်ယူရန် မန်ယူ ပစ်မှတ်ထားနေ



မန်ယူအသင်းသည် လာမည့် ဇန်နဝါရီဈေးကွက်ကာလအတွင်းတွင် ဒေါ့မွန်အသင်း တောင်ပံကစားသမား ဂျာဒွန်ဆန်ချိုအား ခေါ်ယူနိုင်ရန် ပစ်မှတ်ထားနေကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

ချန်ပီယံလိဂ်ပြိုင်ပွဲ ဝင်ခွင့်ပြန်လည်ရရှိရေးအတွက် ပစ်မှတ်ထားနေသည့် မန်ယူအသင်းအနေဖြင့် အသက် ၁၉ နှစ်အရွယ်ရှိ အင်္ဂလန်ကစားသမား ဆန်ချိုအား ခေါ်ယူရေးအတွက် ပေါင်သန်း ၁၀၀ အသုံးပြုသွားရန် ရည်မှန်းထားသည်ဟုဆိုသည်။ မန်ယူအသင်းသည် နွေရာသီဈေးကွက်ကာလအတွင်းတွင် တိုက်စစ်မှူး လူကာကူအား အင်တာမီလန်အသင်းထံသို့ ပြောင်းရွှေ့ကြေး ပေါင် ၇၅ သန်းဖြင့် ရောင်းချခဲ့ခြင်းကြောင့် တောင်ပံကစားသမား ဆန်ချိုအား ခေါ်ယူရေးအတွက် သုံးစွဲရန် ငွေကြေးရှိနေသည်။ မန်ယူ အသင်းမန်နေဂျာ ဆိုးလ်ရှားသည် တိုက်စစ်မှူး လူကာကူအား ရောင်းချရာမှ ရရှိခဲ့သည့် ငွေကြေးအားလုံးကို ကစားသမားသစ် ခေါ်ယူရေးအတွက် အသုံးပြုခွင့် ရရှိထားကာ ကွင်းလယ်ဖန်တီးရှင်ကစားသမားတစ်ဦး ခေါ်ယူရေးသည် ဆိုးလ်ရှား၏ အဓိက ဦးစားပေးအဖြစ်ရှိနေသည်ဟု သတင်းများတွင် ဆက်လက်ရေးသားထားသည်။

ဆန်ချိုအား ခေါ်ယူရေးနှင့်ပတ်သက်၍ မန်ယူအသင်းနှင့် နီးစပ်သူတစ်ဦးက "ဇန်နဝါရီကစားသမား အပြောင်းအရွှေ့ဈေးကွက်ကာလမှာ ကစားသမားသစ်ခေါ်ယူဖို့အတွက် ငွေက အဆင်သင့်ရှိနေပါတယ်။ ဒါကို မန်နေဂျာ ဆိုးလ်ရှားလည်း သိရှိထားတယ်။ ဇန်နဝါရီဈေးကွက်ဟာ ကစားသမားသစ်ခေါ်ယူရေးကိစ္စတွေမှာ ခက်ခဲတဲ့ ကာလတစ်ခုဆိုတာကို အားလုံးသိထားပါတယ်။ ဒါပေမယ့် ဇန်နဝါရီလအတွင်းမှာ မန်ယူအသင်းက ထိပ်ဆုံးလေးသင်း စာရင်းဝင်အသင်းဖြစ်နေမယ်ဆိုရင် အသင်းပိုင်ရှင်တွေအနေနဲ့ မန်နေဂျာ ဆိုးလ်ရှား ခေါ်ယူချင်တဲ့ ကစားသမားကို ခေါ်ယူပေးဖို့ တုံ့ဆိုင်းနေမှာမဟုတ်ပါဘူး"ဟု ပြောဆိုခဲ့သည်။ **ထက်အောင်**

### လာမည့် နှစ်နှစ် သုံးနှစ်အတွင်း နည်းပြလောကမှ အနားယူနိုင်သည်ဟု ဂျာဂျင်ကလော့ ပြောဆို



လီဗာပူအသင်းမန်နေဂျာ ဂျာဂျင်ကလော့က ၎င်းသည် လီဗာပူး အသင်းနှင့် ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းကုန်ဆုံးချိန်တွင် မန်နေဂျာလောကမှ အနားယူဖြစ်ဖွယ်ရှိကြောင်း အံ့အားသင့်ဖွယ် ထုတ်ဖော်ပြောဆိုလိုက်သည်။

ဂျာမနီလူမျိုး မန်နေဂျာ ဂျာဂျင်ကလော့ (၅၂ နှစ်)သည် လီဗာပူးအသင်းနှင့် ၂၀၂၂ ခုနှစ်အထိ စာချုပ်ချုပ်ဆိုထားသူဖြစ်သည်။ မန်နေဂျာ ဂျာဂျင်ကလော့သည် ပြီးခဲ့သည့် ဘောလုံးရာသီတွင် လီဗာပူးအသင်းအား ချန်ပီယံလိဂ်ဆုဖလားရယူနိုင်စေရန်နှင့် ပရီမီယာလိဂ်ပြိုင်ပွဲတွင် ရမှတ် ၉၇ မှတ်ဖြင့် အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နိုင်စေရန် ဦးဆောင်ပေးနိုင်ခဲ့သူဖြစ်သည်။

မန်နေဂျာ ဂျာဂျင်ကလော့က သတင်းမီဒီယာတစ်ခုနှင့် တွေ့ဆုံရာတွင် "လက်ရှိအချိန်မှာတော့ ကျွန်တော့်ရဲ့ မန်နေဂျာဘဝက ရှေ့ဆက်နေဦးမှာပါ။ ဒါပေမယ့် နောက်ထပ်လာမယ့် နှစ်နှစ်၊ သုံးနှစ်လောက်အတွင်း ဘာဖြစ်လာမလဲဆိုတာ ကျွန်တော်မသိသေးပါဘူး။ နည်းပြလောကကနေ အနားယူတာမျိုးလည်းဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ တကယ်လို့ ဒီလိုဖြစ်လာမယ်ဆိုရင်လည်း အံ့အားမသင့်စေချင်ဘူး" ဟု ပြောဆိုခဲ့သည်။

လီဗာပူးအသင်းသည် မန်နေဂျာ ဂျာဂျင်ကလော့၏ လက်အောက်တွင် စုစုပေါင်း ၂၁၂ ပွဲ ယှဉ်ပြိုင်ကစားပြီးချိန်၌ ၁၂၀ ပွဲ အနိုင်ရရှိထားကာ ၅၄ ပွဲ သရေကျထားပြီး ၃၇ ပွဲ အရေးနိမ့်ခဲ့သည်။ ၂၀၁၉-၂၀၂၀ ပြည့်နှစ် ပရီမီယာလိဂ်ပြိုင်ပွဲတွင် လီဗာပူးအသင်းသည် ရာသီအဖွင့် နှစ်ပွဲကစားပြီးချိန်၌ နှစ်ပွဲစလုံး အနိုင်ရရှိထားကာ အာဆင်နယ်အသင်းနှင့် ရမှတ်ချင်းတူညီနေသော်လည်း ဂိုးကွာခြားချက်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်ခွင့်ရရှိနေသည့် အသင်းဖြစ်သည်။ ဂျာဂျင်ကလော့က ၎င်းသည် အခြားနည်းပြများထက် နည်းပြလောကမှ စောစီးစွာ အနားယူနိုင်ဖွယ်ရှိကြောင်းလည်း မှတ်ချက်ပြုပြောဆိုခဲ့ဖူးသူဖြစ်သည်။ **ထက်အောင်**

### ဂယ်ရီနေဗီးလ်၏ မှတ်ချက်စကားကို လီဗာပူးတိုက်စစ်မှူး ဆာလက် တုံ့ပြန်



လီဗာပူးအသင်း တိုက်စစ်မှူး မိုဟာမက်ဆာလက်က ၎င်းသည် လီဗာပူးအသင်းတွင် ပါဝင်ကစားရသည်ကို ပျော်ရွှင်နေကြောင်း ထုတ်ဖော် ပြောဆိုလိုက်သည်။

ရီးရဲမက်ဒရစ်အသင်း၏ စိတ်ဝင်စားမှု ခံနေရသူ အီဂျစ်ကစားသမား ဆာလက် (၂၇နှစ်)သည် လာမည့် ၁၂ လအတွင်း လီဗာပူးအသင်းမှ ထွက်ခွာလိမ့်မည်ဟု ဘောလုံးရေးရာကျွမ်းကျင်သူအဖြစ် လုပ်ကိုင်နေသူ အင်္ဂလန်ခံစစ် မှူးဟောင်း ဂယ်ရီနေဗီးလ်က ဟောကိန်းထုတ်ပြောဆိုခဲ့ခြင်းအပေါ် တိုက်စစ်မှူး ဆာလက်က တုံ့ပြန်ပြောဆိုခဲ့ခြင်းဖြစ်သည်။

ဂယ်ရီနေဗီးလ်က "ဆာလက်ဟာ လာမယ့် ၁၂ လအတွင်းမှာ လီဗာပူးအသင်းကနေ ထွက်ခွာသွားပါလိမ့်မယ်။ ဒါကို ကျွန်တော် ကြိုမြင်ထားတယ်။ ကျွန်တော့်ရဲ့လုပ်ဖော်ကိုင်ဖက်ဖြစ်တဲ့ ကာရေဂါကလည်း အဲဒီလိုပဲ ယူဆထားတယ်။ ဒါပေမယ့် သူကတော့ ဒါကို ထုတ်ဖော်ပြောဆိုခြင်းမရှိဘူး။ လာမယ့် ၁၂ လအတွင်းမှာ ဆာလက်ဟာ လီဗာပူးက ထွက်ခွာသွားလိမ့်မယ် ဆိုတာကို ကျွန်တော်အသေအချာ ပြောချင်ပါတယ်" ဟု ပြောသည်။

ဂယ်ရီနေဗီးလ်၏ ပြောဆိုမှုနှင့် ပတ်သက်၍ တိုက်စစ်မှူး ဆာလက်က "ကျွန်တော်ဟာ လီဗာပူးအသင်းမှာ ပျော်ရွှင်နေပါတယ်။ ဒီမြို့မှာနေရတာကိုလည်း ပျော်ရွှင်နေတယ်။ လီဗာပူးအသင်းပရိသတ်တွေကို ကျွန်တော် ချစ်ခင်သလို သူတို့ကလည်း ကျွန်တော့်အပေါ်မှာ ချစ်ခင်မှုရှိတယ်"ဟု ပြောဆိုခဲ့သည်။

ဘေဆယ်၊ ချယ်လ်ဆီး၊ ဖီအိုရင်တီးနား စသည့်အသင်းများတွင်လည်း ပါဝင်ကစားခဲ့ဖူးသူ တိုက်စစ်မှူး ဆာလက်သည် လီဗာပူးအသင်းအတွက် စုစုပေါင်း ၁၀၈ ပွဲ ပါဝင်ကစားပြီးချိန်တွင် ၇၂ ဂိုး သွင်းယူပေးထားကာ လီဗာပူးအသင်း၏ အဓိကကစားသမားတစ်ဦးအဖြစ် ရပ်တည်နေသူဖြစ်သည်။ **ထက်အောင်**

# စိန်ခေါ်မှုတွေရင်ဆိုင်ရမယ့်

## ဘွန်ဒက်စ်လီဂါခရီးကြမ်းပေါ်က ကော်တင်ညို

အောင်က

ဒီနှစ်နွေရာသီဈေးကွက်စတင်ချိန်ကတည်းက ကြားနေခဲ့ရတဲ့ ကော်တင်ညိုရဲ့ အပြောင်းအရွှေ့သတင်း။ အခုတော့ တစ်ခန်းရပ်သွားခဲ့ပြီ။ ကော်တင်ညိုဟာ ဘိုင်ယန်မြူးနစ်အသင်းကို တစ်ရာသီအငှားနဲ့ ပြောင်းရွှေ့လာခဲ့ပြီ။ အငှားစာချုပ်သက်တမ်းကုန်ဆုံးချိန်မှာလည်း ပေါင် ၁၀၉ သန်းနဲ့ ခေါ်ယူခွင့်ကိုလည်း သဘောတူထားပြီဖြစ်ပါတယ်။ ကော်တင်ညိုအတွက်တော့ ဒေသစိမ်းဖြစ်တဲ့ ဂျာမန်မြေဟာ သူ့အတွက်တော့ စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်ရမယ့်နေရာတစ်ခုလို့ ပြောရမယ်။



### ဘာစီလိုနာခရီးကြမ်း

ကော်တင်ညိုဟာ ၂၀၁၈ ခုနှစ် ဇန်နဝါရီမှာ ပရီမီယာလိဂ်ကလပ် လီဗာပူးအသင်းကနေ ဘာစီလိုနာအသင်းကို ပေါင် ၁၄၂ သန်းနဲ့ ပြောင်းရွှေ့သွားခဲ့တယ်။ ရာသီဝက်ကာလတွင်းမှာ ပြောင်းရွှေ့သွားတဲ့ ကော်တင်ညိုရဲ့ဇာတ်လမ်းဟာ အဲဒီကာလတုန်းကတော့ ဘောလုံးလောကရဲ့အလှုပ်ခပ်ဆုံး သတင်းတစ်ပုဒ်ဖြစ်ခဲ့တယ်။

နေမာထွက်သွားကတည်းက စိတ်ပျက်မှုတွေရှိနေခဲ့တဲ့ ဘာစီလိုနာ ပရိသတ်တွေအတွက်ကလည်း ဖြေသာစရာ၊ အစားထိုးစရာကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခဲ့ကြတယ်။ သူကလည်း ရာသီဝက်အတွင်းမှာ အသင်းနဲ့အတူ လာလီဂါ ၁၈ပွဲကစားပြီး ရှစ်ဂိုးသွင်းယူပေးခဲ့တယ်။ သူ့ရဲ့စပိန်မြေမှာ ပွဲဦးထွက် စွမ်းဆောင်မှုတွေဟာ မဆိုးဘူးဆိုတဲ့ အဆင့်နဲ့ပဲ ကျေနပ်ခဲ့ရတယ်။

ဒါပေမယ့် ပြီးခဲ့တဲ့နှစ် တစ်ရာသီလုံး ကော်တင်ညိုဟာ လာလီဂါ ၃၄ ပွဲမှာ ငါးဂိုးသာ သွင်းယူနိုင်ခဲ့တယ်။ ဒါဟာ ကမ္ဘာ့ကျော်ကစားသမားတွေချည်းပဲ တစ်စုတစ်စည်းတည်း ရှိနေတဲ့ ဘာစီလိုနာအသင်းအတွက် အားကိုးရလောက်တဲ့ ခြေစွမ်းမျိုးမဟုတ်ဘူး။ ဒါကြောင့်လည်း ပြီးခဲ့ရာသီမကုန်ခင်ကတည်းက ဘာစီလိုနာအသင်းဟာ ကော်တင်ညိုကိုရောင်းထုတ်ဖို့ပြင်နေခဲ့တယ်။ ကော်တင်ညိုကိုယ်တိုင်ကလည်း ခြေစွမ်းပြကစားနိုင်ခြင်းမရှိတဲ့ စပိန်မြေကို စွန့်ခွာဖို့ ဆန္ဒရှိနေခဲ့တယ်။

ကော်တင်ညိုဟာ ဘာစီလိုနာအသင်းမှာ ကစားခဲ့တဲ့ တစ်နှစ်ခွဲကာလအတွင်း ပြိုင်ပွဲစုံပွဲပေါင်း ၇၅ ပွဲ ပါဝင်ကစားပြီး ၂၁ ဂိုးသွင်းယူကာ ဂိုးရရှိအောင် ၁၁ ကြိမ် ပံ့ပိုးပေးနိုင်ခဲ့တယ်။ ဆုဖလားကတော့ စုစုပေါင်း လေးလုံးရယူနိုင်ခဲ့တယ်။ အဲဒါဟာ ကော်တင်ညိုအတွက်တော့ အောင်မြင်မှုလို့ဆိုနိုင်မလား။

### စိန်ခေါ်မှု

ဘိုင်ယန်မြူးနစ်အသင်းကလည်း အသင်းရဲ့ဝါရင့်တောင်ပံကစားသမားနှစ်ဦးဖြစ်တဲ့ ရီဘာရီနဲ့ ရော်ဘင်တို့အသင်းကနေ ထွက်ခွာသွားခဲ့တာကြောင့် အသင်းရဲ့ အင်အားအတွက် အကောင်းဆုံးကစားသမားတွေ ဖြည့်တင်းဖို့လိုတယ်လို့တော့ ပြောရမယ်။ ကနဦးသတင်းတွေအရဆိုရင် ဘိုင်ယန်မြူးနစ်အနေနဲ့ မန်စီးတီးအသင်းကစားသမား ဆာနေးကို အဓိကထားခေါ်ယူဖို့ ပြင်ဆင်နေခဲ့တယ်။ နွေရာသီဈေးကွက်တစ်ခုလုံးမှာလည်း ဆာနေးကိုရရှိဖို့သာ ပြင်ဆင်နေခဲ့တယ်။ နောက်ဆုံး ဆာနေးကို မခေါ်ယူနိုင်တော့မှ ကော်တင်ညိုကို အငှားနဲ့ ခေါ်ယူခဲ့တာလည်း ဖြစ်ပါတယ်။

> **ဘိုင်ယန်မြူးနစ်အနေနဲ့ မန်စီးတီးအသင်းကစားသမား ဆာနေးကို အဓိကထားခေါ်ယူဖို့ ပြင်ဆင်နေခဲ့တယ်။ နွေရာသီဈေးကွက်တစ်ခုလုံးမှာလည်း ဆာနေးကိုရရှိဖို့သာ ပြင်ဆင်နေခဲ့တယ်။ နောက်ဆုံး ဆာနေးကို မခေါ်ယူနိုင်တော့မှ ကော်တင်ညိုကို အငှားနဲ့ခေါ်ယူခဲ့တာလည်း ဖြစ်ပါတယ်။**

ကော်တင်ညိုအနေနဲ့ ဘိုင်ယန်မြူးနစ် အသင်းမှာရော အကောင်းဆုံးခြေစွမ်းတွေနဲ့ကစားနိုင်မလား။ ဘိုင်ယန်မြူးနစ်အသင်းဟာ ဒီနှစ်နွေရာသီမှာ ပါရီဆစ်အပါအဝင် ကော်တင်ညိုကိုပါ အငှားနဲ့ခေါ်ယူခဲ့တယ်။ ကော်တင်ညိုကတော့ ဘိုင်ယန်မြူးနစ်အသင်းသမိုင်းမှာ ၁၁ယောက်မြောက်အငှားနဲ့ခေါ်ယူတဲ့ ကစားသမားလည်းဖြစ်တယ်။ ဒါပေမယ့်အသင်းမှာ အငှားနဲ့ လာရောက်ကစားခဲ့တဲ့ ပြီးခဲ့တဲ့ ကစားသမား ကိုးယောက်ထဲမှာဆိုရင် နှစ်ယောက်သာအသင်းရဲ့ အမြဲတမ်းကစားသမားအဖြစ်ကစားနိုင်ခဲ့တယ်။ ဘိုင်ယန်မြူးနစ်အသင်းမှာ အငှားနဲ့ လာရောက်ကစားတဲ့ကစားသမားတိုင်းဟာ အောင်မြင်မှုရတာကနည်းတယ်လို့ ပြောရမယ်။ ဒါကြောင့် ကော်တင်ညိုအတွက်တော့ ဘိုင်ယန်မြူးနစ်အသင်းမှာ လာကစားတာဟာ ကြီးမားတဲ့စိန်ခေါ်မှုတစ်ခုကို ရင်ဆိုင်လိုက်တာလို့တောင် ပြောရမယ်။

ပြီးခဲ့တဲ့ နှစ်ရာသီတုန်းက ရီးရဲမက်ဒရစ်အသင်းကနေ ဘိုင်ယန်မြူးနစ်အသင်းကို အငှားနဲ့ပြောင်းရွှေ့လာခဲ့တဲ့ ဂျိန်းစ်ရိုဒရီဂွက်ဇ်ဆိုရင်လည်း ဂျာမန်မြေဟာ သူ့အတွက်တော့ အောင်မြေ မဖြစ်ခဲ့ဘူး။ ပြီးခဲ့တဲ့ နှစ်ရာသီအတွင်း ဂျိန်းစ်ဟာ ဘိုင်ယန်မြူးနစ်အသင်းနဲ့အတူ ပွဲပေါင်း ၆၇ ပွဲပါဝင်ကစားပြီး ၁၅ ဂိုးသာ သွင်းယူနိုင်ခဲ့တယ်။ ဒါကြောင့်လည်း ဂျိန်းစ်ဟာ အငှားစာချုပ်သက်တမ်းကုန်ဆုံးပြီးတဲ့နောက်မှာ အသင်းအနေနဲ့သူ့ကိုထပ်မံခေါ်ယူဖို့ ငြင်းဆိုခံခဲ့ရတာ ဖြစ်တယ်။ ဒါကြောင့်လည်း ကော်တင်ညိုအနေနဲ့ ဂျိန်းစ်လို အလားတူလိုဖြစ်ရပ်မျိုးနဲ့ ဇာတ်သိမ်းသွားမလား။ သူ့အတွက် ဂျာမန်မြေဟာအောင် မြေဖြစ်လာမလား။

ကော်တင်ညိုအတွက်တော့ အသားမကျနိုင်တဲ့ စပိန်မြေကို စွန့်ခွာတယ်ဆိုတာက ဖြစ်သင့်တယ်လို့ဆိုကောင်း ဆိုရမယ်။ ဒါပေမယ့် စိန်ခေါ်မှုတွေ ပြည့်နက်နေတဲ့ ဂျာမန်မြေဟာ သူ့အတွက် သင့်တော်မှန်ကန်တဲ့ ပြောင်းရွှေ့စရာနေရာတစ်ခုဖြစ်မလားဆိုတာကိုတော့ စောင့်ကြည့်ရဦးမှာဖြစ်ပါတယ်။

---

### ပရီမီယာလိဂ်ပွဲစဉ် (၃)

| | | | |
|---|---|---|---|
| **သောကြာနေ့** | | | **၂၃-၈-၁၉** |
| နံနက် ၁း၃၀ | ဗီလာ | - | အဲဗာတန် |
| **စနေနေ့** | | | **၂၄-၈-၁၉** |
| ည ၆း၀၀ | နော့ဝှစ်ချ် | - | ချယ်လ်ဆီး |
| ည ၈း၃၀ | ဘရိုက်တန် | - | ဆောက်သမ်တန် |
| ည ၈း၃၀ | မန်ယူ | - | ပဲလေ့စ် |
| ည ၈း၃၀ | ရှက်ဖီးလ် | - | လက်စတာ |
| ည ၈း၃၀ | ဝက်ဖို့ဒ် | - | ဝက်စ်ဟမ်း |
| ည ၁၁း၀၀ | လီဗာပူး | - | အာဆင်နယ် |
| **တနင်္ဂနွေနေ့** | | | **၂၅-၈-၁၉** |
| ည ၇း၃၀ | ဘုန်းမောက် | - | မန်စီးတီး |
| ည ၁၀း၀၀ | စပါး | - | ကာဆယ် |
| ည ၁၀း၀၀ | ဝုဖ် | - | ဘန်လေ |

### လာလီဂါပွဲစဉ် (၂)

| | | | |
|---|---|---|---|
| **သောကြာနေ့** | | | **၂၃-၈-၁၉** |
| နံနက် ၀၀း၃၀ | ဂရန်နာဒါ | - | ဆီဗီလာ |
| နံနက် ၂း၃၀ | လီဗန်တေး | - | ဗီလာရီးရဲ |
| **စနေနေ့** | | | **၂၄-၈-၁၉** |
| ည ၉း၃၀ | အိုဆာစူနာ | - | အီဘာ |
| ည ၁၁း၃၀ | ရီးရဲ | - | ဗယ်လာဒိုးလစ် |
| နံနက် ၁း၃၀ | ဆယ်တာဗီဂို | - | ဗလင်စီယာ |
| နံနက် ၁း၃၀ | ဂီတာဖေး | - | ဘီဘာအို |
| **တနင်္ဂနွေနေ့** | | | **၂၅-၈-၁၉** |
| ည ၉း၃၀ | အလာဗက်စ် | - | အက်စ်ပန်ညို |
| ည ၉း၃၀ | မာယော့ကာ | - | ဆိုစီဒက်စ် |
| ည ၁၁း၃၀ | လီဂါနက်စ် | - | အက်သလက်တီကို |
| နံနက် ၁း၃၀ | ဘာစီလိုနာ | - | ဘက်တစ် |

### ပြင်သစ်ပထမတန်းပွဲစဉ် (၃)

| | | | |
|---|---|---|---|
| **စနေနေ့** | | | **၂၄-၈-၁၉** |
| နံနက် ၀၀း၃၀ | အာမီယံ | - | နန့်စ် |
| နံနက် ၀၀း၃၀ | ဒီဂျွန် | - | ဘော်ဒိုး |
| နံနက် ၀၀း၃၀ | အန်ဂျာ | - | မက်ဇ် |
| နံနက် ၀၀း၃၀ | ဘီရက် | - | ရိမ်းစ် |
| **တနင်္ဂနွေနေ့** | | | **၂၅-၈-၁၉** |
| ည ၇း၃၀ | မိုနာကို | - | နီမက်စ် |
| ည ၉း၃၀ | စထက်ဘော့ချ် | - | ရိန်းနက်စ် |
| နံနက် ၁း၃၀ | ပီအက်စ်ဂျီ | - | တူးလောက်စ် |
| **အင်္ဂါနေ့** | | | **၂၇-၈-၁၉** |
| ည ၁၁း၃၀ | မောင့်ပယ်လီယာ | - | လိုင်ယွန် |
| **ဗုဒ္ဓဟူးနေ့** | | | **၂၈-၈-၁၉** |
| ည ၁၁း၃၀ | လိုင်လီ | - | စိန့်အက်တီယန် |
| နံနက် ၁း၃၀ | နိုက်စ် | - | မာဆေး |

### စီးရီးအေပွဲစဉ် (၁)

| | | | |
|---|---|---|---|
| **စနေနေ့** | | | **၂၄-၈-၁၉** |
| ည ၁၀း၃၀ | ပါမား | - | ဂျူဗင်တပ်စ် |
| နံနက် ၁း၁၅ | ဖီအိုရင်တီးနား | - | နာပိုလီ |
| **တနင်္ဂနွေနေ့** | | | **၂၅-၈-၁၉** |
| ည ၁၀း၃၀ | အူဒီးနိစ် | - | မီလန် |
| နံနက် ၁း၁၅ | ကယ်ဂလီယာရီ | - | ဘရက်ရှား |
| နံနက် ၁း၁၅ | ဗီရိုနာ | - | ဘိုလော့ဂ်နာ |
| နံနက် ၁း၁၅ | ရိုးမား | - | ဂျီနိုအာ |
| နံနက် ၁း၁၅ | ဆမ်ဒိုးရီးယား | - | လာဇီယို |
| နံနက် ၁း၁၅ | SPAL | - | အတ္တလန္တာ |
| နံနက် ၁း၁၅ | တိုရီနို | - | ဆက်ဆူအိုလို |
| **တနင်္လာနေ့** | | | **၂၆-၈-၁၉** |
| နံနက် ၁း၁၅ | အင်တာ | - | လေချီ |

# မြေသိမ်းဆည်းခြင်း၊ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

၂၇။ ဗဟိုကော်မတီသည် -

(က) မြေသိမ်းဆည်းရန် အဆိုပြုသည့် ဌာန၊ အဖွဲ့အစည်းက အဆိုပြုလွှာနှင့် စုံစမ်းစစ်ဆေးတွေ့ရှိချက်များကိုလည်းကောင်း၊ နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က ပုဒ်မ ၂၆၊ ပုဒ်မခွဲ (က) အရ မြေသိမ်းဆည်းရန် သင့်မသင့် တင်ပြလာသည့် သဘောထားမှတ်ချက်ကိုလည်းကောင်း စိစစ်ပြီး အများပြည်သူအကျိုးအလို့ငှာ မြေသိမ်းဆည်းရန် သင့် မသင့် မိမိ၏ တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်ကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဆက်လက်တင်ပြရမည်။

(ခ) ပုဒ်မခွဲ (က) အရ တင်ပြရာတွင် အများပြည်သူအကျိုးအလို့ငှာ မြေသိမ်းဆည်းသင့်ကြောင်း သဘောထားမှတ်ချက်ပြုပါက မြေသိမ်းဆည်းရန် အဆိုပြုသည့် အထောက်အထားများနှင့်အတူ ယင်းမြေကို သိမ်းယူမည်ဖြစ်ကြောင်း အမိန့်ကြော်ငြာစာမူကြမ်း ပူးတွဲပါရှိရမည်။

၂၈။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) ပုဒ်မ ၂၇ အရ တင်ပြသည့် သဘောထားမှတ်ချက်နှင့် အဆိုပြုသည့် အထောက်အထားများကို စိစစ်ပြီး အဆိုပြုသည့်မြေကို အများပြည်သူအကျိုးအလို့ငှာ သိမ်းဆည်းကြောင်း သို့မဟုတ် သိမ်းဆည်းခြင်း မပြုကြောင်း ဆုံးဖြတ်ချက် ချမှတ်ရမည်။ ယင်းဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်သည်။

(ခ) ပုဒ်မခွဲ (က) အရ အဆိုပြုသည့်မြေကို အများပြည်သူအကျိုးအလို့ငှာ သိမ်းဆည်းကြောင်း ဆုံးဖြတ်ပါက အများပြည်သူသိရှိရန် အဆိုပြုသည့် မြေကို သိမ်းယူမည်ဖြစ်ကြောင်း အမိန့်ကြော်ငြာစာကို တာဝန်ခံဝန်ကြီးဌာနက ပုဒ်မ ၁၆ နှင့် ၁၇ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ထုတ်ပြန်ကြေညာနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်ရန် ဗဟိုကော်မတီသို့ အကြောင်းကြားရမည်။ ထိုအကြောင်းကြားချက် မိတ္တူကို တာဝန်ခံဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ ပေးပို့ရမည်။

၂၉။ ဗဟိုကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့က ပုဒ်မ ၂၈ အရ အကြောင်းကြားစာရရှိပြီးနောက် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန် တာဝန်ခံဝန်ကြီးဌာန၊ နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် မြေသိမ်းဆည်းမှု အကောင်အထည်ဖော် ဆောင်ရွက်ရေးအဖွဲ့သို့ အကြောင်းကြားရမည်။

၃၀။ မြေသိမ်းဆည်းမှု အကောင်အထည်ဖော် ဆောင်ရွက်ရေးအဖွဲ့သည် ပုဒ်မ ၂၉ အရ အကြောင်းကြားစာရရှိပြီးနောက် မြေကို သိမ်းယူမည်ဖြစ်ကြောင်း အမိန့်ကြော်ငြာစာ မထုတ်ပြန်မီ ရုံးလုပ်ငန်းကိစ္စအဝဝနှင့် မြေပြင်ကွင်းဆင်းလုပ်ငန်းအရပ်ရပ်အတွက် လိုအပ်မည့် ခန့်မှန်းကုန်ကျစရိတ်နှင့် ပေးလျော်ရန် ဖြစ်ပေါ်လာမည့် လျော်ကြေးနှင့် နစ်နာကြေးအပြင် အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲရေး ကုန်ကျစရိတ်များကို ကြိုတင်တွက်ချက်၍ မြေသိမ်းဆည်းရန် အဆိုပြုသည့် ဌာန၊ အဖွဲ့အစည်းထံမှ ကြိုတင်တောင်းခံပြီး ဦးစီးဌာနသို့ ပေးသွင်းစေရမည်။ အဆိုပါ ကုန်ကျစရိတ်ငွေများကို ဦးစီးဌာန၏ လက်ဝယ်ရောက်ရှိ ထိန်းသိမ်းပြီးမှသာ မိမိတို့၏ မြေသိမ်းဆည်းခြင်းဆိုင်ရာ လုပ်ငန်းစဉ်ကို စတင်ဆောင်ရွက်ရမည်။

## အခန်း (၆)

## မြေကို သိမ်းယူမည်ဖြစ်ကြောင်းနှင့် မြေကို လက်ရောက်သိမ်းဆည်းခြင်း

၃၁။ တာဝန်ခံဝန်ကြီးဌာနသည် ပုဒ်မ ၂၉ အရ ဗဟိုကော်မတီက အကြောင်းကြားလာသည့်အခါ အများပြည်သူအကျိုးအလို့ငှာ မြေကိုသိမ်းယူမည်ဖြစ်ကြောင်း အများပြည်သူသိရှိရန် ပုဒ်မ ၁၆ နှင့် ၁၇ တို့ပါ နည်းလမ်းများဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်ကြေညာခြင်းနှင့် အသိပေးခြင်းတို့ ပြုရမည်။

၃၂။ တာဝန်ခံဝန်ကြီးဌာနက ပုဒ်မ ၃၁ နှင့်အညီ အမိန့်ကြော်ငြာစာ ထုတ်ပြန်ကြေညာခြင်း၊ အသိပေးခြင်းတို့ ပြုပြီးသည်နှင့်တစ်ပြိုင်နက် မြေသိမ်းဆည်းမှု အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့သည် အောက်ပါအချက်များကို လိုအပ်သလို ဆက်လက်ဆောင်ရွက်ရမည် -

(က) မြေကိုသိမ်းယူမည်ဖြစ်ကြောင်း အမိန့်ကြော်ငြာစာကို မြေတည်ရှိရာဒေသရှိ အများပြည်သူသို့ ထပ်ဆင့်အသိပေးကြေညာခြင်း၊ လိုအပ်ပါက ဒေသသုံးဘာသာစကားဖြင့်လည်း ပူးတွဲဖော်ပြကြေညာခြင်း၊

(ခ) သိမ်းဆည်းမည့် မြေကို လိုအပ်ပါက ကွင်းဆင်းစစ်ဆေးမှတ်သားခြင်းနှင့် လျော်ကြေး၊ နစ်နာကြေး တွက်ချက်ထုတ်ပေးခြင်းတို့ကို ဤဥပဒေ အခန်း (၈) ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဆက်လက်ဆောင်ရွက်ခြင်း။

၃၃။ မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ခွဲသည် သိမ်းဆည်းမည့်မြေနှင့် စပ်လျဉ်း၍ ထိခိုက်နစ်နာသူများထံ အနည်းဆုံး ခုနစ်ရက် ကြိုတင်အကြောင်းကြားပြီး မှတ်တမ်းတင်ခြင်းလုပ်ငန်းစဉ်တွင် အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(က) မြေပြင်ကွင်းဆင်း တိုင်းတာမှတ်သားရာတွင် ထိခိုက်နစ်နာသူများ သို့မဟုတ် ယင်းတို့၏ တရားဝင်ကိုယ်စားလှယ်နှင့်အတူ အောက်ပါအချက်များကို စစ်ဆေးမှတ်တမ်းတင်ရမည် -

(၁) ထိခိုက်နစ်နာသူများနှင့် ၎င်းတို့၏ အိမ်ထောင်သားစုဝင်များစာရင်း၊ အသက်မွေးမှုအခြေအနေ၊ အိမ်ထောင်သားစုပိုင် ကျွဲ နွားတိရစ္ဆာန်တို့နှင့် စက်ကိရိယာများစာရင်း၊

(၂) မြေ၏တည်နေရာ၊ အကျယ်အဝန်း၊ မြေအမျိုးအစား၊ အတန်းအစားနှင့် ပုဒ်မ ၁၆ အရ မြေကို သိမ်းဆည်းရန် လိုအပ်ကြောင်း အသိပေးသည့်အမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်နေ့ရှိ မြေ၏ ဒေသဈေးကွက် ပေါက်ဈေး၊

(၃) မြေပေါ်ရှိ အဆောက်အအုံ၏ သက်တမ်း၊ ဆောက်လုပ်ထားရှိမှုအနေအထားနှင့် ပုံစံ၊ ဒေသ၏ ကာလတန်ဖိုး၊

(၄) စိုက်ပျိုးထားသည့် နှစ်ရှည်ပင်အတွက် လက်ရှိအပင်တန်ဖိုးကို အခြေခံလျက် ဒေသ၏ ကာလပေါက်ဈေးဖြင့် တွက်ချက်သော တန်ဖိုး၏ သုံးဆ၊

(၅) ရာသီသီးနှံများအတွက် တစ်ဧက ပျမ်းမျှအထွက်နှုန်းကို အခြေခံလျက် ဒေသ၏ ကာလပေါက်ဈေးဖြင့် တွက်ချက်သော တန်ဖိုး၏ သုံးဆ၊

(၆) မြေသိမ်းဆည်းခံရမှုကြောင့် ယင်းမြေပေါ်တွင် အသက်မွေးဝမ်းကျောင်းနှင့် အလုပ်အကိုင်အခွင့်အလမ်း ထိခိုက်နစ်နာ ဆုံးရှုံးမှုများ။

(ခ) ကွင်းဆင်းတိုင်းတာမှတ်သားရာတွင် လိုအပ်မှုအခြေအနေအရ နယ်နိမိတ်မှတ်တိုင်များကို မြေသိမ်းဆည်းရန် အဆိုပြုသည့် ဌာန၊ အဖွဲ့အစည်း၏ ကုန်ကျစရိတ်ဖြင့် မြင်သာစွာ စိုက်ထူမှတ်သားပေးရမည်။

(ဂ) ကွင်းဆင်းတိုင်းတာမှတ်တမ်းတင်မှုကို ထိခိုက်နစ်နာသူ တစ်ဦးချင်းသို့ အသိပေးရမည်။

(ဃ) ကွင်းဆင်းတိုင်းတာမှတ်သားမှု လုပ်ငန်းပြီးစီးပါက မှတ်တမ်းတင်ထားသည့် အချက်များကို သိရှိရန် အများပြည်သူသို့ အသိပေးကြေညာရမည်။

(င) အတည်ပြုထားသော လျော်ကြေးနှင့် နစ်နာကြေးတောင်းခံရမည့် ထိခိုက်နစ်နာမှုများနှင့် ပေးအပ်မည့်ပမာဏ၊ နောက်ဆုံးထားတောင်းခံရမည့် နေ့ရက်၊ တင်ပြတောင်းခံရမည့် ပုဂ္ဂိုလ်နှင့် တင်ပြတောင်းခံရမည့် နေရာတို့ကို အများပြည်သူသိရှိစေရန် -

(၁) ပုဒ်မ ၁၇၊ ပုဒ်မခွဲ (က) ပါအတိုင်း သက်ဆိုင်ရာရုံး၊ ဌာနများနှင့် အများပြည်သူ အလွယ်တကူတွေ့ရှိနိုင်မည့် နေရာများတွင် စွဲကပ်၍ ကြေညာရမည်။

(၂) လျော်ကြေးနှင့် နစ်နာကြေးထုတ်ယူရန် မှတ်တမ်းစာရင်းဝင်သည့် ထိခိုက်နစ်နာသူတို့ထံ အကြောင်းကြားစာများကို တရားမ ကျင့်ထုံးဥပဒေနှင့်အညီ ပေးပို့ရမည်။

(၃) လိုအပ်ပါက အကြောင်းကြားစာများကို ဒေသ၏အများသုံး ဘာသာစကားဖြင့် ရေးသားချက်ကို ပူးတွဲပေးပို့နိုင်သည်။

၃၄။ (က) မြေသိမ်းဆည်းမှု အကောင်အထည်ဖော် ဆောင်ရွက်ရေးအဖွဲ့သည် -

(၁) ပုဒ်မ ၃၂ နှင့် ၃၃ တို့ပါ လုပ်ငန်းတာဝန်များ ဆောင်ရွက်၍ လျော်ကြေးနှင့် နစ်နာကြေးများ ပေးအပ်ပြီးနောက် မြေကို အနှောင့်အယှက်ကင်းရှင်းစွာ လက်ရောက်သိမ်းဆည်းရမည်။

(၂) အဆိုပါမြေကို မြေသိမ်းဆည်းရန် အဆိုပြုသည့် ဌာန၊ အဖွဲ့အစည်းသို့ သတ်မှတ်ချက်များနှင့်အညီ မြေသိမ်းအမှုတွဲဖြင့် လက်ရောက်ပေးအပ်ရမည်။

(ခ) အဆိုပြုသည့်မြေကို လက်ရောက်သိမ်းဆည်းခြင်း ပြုပြီးသည်နှင့် ကြွေးမြီကင်းရှင်းသည့် နိုင်ငံပိုင်မြေအဖြစ်သို့ ရောက်ရှိစေရမည်။

## အခန်း (၇)

## မြေသိမ်းဆည်းခံရခြင်းအတွက် မြေပိုင်ဆိုင်ခွင့်ရှိသူ၏ ရွေးချယ်ခံစားခွင့်

၃၅။ မြေသိမ်းဆည်းမှု အကောင်အထည်ဖော် ဆောင်ရွက်ရေးအဖွဲ့သည် သိမ်းဆည်းသည့် မြေတွင် အတည်တကျ ဆောက်လုပ်ထားသည့် အဆောက်အအုံ သို့မဟုတ် စီးပွားရေးလုပ်ငန်းလုပ်ကိုင်သည့် အဆောက်အအုံမရှိပါက ပုဒ်မ ၃၆၊ ပုဒ်မခွဲ (ခ) ပါ မြေပိုင်ဆိုင်ခွင့်ရှိသူ၏ ဆန္ဒအရ ရွေးချယ်သည့် အခွင့်အရေးတစ်ရပ်ရပ်ကို ပေးရန် မလိုဘဲ ထိုမြေကို သိမ်းဆည်းခြင်းကြောင့် လျော်ကြေးနှင့် နစ်နာကြေးကို မြေပိုင်ဆိုင်ခွင့်ရှိသူအားလည်းကောင်း၊ နစ်နာကြေးကို သိမ်းဆည်းမြေတွင် ဆက်နွှယ်ပတ်သက်သူအားလည်းကောင်း ဤဥပဒေ အခန်း (၈) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပေးလျော်ရမည်။

၃၆။ မြေသိမ်းဆည်းမှု အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့သည် သိမ်းဆည်းသည့်မြေတွင် အတည်တကျဆောက်လုပ်ထားသည့် အဆောက်အအုံ သို့မဟုတ် စီးပွားရေးလုပ်ငန်းလုပ်ကိုင်သည့် အဆောက်အအုံရှိပါက မြေပိုင်ဆိုင်ခွင့်ရှိသူ၏ ဆန္ဒအရ ရွေးချယ်စေ၍ မြေသိမ်းဆည်းရန် အဆိုပြုသည့်ဌာန၊ အဖွဲ့အစည်းနှင့် ညှိနှိုင်းသဘောတူညီချက်ရယူပြီး ရွှေ့ပြောင်းနေရာချထားစရိတ်အပါအဝင် သိမ်းဆည်းခြင်းခံရသည့် မြေနှင့် အဆောက်အအုံ၏ ကာလတန်ဖိုးထက် မပိုစေဘဲ အောက်ပါ အခွင့်အရေးတစ်ရပ်ရပ်ကို မြေပိုင်ဆိုင်ခွင့်ရှိသူအား ခံစားခွင့်ပေးနိုင်သည် -

(က) သိမ်းဆည်းသည့်မြေနှင့် အဆောက်အအုံအတွက် လျော်ကြေးနှင့် နစ်နာကြေးကို တစ်လုံးတည်း သို့မဟုတ် အရစ်ကျခံစားခွင့် သို့မဟုတ်

(ခ) ပုဒ်မခွဲ (က) ပါ ခံစားခွင့် တစ်စိတ်တစ်ဒေသနှင့် ပူးတွဲ၍ဖြစ်စေ၊ သီးခြားဖြစ်စေ အောက်ပါအခွင့်အရေးများကို ခံစားနိုင်သည် -

(၁) ပြန်လည်နေရာချထားခြင်းပြုသည့် မြေ သို့မဟုတ် မြေနှင့် အဆောက်အအုံ ရရှိခွင့်၊

(၂) ပြန်လည်ထူထောင်ခြင်းလုပ်ငန်း အစီအစဉ်တစ်ရပ်ရပ် ခံစားခွင့်၊

(၃) သိမ်းဆည်းမြေပေါ်တွင် ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းတွင် ပါဝင်ရင်းနှီးမြှုပ်နှံခွင့် သို့မဟုတ် သင့်လျော်သော မြေအချိုးအစား ရယူဆောင်ရွက်ခွင့်။

၃၇။ မြေပိုင်ဆိုင်ခွင့်ရှိသူသည် -

(က) မြေနှင့် အဆောက်အအုံ သိမ်းဆည်းခြင်းခံရသည့်အတွက် ဤဥပဒေအရ ပေးအပ်သော ရွှေ့ပြောင်းနေရာချထားစရိတ်ကို ခံစားခွင့်ရှိသည်။

(ခ) ပုဒ်မခွဲ (က) ပါ ခံစားခွင့်အပြင် မိမိတို့၏ဆန္ဒအရ ရွေးချယ်၍ ပုဒ်မ ၃၆ ပါ အခွင့်အရေးများအနက် အခွင့်အရေးတစ်ရပ်ကို ပေးရန် တောင်းဆိုရာတွင် သိမ်းဆည်းခြင်းခံရသည့် မြေနှင့် အဆောက်အအုံ၏ ကာလတန်ဖိုးထက် မပိုစေဘဲ မြေသိမ်းဆည်းရန် အဆိုပြုသည့် ဌာန၊ အဖွဲ့အစည်းနှင့် ညှိနှိုင်းသဘောတူညီချက်ရယူပြီး ခံစားခွင့်ရှိသည်။

၃၈။ မြေသိမ်းဆည်းမှု အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့သည် သိမ်းဆည်းမည့်မြေနှင့် စပ်လျဉ်း၍ လျော်ကြေးပေးမည့်အစား မြေပိုင်ဆိုင်ခွင့်ရှိသူနှင့် ညှိနှိုင်းသဘောတူညီချက်ဖြင့် လျော်ကြေးနှင့်ညီမျှသော အခြားသော မြေကို ခွင့်ပြုပေးခြင်း သို့မဟုတ် အခြားအခွင့်အရေးပေးခြင်းကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်း ပြုနိုင်သည်။

## အခန်း (၈)

## လျော်ကြေးနှင့် နစ်နာကြေးများ ထုတ်ပေးခြင်း

၃၉။ မြေသိမ်းဆည်းမှု အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့သည် မြေသိမ်းဆည်းခြင်းအတွက် လျော်ကြေးနှင့် နစ်နာကြေးကို မြေပိုင်ဆိုင်ခွင့်ရှိသူအားလည်းကောင်း၊ နစ်နာကြေးကို သိမ်းဆည်းမြေတွင် ဆက်နွှယ်ပတ်သက်သူအားလည်းကောင်း ထုတ်ပေးခြင်းနှင့် စပ်လျဉ်း၍ အောက်ပါလုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်ရမည် -

(က) သိမ်းဆည်းသည့်မြေတွင် အတည်တကျ ဆောက်လုပ်ထားသည့် အဆောက်အအုံ သို့မဟုတ် စီးပွားရေးလုပ်ငန်းလုပ်ကိုင်သည့် အဆောက်အအုံ မရှိပါက ထိုမြေကို သိမ်းဆည်းခြင်းကြောင့် ထိခိုက်နစ်နာမှုအတွက် လျော်ကြေးနှင့် နစ်နာကြေးကို မြေပိုင်ဆိုင်ခွင့်ရှိသူအား ထုတ်ပေးခြင်းနှင့် နစ်နာကြေးကို သိမ်းဆည်းမြေတွင် ဆက်နွှယ်ပတ်သက်သူအား ထုတ်ပေးခြင်း၊

(ခ) သိမ်းဆည်းသည့်မြေတွင် အတည်တကျ ဆောက်လုပ်ထားသည့် အဆောက်အအုံ သို့မဟုတ် စီးပွားရေးလုပ်ငန်းလုပ်ကိုင်သည့် အဆောက်အအုံရှိပါက သိမ်းဆည်းသည့်မြေနှင့် အဆောက်အအုံတို့၏ ဒေသကာလတန်ဖိုးကို လျော်ကြေးအဖြစ် မြေပိုင်ဆိုင်ခွင့်ရှိသူအား ထုတ်ပေးခြင်း၊

(ဂ) သိမ်းဆည်းသည့် မြေတွင် နှစ်ရှည်ပင်များ၊ ရာသီသီးနှံများ၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ မရှိပါက မြေ၏ ဒေသကာလတန်ဖိုးကို လျော်ကြေးအဖြစ် မြေပိုင်ဆိုင်ခွင့်ရှိသူအား ထုတ်ပေးခြင်း၊

(ဃ) သိမ်းဆည်းသည့်မြေတွင် နှစ်ရှည်ပင်များ၊ ရာသီသီးနှံများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများရှိပါက အောက်ပါလျော်ကြေးနှင့် နစ်နာကြေးများကို ထုတ်ပေးခြင်း -

(၁) စိုက်ပျိုးထားသည့် နှစ်ရှည်ပင်အတွက် လက်ရှိအပင်တန်ဖိုးကို အခြေခံလျက် ဒေသ၏ ကာလပေါက်ဈေးဖြင့် တွက်ချက်သော တန်ဖိုး၏ သုံးဆ၊

(၂) ရာသီသီးနှံများအတွက် တစ်ဧက ပျမ်းမျှအထွက်နှုန်းကို အခြေခံလျက် ဒေသ၏ ကာလပေါက်ဈေးဖြင့် တွက်ချက်သော တန်ဖိုး၏ သုံးဆ၊

(၃) အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် အလုပ်အကိုင်များ ရပ်ဆိုင်းသွားသည့်အတွက် ခန့်မှန်းဝင်ငွေ ဆုံးရှုံးမှုပမာဏ၊

(၄) ကျွဲ နွားတိရစ္ဆာန်နှင့် အခြားမွေးမြူရေး တိရစ္ဆာန်များ၊ ပစ္စည်းကိရိယာများ ဆုံးရှုံးမှုတန်ဖိုးပမာဏ။

(င) လျော်ကြေးနှင့် နစ်နာကြေးများကို ခံစားခွင့်ရှိသည့် ထိခိုက်နစ်နာသူ သို့မဟုတ် ၎င်း၏ ကိုယ်စားလှယ်အား စိစစ်ထုတ်ပေးခြင်း၊

(စ) လျော်ကြေးနှင့် နစ်နာကြေးများကို သဘောတူထုတ်ယူသူများနှင့် ပေးလျော်မှုကို လက်မခံ၍ ထုတ်ယူခြင်း မရှိသူများအား ခွဲခြား၍ မှတ်တမ်းတင်ခြင်း။

၄၀။ မြေသိမ်းဆည်းမှု အကောင်အထည်ဖော် ဆောင်ရွက်ရေးအဖွဲ့သည် -

(က) ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ သို့မဟုတ် အမိန့်ကြော်ငြာစာများနှင့်အညီ ရွှေ့ပြောင်းနေရာချထားစရိတ်ကိုသော်လည်းကောင်း၊ ပုဒ်မ ၃၉ ပါ လျော်ကြေးနှင့် နစ်နာကြေးပမာဏတို့ကိုသော်လည်းကောင်း တွက်ချက်၍ လျာထားပြီး နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့မှတစ်ဆင့် ဗဟိုကော်မတီသို့ တင်ပြ၍ အတည်ပြုချက်ရယူရမည်။

(ခ) ဗဟိုကော်မတီက အတည်ပြုထားသည့် ရွှေ့ပြောင်းနေရာချထားစရိတ်အပါအဝင် လျော်ကြေးနှင့် နစ်နာကြေးများကို မြေပိုင်ဆိုင်ခွင့်ရှိသူထံဖြစ်စေ၊ နစ်နာကြေးများကို သိမ်းဆည်းမြေတွင် ဆက်နွှယ်ပတ်သက်သူထံဖြစ်စေ ထုတ်ပေးရမည်။ ***(ဆက်လက်ဖော်ပြပါမည်)***

# မျိုးသုဉ်းပျောက်ကွယ်မည့်အရေးနှင့် ရင်ဆိုင်နေရသည့် တောကြက်မျိုးများ

ဒေါက်တာအေးအေးမော် (မွေး / ဆေးတက္ကသိုလ်)

ရှေးဟောင်းသုတေသနဆိုင်ရာ အထောက်အထားများအရ ကြက်မွေးမြူရေးသည် လွန်ခဲ့သော နှစ်ပေါင်း ဘီစီ ၅၄၀၀ ခန့်မှစ၍ တရုတ်နိုင်ငံ အလယ်ပိုင်းနှင့် မြောက်ပိုင်းဒေသတို့တွင် စတင်ခဲ့ပါသည်။ အိမ်မွေးကြက်များ၏ မူလဘိုးဘေးဘီဘင်များမှာ တောကြက် မျိုးများဖြစ်သည့် ကြက်နီမျိုး၊ ကြက်ညိုမျိုး၊ သီဟိုကြက်မျိုးနှင့် ကြက်စိမ်းမျိုးတို့ဖြစ်ကြကြောင်း အားလုံးရင်းနှီးပြီးသား ဖြစ်ပေလိမ့်မည်။ စီးပွားဖြစ် မွေးမြူရေး ကြက်မျိုးများ မဟုတ်သည့်အတွက် ထိုတောကြက်မျိုးများ၏ ကျင်လည်ကျက်စားရာဒေသများ၊ အရောင်အသွေးနှင့် ၎င်းတို့၏ တည်ရှိမှုအနေအထားတို့ကိုမူ အကျွမ်းတဝင်ရှိကြလိမ့်မည် မထင်ပါ။



ကြက်နီမျိုး(လက်ဝဲ - အထီး၊ လက်ယာ - အမ)



ကြက်ညိုမျိုး(လက်ဝဲ - အထီး၊ လက်ယာ - အမ)

## ကြက်နီမျိုး

ကြက်နီမျိုးသည် အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း၊ တရုတ်နိုင်ငံ တောင်ပိုင်းနှင့် မြန်မာ၊ ထိုင်း၊ မလေးရှား၊ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား စသည့် အရှေ့တောင်အာရှ ဒေသတစ်လျှောက်ရှိ တောအစွန်အဖျားများနှင့် ဟိမဝန္တာတောင်ခြေတို့တွင် ကျင်လည်ကျက်စားကြပါသည်။ အဆိုပါဒေသများရှိ လမုတောများ၊ ချုံပင်များ၊ စိုက်ခင်းများတွင် နေထိုင်ကြပြီး ပြန့်ပြူးသော မြေပြင်သို့မဟုတ် အနည်းငယ်လျှော စောက်သော နေရာများတွင် တွေ့ရများပါသည်။ တခြားသော တောကြက်မျိုးများထက် ကျင်လည်ကျက်စားရာ နယ်မြေ ပို၍ကျယ်ပြန့်သည့် အားလျော်စွာ ဒေသအလိုက် မျိုးစိတ်ကွဲ ငါးမျိုး ထပ်မံခွဲခြားနိုင်ပါသည်။ အင်ဒိုချိုင်းနားတစ်ဝိုက်တွင် ကျင်လည်ကျက်စားသော ကြက်နီမျိုးကို Gallus gallus gallus ဟု လည်းကောင်း၊ ဂျာဗားကျွန်းတွင် ကျက်စားသောမျိုးကို Gallus gallus bankiva ဟု လည်းကောင်း၊ ဗီယက်နမ်နိုင်ငံ တောအုပ်များတွင် တွေ့နိုင်သောမျိုးကို Gallus gallus jabouillei ဟုလည်းကောင်း၊ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်တို့တွင် တွေ့နိုင်သောမျိုးကို Gallus gallus murghi ဟု လည်းကောင်း၊ မြန်မာ့တောအုပ်များထဲတွင် တွေ့နိုင်သောမျိုးကို Gallus gallus spadiceus ဟု လည်းကောင်း ခွဲခြားထားပါသည်။

ကြက်နီမျိုး အထီးသည် ရှည်လျား၍ ရွှေဝါရောင်သန်းသော လိမ္မော်ရောင်နှင့် အနီရင့်ရောင် လည်ဆံမွေးများ ရှိပါသည်။ အမြီးသည် အနက်ရောင်ဘက်လုသော အစိမ်းရောင်အမွေးများ ရှိပြီး အမြီးရင်းတွင် အဖြူရောင် အမွေးများပါရှိပါသည်။ ခန္ဓာကိုယ်ဝမ်းဘက်ပိုင်းသည် အမည်းရောင် ခပ်မှိုင်းမှိုင်းရှိပြီး ကျောဘက်ပိုင်းသည် စိမ်းပြာရောင် အမွေးများ၊ အနီရင့်ရောင်၊ လိမ္မော်ရောင်နှင့် အညို ရောင် အစရှိသည့် အမွေးရောင်စုံဖြင့် ခြုံလွှမ်းထားပါသည်။ အမများမှာမူ ရွှေညိုရောင်အမွေးများ ရှိပါသည်။ ကြက်နီမျိုးသည် တောကြက်များထဲတွင် အရောင်အသွေး အစုံလင်ဆုံးဖြစ်ပါသည်။

အထီးများသည် မိတ်လိုက်ပြီးနောက် ၎င်းတို့၏ တောက်ပသော အမွေးအရောင်များမှာ အရောင်မှိန်သွားတတ်ပါသည်။ ၎င်း၏ တွန်သံမှာ အိမ်မွေးကြက် အထီး၏ တွန်သံထက် ပိုတိုပါသည်။ ကြက်နီမျိုးသည် ခန္ဓာကိုယ်ကို ဖုန်မှုန့်၊ မြေမှုန့်များနှင့် လူးလေ့ရှိပြီး ထိုသို့ပြုလုပ်ခြင်းဖြင့် အမွေးအတောင်များတွင် ကပ်ညှိနေသော အဆီများကို သန့်စင်စေပါသည်။ နေဝင်ချိန်ရောက်ပါက သစ်ပင်အမြင့်များတွင် အိပ်တန်းတက်လေ့ရှိပြီး အန္တရာယ်နှင့် ကြုံတွေ့ချိန်တွင် ပျံလေ့ရှိပါသည်။

ယခုအခါ လူဦးရေ တိုးတက်လာမှုကြောင့် လူသားများ၏ မြေယာချဲ့ထွင်မှုများ၊ ရော်ဘာပင်၊ ဆီအုန်းကဲ့သို့ အပင်စိုက်ပျိုးမှုများကို၊ တောအစွန်အဖျားများအထိ ချဲ့ထွင်လာမှုများကြောင့် ကြက်နီမျိုးတို့၏ ကျင်လည်ကျက်စားရာနေရာများမှာ တစ်စတစ်စကျဉ်းမြောင်းလာနေပါသည်။ ထို့အပြင် ကြက်နီမျိုးများသည် တောစပ်တွင်လွှတ်ကြောင်းထားသည့် အိမ်မွေးကြက်များ၊ တကယ့်ကြက်နီမျိုး မဟုတ်သည့် တောဝင်နေသည့် ကြက်များနှင့် အပြန်အလှန်မျိုးစပ်မှုများကြောင့် ဖြစ်လာသည့် မျိုးဗီဇရောထွေးမှုများသည် ကြက်နီမျိုး စစ်စစ်များ ပျောက်ကွယ်သွားရန် တွန်းပို့လျက် ရှိနေပါသည်။

ကြက်နီမျိုးတို့သည် လူသားတို့မှ အစောဆုံး ဖမ်းဆီးမွေးမြူခံရသော ကြက်ဖြစ်ပြီး အိမ်မွေးကြက်များ ဆင်းသက်လာရာတွင် အဓိက အကျဆုံး၊ ဘိုးဘေးဘီဘင်များ ဖြစ်ကြပါသည်။ သို့သော် အိမ်မွေးကြက်များတွင် တွေ့ရသော အဝါရောင်အရေပြားဆိုင်ရာ မျိုးဗီဇကို ကြက်ညိုမျိုးတွင်သာ တွေ့ရပြီး ကြက်နီမျိုးတွင် မတွေ့ရပါ။ ထို့ကြောင့် ကြက်နီမျိုးတို့သည် တခြားသော တောကြက်များနှင့် မျိုးစပ်မှုများရှိနိုင်ပြီး အိမ်မွေးကြက်များ ဆင်းသက်လာရာ ဘိုးဘေးဘီဘင်ထဲတွင် ကြက်ညိုမျိုးလည်း ပါဝင်နိုင်သည်ဟု ဖော်ပြကြပါသည်။



သီဟိုမျိုး(လက်ဝဲ - အထီး၊ လက်ယာ - အမ)



ကြက်စိမ်းမျိုး(လက်ဝဲ - အထီး၊ လက်ယာ - အမ)

## ကြက်ညိုမျိုး

ကြက်ညိုမျိုးတို့သည် အိန္ဒိယအနောက်ပိုင်း၊ တောင်ပိုင်းနှင့် မြောက်ပိုင်းဒေသများတွင်သာ တွေ့နိုင်ပါသည်။ ၎င်းဒေသများရှိ အမြဲစိမ်းတောများ၏ တောင်ကုန်းများ၊ ပိတန်တောများတွင် ကျင်လည်ကျက်စားကြပါသည်။ မီးခိုးရောင် အောက်ခံတွင် အနက်ရောင်အစင်းနှင့် မြေစေးဝါရောင် အစက်အပြောက်များ ပါရှိပါသည်။ ခန္ဓာကိုယ် ဝမ်းဘက်ပိုင်းသည် အနက်ရောင်နှင့် အဖြူရောင်အစင်းများ ပါရှိပါသည်။ ကြက်ညိုမျိုး၏ လည်ပင်းမွေးသည် ရှည်၍ အရောင်ရင့်ပြီး အဆုံးတွင် ပါရှိသော သေးငယ်ပြီး မာကြောသည့် အဝါရောင် ချပ်ပြားလေးများသည် ငါးမြားချိတ်တွင် တပ်ဆင်သည့် လူလုပ်ပိုးမွှား ပြုလုပ်ရာတွင် အသုံးပြုပါသည်။ ငါးများကို အင်းဆက်ပိုးကောင်ဟု ထင်ယောင်ထင်မှား ဖြစ်စေပြီး ဆွဲဆောင်နိုင်ရန် အမွေးအမျိုးမျိုးကို စုစည်း၍ ပိုးကောင်၊ မွှားကောင် သဖွယ် ဖန်တီးယူရာတွင် အသုံးပြုသည်။ အမြီးရှိ အမွေးများသည်လည်း ရှည်၍ တံစဉ်ပုံရှိကြပါသည်။ အမသည် အထီးထက် အရောင်ပိုမှိန်ပါသည်။ အထီးတွင် အနီရောင် လည်ပျဉ်းနှင့် အမောက်ပါရှိပြီး ကြက်နီမျိုးလောက် ဖွံ့ဖြိုးသန်မာမှု မရှိပါ။ အထီး၏ ခြေထောက်သည် အနီရောင်ရှိပြီး အတက်ပါရှိသည်။ အမ၏ ခြေထောက်မှာ အဝါရောင်ရှိပြီး အတက် မပါရှိပါ။

ကြက်နီမျိုးကဲ့သို့ပင် အထီးများသည် အမနှင့် မိတ်လိုက်ပြီးနောက် အရောင်အသွေးမှိန်သွားသည်ကို တွေ့ရတတ်ပါသည်။ ကြက်ညိုမျိုးတို့သည် သဘာဝအလျောက် တောထဲရှိ ကြက်နီမျိုးတို့နှင့်လည်း မျိုးစပ်နိုင်ပါသည်။ ကြက်ညိုမျိုးများသည် အထီး၊ အမရော၍ သော်လည်းကောင်း၊ အထီးချည်း၊ အမချည်း အုပ်စုဖွဲ့၍ လည်းကောင်း အစာရှာလေ့ ရှိကြသည်။ ရန်သူနှင့် တွေ့ကြုံရသည့် အချိန်နှင့် ညအိပ်ချိန်များတွင် သစ်ပင် အမြင့်သို့ ပျံတက်လေ့ရှိပါသည်။

ကြက်ညိုမျိုးတို့သည်လည်း ဖမ်းဆီးစားသောက်ခြင်းများ၊ ကျက်စားရာနေရာများ တဖြည်းဖြည်း လျော့ပါးလာခြင်းများနှင့် ရင်ဆိုင်ရလျက်ရှိပါသည်။ ကြက်နီမျိုးများကဲ့သို့ပင် တောစပ်တွင် လွှတ်ကျောင်းထားသည့် အိမ်မွေးကြက်များနှင့် မျိုးစပ်မှုများလည်းရှိနေပါသည်။ ၎င်းတို့၏ အမွေးများကို လူလုပ်ပိုးမွှားပြုလုပ်ရာတွင် အသုံးပြုနိုင်ခြင်းကလည်း အန္တရာယ်တစ်ခု ဖြစ်ပါသည်။

## သီဟိုတောကြက်မျိုး

သီရိလင်္ကာ၏ အမျိုးသားငှက်ဟု သတ်မှတ်ထားသည့် သီဟိုတောကြက်မျိုးကို သီဟိုဠ်ကျွန်းတွင်သာ တွေ့နိုင်သည်။ တောအုပ်များ၏ သစ်ပင်ချုံနွယ်များတွင် ကျင်လည်ကျက်စားပါသည်။ အထီး၏ ခန္ဓာကိုယ်သည် အနီရောင်သန်းသည့် လိမ္မော်ရောင် အမွေးများဖြင့် ချုံလွှမ်းထားသည်။ တောင်ပံနှင့်အမြီးတွင် ခရမ်းနက်ရောင်နှင့် အနက်ရောင် အမွေးများပါရှိသည်။ ဦးခေါင်းနှင့် ကျောရိုး တစ်လျှောက်ရှိ အမွေးများမှာ ရွှေရောင်ရှိသည်။ မျက်နှာနှင့် လည်ပျဉ်း အရေပြားသည် အနီရောင်ရှိသည်။ အနီရောင် အမောက်၏ အလယ်ဗဟိုတွင် အဝါရောင် တွေ့ရသည်။ သီဟိုကြက် အထီးများတွင် မိတ်လိုက်ပြီးနောက် အရောင်မှိန်သွားခြင်း မတွေ့ရပါ။ အမများ၏ အရောင်မှာ အညိုရောင်ဖြစ်ပြီး အထီးများလောက် အရောင်တောက်ပမှု မရှိပါ။ ရင်ဘတ်ပိုင်းနှင့် ဝမ်းဘက်ပိုင်းတွင် အဖြူရောင် အစက်အပြောက်များ ပါရှိပါသည်။ သီဟိုကြက် အထီးများသည် အမများထက် ကြွက်သား ဖွံ့ဖြိုးမှု ပိုအားကောင်း၍ အကောင်ပိုကြီးပြီး လည်ပျဉ်းနှင့် အမောက်လည်း ပိုကြီးသည်။

သီဟိုတောကြက်မျိုးတို့သည် အစေ့အဆန်များ ကြွေကျနေသည့် သစ်သီးများကို ရှာဖွေစားသောက်ခြင်းဖြင့် တစ်နေ့တာ၏ အချိန်တော်တော်များများကို ကုန်ဆုံးစေပါသည်။ ၎င်းတို့သည် တခြားသော တောကြက်မျိုးများထက် ဖမ်းဆီးမွေးမြူရန် ခက်ခဲသောကြောင့် တောကြက်အနေဖြင့်သာ ဆက်လက်ရှိနေဆဲ ဖြစ်ပါသည်။

## ကြက်စိမ်းမျိုး

ဂျာဗားတောကြက်ဟုလည်း ခေါ်ဆိုကြသည့် ကြက်စိမ်းမျိုးကိုမူ အင်ဒိုနီးရှားကျွန်းစုများ ဖြစ်ကြသည့် ဂျာဗားကျွန်း၊ ဘာလီကျွန်း၊ လုံဘုတ်ကျွန်း၊ ကိုမိုဒိုကျွန်းအပါအဝင် ဂျာဗားကျွန်းနှင့် ဆက်စပ်နေသော ကျွန်းများတွင် တွေ့ရပါသည်။ စိုစွတ်သော တောအုပ်များနှင့်ချုံပင်များရှိရာ နေရာများတွင် ကျင်လည်ကျက်စားပါသည်။ ကြက်စိမ်းမျိုး အထီး၏ အရောင်သည် အဝေးမှကြည့်ပါက ခပ်မှောင်မှောင် အမည်းရောင် တွေ့ရပြီး အနီးကပ်ကြည့်ပါက ကြက်ဆင်များ ဒေါင်းများ၏ အမွေးကဲ့သို့၊ အပြာရောင် ရွှေရောင်နှင့် ကြေးနီရောင်သန်းသည့် ရောင်စုံအကွက်များအဖြစ် တွေ့ရမည်ဖြစ်ပါသည်။ လည်ပင်းပိုင်းရှိ အမွေးများသည်လည်း ဦးခေါင်းနှင့် နီးသည့်ဘက်တွင် ခရမ်းရောင်၊ ဦးခေါင်းနှင့် ဝေးသည့်ဘက်တွင် မိုးပြာရောင်ရှိကြပါသည်။ ထိုအမွေးများသည် အလင်းပြန်လောက်အောင် တောက်ပကြပါသည်။ တောင်ပံရှိ အမွေးနုများမှာ လိမ္မော်ရောင် ရှိကြပါသည်။ ရင်ဘတ်ပိုင်းနှင့် ဝမ်းဘက်ပိုင်းသည် အနက်ရောင်၊ မျက်နှာ အရေပြားသည် အနီရောင်ဖြစ်ပါသည်။ အမောက်၏ အလယ်ဗဟိုသည် အပြာရောင်ရှိပြီး ထိပ်ပိုင်းရောက်လေလေ ခရမ်းရောင် (သို့) အနီရောင်သို့ ပြောင်းသွားပါသည်။ လည်ပျဉ်းမှာ အတွင်းဘက်သည် အဝါရောင်ရှိပြီး အပြင်ဘက်အနားများမှာ အပြာရောင်ရှိပါသည်။ သီဟိုကြက် အထီးများကဲ့သို့ပင် မိတ်လိုက်ပြီးနောက် အရောင်မှိန်သွားခြင်း မတွေ့ရပါ။ ကြက်စိမ်းမျိုး အမများသည် များသောအားဖြင့် အညိုရောင်ရှိပြီး ရံဖန်ရံခါ အစိမ်းရောင်လည်းရှိ တတ်ပါသည်။ အမောက်မပါရှိပါ။

ကြက်စိမ်းမျိုးသည် နှစ်ကောင်မှ ငါးကောင် ပါဝင်သော အုပ်စုငယ်လေးများအနေဖြင့် သွားလာလှုပ်ရှားကြပါသည်။ ညဘက်များတွင် ၁၅ ပေမှ ပေ ၂၀ လောက်ရှိသော သစ်ပင်မြင့်ပေါ်တွင် အိပ်တန်းတက်လေ့ရှိပါသည်။ ကြက်ညိုမျိုး၊ ကြက်စိမ်းမျိုး၊ သီဟိုမျိုး အထီးတို့သည် အမျိုးကို ကာကွယ်ရာတွင် ရဲဝံ့ကြပါသည်။ အထီးများသည် ဝပ်နေသောကြက်မ၏ အသိုက်ကို ကာကွယ်ပေးသည်။ ပေါက်လာသော ကြက်သားပေါက်လေးများကိုလည်း စောင့်ရှောက်ကြပါသည်။ သို့သော် ကြက်စိမ်းမျိုးတို့မှာလည်း ဖမ်းဆီးခြင်း၊ အိမ်မွေးကြက်များနှင့် မျိုးစပ်ခြင်းများကြောင့် မျိုးဗီဇများ တဖြည်းဖြည်း ပျောက်ကွယ်တော့မည်ဖြစ်ရာ ပို၍ ကာကွယ်ရန် လိုအပ်လျက်ရှိပါသည်။

## မျိုးဗီဇဆက်စပ်မှု

တောကြက်မျိုးတို့သည် မျိုးဗီဇဆက်စပ်မှု လေ့လာချက်အရ ကြက်နီမျိုးသည် သီဟိုမျိုးနှင့် မျိုးဗီဇနီးစပ်ပြီး တစ်ဖန် သီဟိုကြက်မျိုးသည် ကြက်ညိုမျိုးနှင့် မျိုးဗီဇချင်း နီးစပ်မှုရှိသည်ဟု ဆိုကြပါသည်။ ရုပ်ပိုင်းသွင်ပြင်အားဖြင့်မူ သီဟိုကြက် အထီးသည် ကြက်နီမျိုးနှင့် ဆင်တူပြီး အမသည် ကြက်ညိုမျိုးနှင့် ဆင်တူပါသည်။ ကြက်နီမျိုးနှင့် ကြက်ညိုမျိုးတို့သည် အရှေ့တောင်အာရှ တစ်နည်းအားဖြင့် အာရှတိုက်ပေါ်တွင် တွေ့ရသော်လည်း၊ သီဟိုကြက်မျိုးနှင့် ကြက်စိမ်းမျိုးတို့ကိုမူ တိုက်ပေါ်တွင် မတွေ့ရဘဲ ကျွန်းများပေါ်တွင်သာ တွေ့ရသောကြောင့် ကျွန်းများတွင် ကျင်လည်သော မျိုးစိတ်ဟု သတ်မှတ်နိုင်ပါသည်။

တစ်ချိန်က အိမ်မွေးကြက်များ၏ ဘိုးဘေးများ ဖြစ်ခဲ့ကြသည့် တောကြက်များသည် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဖမ်းဆီးခံရခြင်းများ၊ နေထိုင်ကျက်စားရာနေရာများ လျော့နည်းလာခြင်းများ၊ အိမ်မွေးကြက်များနှင့် မျိုးစပ်ခြင်းများကြောင့် မျိုးဗီဇအစစ်များ တဖြည်းဖြည်း လျော့နည်းလာသည်မှာ နှမြောဖွယ်ဖြစ်ပါသည်။ စီးပွားဖြစ်မွေးမြူသော ကြက်မျိုးများကဲ့သို့ အသားများ၊ ဥများကို ထုတ်လုပ်မပေးနိုင်သော်လည်း သဘာဝပတ်ဝန်းကျင်၏ ကြမ်းတမ်းမှုကို ခံနိုင်ရည်ရှိသော မျိုးဗီဇကောင်းများကို သယ်ဆောင်ထားသည့် တန်ဖိုးရှိသော မျိုးဗီဇအရင်းအမြစ်များ ဖြစ်ကြပါသည်။ ကမ္ဘာ့ရာသီဥတုမှာ တဖြည်းဖြည်း ပြောင်းလဲလာလျက်ရှိပါသည်။ ကျွန်မတို့ငယ်စဉ်က နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီလများတွင် ရာသီဥတုသည် အတော်အတန် အေးခဲ့ပါသည်။ ယခုအခါ ဆောင်းတွင်းကာလမှာ အတော်တိုတောင်းသွားပြီ ဖြစ်ပါသည်။ ဒီဇင်ဘာ၊ ဇန်နဝါရီလများတွင်ပင် ရန်ကုန်မြို့၌ အတော်ပူပါသည်။ နောင်တွင် မြန်မာ့ရာသီဥတုသည် နွေနှင့် မိုးသာကျန်ပြီး ဆောင်းတွင်းမှာ ပျောက်သွားကောင်း ပျောက်သွားနိုင်ပါသည်။

မမြင်နိုင်သည့် အနာဂတ်တွင် ကမ္ဘာ့ရာသီဥတုသည် ဘယ်အထိ ဆက်လက်ပြောင်းလဲသွားမည်ဆိုတာ မသိနိုင်ပါ။ ရာသီဥတုပြောင်းလဲပါက သဘာဝပတ်ဝန်းကျင်ပါ လိုက်ပါပြောင်းလဲပါမည်။ ပြောင်းလဲသွားမည့် သဘာဝပတ်ဝန်းကျင်တွင် ယခုမွေးမြူနေကြသော စီးပွားဖြစ် တိရစ္ဆာန်မျိုးများသည် ဆက်လက်ရှင်သန်နိုင်ပြီး ထုတ်လုပ်မှုများ ဆက်လက်ပေးနိုင်ပါမည်လားဆိုတာ အာမခံချက် မရှိသေးပါ။ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေစွာ မနေထိုင်နိုင်သော မျိုးစိတ်မှာ ကမ္ဘာပေါ်မှ ပျောက်ကွယ်သွားမည် ဖြစ်ပါသည်။ မည်သည့် မျိုးစိတ်များက အဓွန့်ရှည်ကျန်ရစ်ပြီး မည်သည့်မျိုးစိတ်များက ပျောက်ကွယ်သွားမည် ဆိုသည်မှာလည်း ကြိုမမြင်နိုင်သော အရာဖြစ်ပါသည်။ ထိုအခြေအနေမျိုးတို့ အတွက် ကမ္ဘာ့ဒေသအသီးသီးရှိ ဗီဇမျိုးကွဲများ၊ ဗီဇအရင်းအမြစ်များကို တတ်နိုင်သရွေ့စုစည်းကာ ထိန်းသိမ်းစောင့်ရှောက်ရမည် ဖြစ်ပါသည်။ ကျွန်မတို့ မြန်မာ့ရေမြေတောတောင်များတွင် ကျင်လည်ကျက်စားနေသော ကြက်နီမျိုးများကိုလည်း အဖိုးတန်သည့် ဗီဇအရင်းအမြစ်များအဖြစ် နောင်လာမည့် မျိုးဆက်များအတွက် အမွေချန်ခဲ့နိုင်ရန် တတ်နိုင်သရွေ့ ထိန်းသိမ်းစောင့်ရှောက်သွားသင့်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ဖခင်အမည်မှန်

ပင်းတယမြို့၊ အထက(၆၊ ဝါးပြား) တက္ကသိုလ်ဝင်တန်းမှ မန္တဲ့နွဲ့အေး၏ ဖခင်အမည်မှန်မှာ ဦးမြင့်သိန်း ၁၃/ပတယ(နိုင်)၀၃၂၄၉၈ ဖြစ်ပါကြောင်း။

**ဦးမြင့်သိန်း**

## ဖခင်အမည်မှန်

ပင်းတယမြို့၊ အထက (၁)၊ တက္ကသိုလ်ဝင်တန်း(ဂ) မှ မယဉ်နွယ်အေး၏ ဖခင်အမည်မှန်မှာ ဦးမိုး ၁၃/ပတယ(နိုင်)၀၁၅၆၉၉ ဖြစ်ပါကြောင်း။

**ဦးမိုး**

## ဖခင်အမည်မှန်

ပင်လောင်းမြို့၊ အထက(ပင်ခွန်)၊ တက္ကသိုလ်ဝင်တန်းမှ မောင်ပေါကြွယ်၏ ဖခင်အမည်မှန်မှာ ဦးသေး ၁၃/ပလန(နိုင်)၀၅၇၇၃၇ ဖြစ်ပါကြောင်း။

**ဦးသေး**

## ဖခင်အမည်မှန်

ပင်လောင်းမြို့၊ အထက (ပင်ခွန်)၊ တက္ကသိုလ်ဝင်တန်းမှ မူခံဗွီ၏ ဖခင်အမည်မှန်မှာ ဦးစန်းညွန့် ၁၃/ပလန(နိုင်)၀၅၇၇၁၂ ဖြစ်ပါကြောင်း။

**ဦးစန်းညွန့်**

## ဖခင်အမည်မှန်

ပင်လောင်းမြို့၊ အထက(ပင်ခွန်)၊ တက္ကသိုလ်ဝင်တန်းမှ နန်းသန်းသန်းဦး၏ ဖခင်အမည်မှန်မှာ ခွန်လှငွေး ၁၃/ပလန(နိုင်)၀၉၂၉၉၄ ဖြစ်ပါကြောင်း။

**ခွန်လှငွေး**

## အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

ပင်းတယမြို့နယ်၊ ထွက်နီကျေးရွာနေ ဦးကံဦး၏သမီး ဒေါ်အေးအေးမွန် ၁၃/ပတယ(နိုင်)၀၅၃၈၈၀ ၏ အမည်မှန်မှာ ဒေါ်အေးအေးမူ ဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်မှာ ၁-၂-၁၉၉၅ ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

ညောင်ရွှေမြို့နယ်၊ အထက(အင်းယား) တက္ကသိုလ်ဝင်တန်း(က)မှ မရွှေသင်း၏ မိခင်အမည်မှန်မှာ ဒေါ်ပြုံးချို ၁၃/တကန(နိုင်)၂၅၈၂၇၈ ဖြစ်ပါကြောင်း။

**ဒေါ်ပြုံးချို**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်၊ အထက(မြိုင်) တက္ကသိုလ်ဝင်တန်း(ခ)မှ မောင်ခန့်ဝေအောင်၏ဖခင် ဦးခင်မောင်(ခ)ဦးသန်းထွန်း ၁၃/ရငန(နိုင်)၀၄၈၆၀၈ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်၊ အထက(မြိုင်) တက္ကသိုလ်ဝင်တန်းမှ မအေးစန္ဒာ၏ဖခင် ဦးညွန့်အောင်(ခ)ဦးဖိုးလွန်း ၁၃/ရငန(နိုင်)၀၀၆၅၂၉ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## အမည်မှန်

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်၊ အထက(မြိုင်) တက္ကသိုလ်ဝင်တန်း(D)မှ မဖြူစင်ထွေး၏ အမည်မှန်မှာ မဖြူဇင်ထွေး ၁၃/ရငန(နိုင်)၀၇၂၇၄၃ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်နီနီအောင် ၁၂/ဒဂတ(နိုင်)၀၀၀၉၆၂ ၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ) ပျောက်ဆုံးသွားသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၁၆၃၂၈၀၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ဝါးတရာစက်မှုဇုန်၊ မြေကွက်အမှတ် (၃၅၂)၊ ဧရိယာ ၁ ဒသမ ၈၇၂ ဧကကို အမည်ပေါက် ဦးခင်မောင်စိုး ၁၃/တကန(နိုင်)၀၁၈၈၆၅ ထံမှ စာချုပ်စာတမ်းဖြင့်ဝယ်ယူထားသူ ဒေါ်ခင်ခင်ဝင်း ၁/ဗမန(နိုင်)၀၄၉၉၅၁ က ပိုင်ဆိုင်မှုအမည်ပြောင်းလဲ၍ မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲသို့ တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွာမရပ်၊ မင်္ဂလာဒီပရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဦးမောင်မျိုး ၉/ပမန(နိုင်)၂၂၇၃၂၂(ဘ)ဦးတင်မောင်အမည်ပေါက် ပါမစ်မြေကွက်အမှတ် (ပ-၄၅၅၈)ကို ဦးမောင်ဖြူ ၉/ပမန(နိုင်)၁၆၁၈၆၆(ဘ) ဦးအုန်းမောင်မှ မြေပေးမိန့်မိတ္တူ၊ မြေကွက်အရောင်းအဝယ်စာချုပ်မိတ္တူ၊ မြေကွက်ရောင်းချသူ၏ တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဝယ်သူ၏တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ဝန်ခံကတိပြုချက်များတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာမှုအား ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်းကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဆရာတင်လမ်း၊ လူနေရပ်ကွက်အမှတ်-(အဆင့်မြင့်)၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀-တိုးချဲ့)၊ မြေကွက်အမှတ် (၁၀၅)၊ အနံ ၈၁ ပေ ၆ လက်မ× အလျား ၆၉ ပေ ဧရိယာ ၀ ဒသမ ၁၂၉ ဧက အကျယ်အဝန်းရှိ နှစ် ၆၀ မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးဇော်မျိုးထွန်း ၁၂/ဗတထ(နိုင်)၀၃၂၆၅၃ ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ဆန်းဝင်း LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၈၉၁)**
**အမှတ် (၅၆၁)၊ အခန်း (၃၀၂)၊ (၃-လွှာ)၊ M.A.C Tower ကုန်သည်လမ်း ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၄၀၆၈၀၈**

## ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်း/မြောက်ရပ်ကွက်၊ စမ်းချောင်းလမ်း၊ တိုက်အမှတ်(၈)ဟုခေါ်တွင်သည့် (၂)ခန်းတွဲ (၇)ထပ်တိုက်၏ ၇-လွှာ၊ တိုက်ရှေ့မျက်နှာမူလျှင် (ညာ-ဘက်)၊ အကျယ်အဝန်း (၁၆ပေ×ပေ၇၀)ရှိ တိုက်ခန်းကို

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်လိပ်စာဖြစ်သည့်တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူဖြစ်သော ဒေါ်မာလာအေး ၁၂/ကမရ(နိုင်)၀၁၃၂၅၃ ထံမှ ဝယ်ယူရန် ကျွန်ုပ်တို့၏ မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ယင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဘူမောင် LL.B (စဉ်-၂၂၇၄၇) ဒေါ်ဖြိုးဖြိုးအောင် LL.B (စဉ်-၄၈၄၃၁)**
**လင်း အကျိုးဆောင် အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)၊ ဘီ၊ မြေညီ၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၅၁၈၃၅၆၉၊ ၀၉-၂၅၄၂၇၈၃၃၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁B)၊ မြေကွက်အမှတ် (V-၅၇၆)၊ ဧရိယာ ၁၀၄၆၊ စတုရန်းပေ= ၀ဒသမ၀၂၄ ဧက၊ အတိုင်းအတာပေ (၂၇'×၃၈'၉")၊ မြေကွက်တည်နေရာအမှတ် (၂၄)၊ ၁၁၈လမ်း၊ ရေတွင်းကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် (Ma Sein (a)Ma Zina)အမည်ပေါက် နှစ် ၉၀ဂရန်(သက်ကုန်)မြေအား တရားလိုဒေါ်သန်းသန်း၊ ဒေါ်သန္တာဝင်း၊ ဦးခင်မောင်သန်းတို့က မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး၊ တွဲဖက်မြို့နယ်တရားသူကြီးရုံး ၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၇ ဖြင့် တရားပြိုင် ဒေါ်ခင်သန်းမြင့်အပေါ် ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုစွဲဆိုရာ စွဲဆိုသည့်အမှုအား စရိတ်နှင့်တကွ အနိုင်ဒီကရီချမှတ်သည့် ၁၇-၁၂-၂၀၁၈ရက်စွဲပါအမိန့်၊ အဆိုပါတရားရုံးအမိန့်အရ ၄င်းတို့ပိုင်ဆိုင်ကြောင်း ဒေါ်သန်းသန်း ၁၂/မဂတ(နိုင်)၀၆၇၃၆၀၊ ဒေါ်သန္တာဝင်း ၁၂/မဂတ(နိုင်)၀၀၈၃၉၂၊ ဦးခင်မောင်သန်း ၁၂/မဂတ(နိုင်)၀၇၂၀၅၀တို့မှ ၁၆-၁-၂၀၁၉ ရက်စွဲပါ ကတိသစ္စာပြုလွှာအမှတ် ၁/၆၈၀/၁၉၉၊ ထောက်ခံကတိသစ္စာပြုလွှာနှစ်စောင်၊ Ma Sein (a) Ma Zina အမည်ပေါက်နှစ် ၉၀ ဂရန်မူရင်း၊ သေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး၊ တွဲဖက်မြို့နယ်တရားသူကြီးရုံး၏ ၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၇ တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာပါသည်။ မြေပြင်ကွင်းဆင်းစစ်ဆေးရာ ဟောင်ကောင်နှစ်ခန်းတွဲသုံးထပ်တိုက်တစ်လုံးရှိပြီး လျှောက်ထားသူနှင့်အပျောက်ခန်းများနေပါသည်။ လျှောက်ထားသူများမှ အပျောက်ခန်းများနှင့်ပတ်သက်၍ တာဝန်ယူကြောင်း အရာရှိရှေ့တွင် ကိုယ်တိုင်ဝန်ခံကတိလာရောက်တင်ပြပြီးဖြစ်ပါသဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗိုလ်တထောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် -၁၀ဂျေ၊ မြေကွက်အမှတ် -III ၇၊ ဧရိယာ (၅၀'×၇၈' ၉")၊ မြေကွက်အမှတ် -III ၈၊ ဧရိယာ ၅၀×၇၀(၉/၁၂)၊ မြေကွက်တည်နေရာအမှတ် -၁၃/၁၇/၁၉၊ (၅၄)လမ်း၊ (၄)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ် ဒေါ်မော်လီဆွေ(ခ)ခင်မမဆွေ ၁၂/ပဘတ(နိုင်)၀၁၅၉၄၇ အမည်ပေါက်မြေပိုင်မြေအား မိခင်ဒေါ်မော်လီဆွေ(ခ)ခင်မမဆွေသည် ၁၉-၃-၂၀၁၆ ရက်တွင် ကွယ်လွန်သဖြင့် အစ္စလာမ်ဘာသာဝင်မိသားစုဝင်များဖြစ်သော ခင်ပွန်းဖြစ်သူ ဦးတင်ဦး ၁၂/ဗတထ(နိုင်)၀၂၇၄၅၂ နှင့် သားသမီးများဖြစ်သော ဦးဇော်မင်းဦး ၁၂/ပဘတ(နိုင်)၀၂၆၂၂၁၊ ဒေါ်ခင်နန်းဦး ၁၂/ပဘတ(နိုင်)၀၂၆၂၂၂၊ ဦးနေလင်းဦး ၁၂/ပဘတ(နိုင်)၀၂၉၄၀၇ တို့မှ မိခင်ဖြစ်သူ ဒေါ်မော်လီဆွေ(ခ)ခင်မမဆွေ ကွယ်လွန်ပြီးနောက် ကျန်ရစ်သောမြေနှင့်အိမ်ကို မဟာမေဒင်ဥပဒေအရ ခင်ပွန်းနှင့်သားသမီးများကသာ ဆက်ခံခွင့်ရှိကြောင်း မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံးကတိသစ္စာပြုလွှာအမှတ်စဉ် ၂/၁၇၃၁(၂၂-၂-၂၀၁၉)၊ ထောက်ခံကတိသစ္စာပြုလွှာ (၂)စောင်၊ ဦးတင်ဦးမှ ဒေါ်မော်လီဆွေ(ခ)ခင်မမဆွေသို့ မေတ္တာဖြင့်ပေးကမ်းသည့် အမည်ပေါက်စာချုပ် ၈၅၈/၂၀၀၇(၂၃-၂-၂၀၀၇)၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဒေါ်မော်လီဆွေ(ခ)ခင်မမဆွေ၏ သေစာရင်းတို့တင်ပြ၍ ဦးတင်ဦးထံမှ GP အမှတ် ၇၁၈ (၁၇-၁-၂၀၁၈)ရသူနှင့် ဦးဇော်မင်းဦး၊ ဦးနေလင်းဦးတို့ထံမှ GP အမှတ် ၅၄၀၂ (၃-၆-၂၀၁၆)ရသူ အစုတစ်စုအားလည်း ပိုင်ဆိုင်ခွင့်ရှိသူနှင့် လျှောက်ထားသူတစ်ဦးဖြစ်သော ဒေါ်ခင်နန်းဦး ၁၂/ပဘတ(နိုင်)၀၂၆၂၂၂ က ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပေါ်တွင် (၆)ခန်းတွဲ(၈)ထပ်တိုက်ရှိပြီး မြေကွက်အမှတ်-III ၇ နှင့် ၈ ပေါင်း၍ ဆောက်လုပ်ထားပါသည်။ မြေပိုင်ရှင်နှစ်ခန်းနေပြီး ကျန်အခန်းများမှာ အပျောက်ခန်းများဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသဖြင့် မြေပြင်ရှိအပျောက်ခန်းများနှင့်ပတ်သက်၍ တာဝန်ယူကြောင်း ဝန်ခံကတိတင်ပြခြင်း၊ အထွေထွေကိုယ်စားလှယ်လွှဲစာမရုပ်သိမ်းကြောင်း ၃-၁-၂၀၁၉ ရက်စွဲပါ ကတိသစ္စာပြုလွှာတင်ပြထားပါသဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

ရွာငံမြို့နယ်၊ မြသိန်းတန်ကျေးရွာ၊ အထက(မြိုင်)တက္ကသိုလ်ဝင်တန်း(E)မှ မောင်မျိုးမင်းဦးနှင့် မနှင်းနှင်းယုတို့၏ ဖခင်အမည်မှန်မှာ ဦးငွေအောင် ၁၃/ရငန(နိုင်)၀၃၅၉၁၁ ဖြစ်ပါကြောင်း။

**ဦးငွေအောင်**

## ဖခင်အမည်မှန်

ရွာငံမြို့နယ်၊ အထက (မြိုင်) ဆဋ္ဌမတန်းမှ မောင်ရှိုင်းမင်းစိုး၏ ဖခင်အမည်မှန်မှာ ဦးသန်းမြစိုး ၁၃/ရငန(နိုင်)၀၅၅၃၂၉ ဖြစ်ပါကြောင်း။

**ဦးသန်းမြစိုး**

## ဖခင်အမည်မှန်

ရွာငံမြို့နယ်၊ လူးကျေးရွာ၊ အထက (မြိုင်)၊ တက္ကသိုလ်ဝင်တန်း(E)မှ မောင်ဇော်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးကျော်သန်း ၁၃/ရငန(နိုင်)၀၁၄၃၉၀ ဖြစ်ပါကြောင်း။

**ဦးကျော်သန်း**

## ဖခင်အမည်မှန်

ရွာငံမြို့နယ်၊ လူးကျေးရွာ၊ အထက (မြိုင်) တက္ကသိုလ်ဝင်တန်း(D)မှ မသီသီဦး၏ ဖခင်အမည်မှန်မှာ ဦးဖိုးကြုံ ၁၃/ရငန(နိုင်)၀၃၇၈၈၆ ဖြစ်ပါကြောင်း။

**ဦးဖိုးကြုံ**

## ဖခင်အမည်မှန်

တောင်ကြီးမြို့နယ်၊ အထက (ရွှေညောင်)၊ တက္ကသိုလ်ဝင်တန်း(C)မှ မမေဖူးသွယ်၏ ဖခင်အမည်မှန်မှာ ဦးကျားလေး ၁၃/တကန(နိုင်)၁၇၁၀၆၀ ဖြစ်ပါကြောင်း။

**ဦးကျားလေး**

## ပျောက်ဆုံးခြင်း

MYANMAR MEGA POWER GROUP CO.,LTD ၏ MACHINE & SPARE PART များ တင်သွင်းလာသော (ID No. 100083029540) Date (04.10. 2018) မူရင်းမှာ ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။

**ဖုန်း-၀၉-၄၂၅၂၉၆၀၆၆**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ သထုံမြို့နယ်၊ အထက(ခွဲ) ဒုံဝန်း ဆဋ္ဌမတန်း(A)မှ မနန်းမေမြတ်မိုး၏ ဖခင်အမည်မှန်မှာ ဦးထွန်းဝင်း ၁၀/ဘလန(နိုင်)၀၆၈၁၉၁ ဖြစ်ပါကြောင်း။

**ဦးထွန်းဝင်း**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

သထုံမြို့နယ်၊ လိပ်အင်းရပ်ကွက်၊ နတ်ကျွန်း (၁)လမ်း၊ အိမ်အမှတ် (၂၆၂)နေ (ဦးငွေသိန်း) - ဒေါ်တင်ယုတို့၏သားမောင်အဝန်း ၁၀/သထန(နိုင်)၂၂၆၃၂၈ သည် မိခင်ခွင့်မလွှတ်နိုင်သည့် ကိစ္စအဝဝကို ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စမှန်သမျှအား လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်တင်ယု**
**၁၀/သထန(နိုင်)၁၄၆၂၆၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၁)ရပ်ကွက်၊ အင်းလျားမြိုင်လမ်း၊ အမှတ် (၇၁အီး/၂ဘီ-၁)တည်ရှိရာ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆ဂျီ၊ မြေကွက်အမှတ် ၇၁အီး/၂ဘီ-၁၊ မြေအမျိုးအစား မြေပိုင်မြေ၊ အမည်ပေါက် ဒေါ်နန်းနော်ဆိုင်လောဝ် ၁၃/ကဟန(နိုင်)၀၁၀၄၅၄ မြေကွက်ကို အမည်ပေါက် ဒေါ်နန်းနော်ဆိုင်လောဝ်မှ အရောင်းအဝယ်စာချုပ်အမှတ် ၁၀၆၈/ ၂၀၀၉ (စာချုပ်ရုံးလက်ခံအမှန်)၊ အရောင်းအဝယ်စာချုပ်အမှတ် ၃၄၈၆/၂၀၁၀၊ အမှားပြင်စာချုပ်အမှတ် ၅၇၅/၂၀၁၁၊ စွန့်လွှတ်စာချုပ်အမှတ် ၅၇၆/၂၀၁၁ နှင့် အမှားပြင်စာချုပ်အမှတ် ၆၆၉၃/၂၀၁၂(စာချုပ်ရုံးလက်ခံအမှန်)တို့ကိုတင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံမြေရာဇဝင်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၃အိပ်ချ်၊ မြေကွက်အမှတ် V Class ၁၄၊ မြေကွက်တည်နေရာအမှတ် (၁၅၇)၊ ၄၀လမ်း၊ ဌာနာရပ်ကွက်၊ အလုံမြို့နယ် ဒေါ်ကြင်ရင် ၁၂/အလန(နိုင်)၀၄၀၉၂၈ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် (မိခင်)ဖြစ်သူ ဒေါ်ကြင်ရင်သည် ၁၀-၅-၂၀၁၉ ရက်တွင်လည်းကောင်း (ဖခင်)ဖြစ်သူ ဦးကြည်မင်းသည် ၅-၂-၁၉၉၆ ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့သဖြင့် သား/သမီးအရင်းများဖြစ်ကြသော ဒေါ်အေးအေးမွန် ၁၂/အလန(နိုင်)၀၂၈၈၆၄၊ ဦးဇော်လင်း ၁၄/မအန(နိုင်)၀၀၈၁၃၅တို့မှ သေစာရင်း၊ ကိုယ်တိုင်ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာများ၊ ဂရန်မူရင်းတို့ကိုတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ည၊ မြေကွက်အမှတ် ၄၈၇/က၊ မြေကွက်တည်နေရာအမှတ် (၄၈၇/က)၊ ဘုမ္မာ(၁၂)လမ်း၊ ညရပ်ကွက်၊ ဦးပု(AA-၀၅၆၆၂၇) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်သူ ဦးပု(ဖခင်)ကွယ်လွန်၍ ပိုင်ဆိုင်စာချုပ် (၄၉၁၉/၂၅-၂-၂၀၁၉)ဖြင့် ရရှိသူ ဒေါ်သန်းထွေး ၁၂/ဥကမ(နိုင်)၀၅၅၃၄၄ ထံမှ GP No ၅၅၈၁/၂၉-၅-၁၈ဖြင့် ကိုယ်စားလှယ်လွှဲစာရရှိသူ ဦးသိန်းတင် ၁၂/ဥကမ(နိုင်)၁၁၅၆၅၅မှ ဂရန်မူရင်းပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာတို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာမှုအပေါ် မြေပြင်ကွင်းဆင်းစစ်ဆေးရာ နှစ်ထပ်တိုက်အဆောက်အအုံတွင် GPဦးသိန်းတင် ကိုယ်တိုင်နေထိုင်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အဆိုပါလျှောက်ထားမှုအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၊ ဆကာရပ်ကွက်၊ အကွက်အမှတ် (၅၄)၊ ဆကာမြောက်ရပ်၊ ဦးပိုင်အမှတ် (၁၅၁/ဈ)၊ ဧရိယာ ၀ ဒသမ ၀၂၉ ဧကရှိမြေကို ဦးတင်အောင်ထွန်းအမည်ဖြင့် မြေပေးမိန့်လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဟင်္သာတမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အကျိုးအကြောင်းဖော်ပြ၍ ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ဟင်္သာတမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၊ ရွှေကူရပ်ကွက်၊ အကွက်အမှတ် (၅၃)၊ ရွှေကူတောင်ရပ်၊ ဦးပိုင်အမှတ် (၂၂၉/စ) ဧရိယာ ၀ ဒသမ ၀၆၃ ဧကရှိမြေကို ဦးအောင်မျိုးသန့်အမည်ဖြင့် မြေပေးမိန့်လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဟင်္သာတမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အကျိုးအကြောင်းဖော်ပြ၍ ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ဟင်္သာတမြို့**

## ဒေါ်သန်းညွန့် (ရန်ကင်း)
## ပြည်ထဲရေးဝန်ကြီးဌာန(ငြိမ်း)
## အသက် (၉၆)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁)ရပ်ကွက်၊ ရန်ကင်းလမ်းသွယ်(၁၁)၊ တိုက်(၁၆)၊ အခန်း(၅) နေ (ဦးတင်-ဒေါ်ငွေး)တို့၏သမီး၊ (ဦးသိန်း)၏ဇနီး၊ ဒေါ်စန်းစန်းနွယ်(စက်မှု-၁၊ ငြိမ်း)၊ ဒေါ်ညိမ်းညိမ်းနွယ် (က·က·လုံ-ငြိမ်း)၊ ဦးနေဝင်း(တိုင်းချစ်ဆွေပွဲရုံ)-ဒေါ်ခင်ခင်နွယ်၊ ဦးအောင်ဖေသိန်း(ရွှေစဥ်စတိုး)-ဒေါ်ဝင်းဝင်းဦးတို့၏မိခင်၊ မခင်ယမင်းဦး(ခေတ္တ-စင်ကာပူ)၊ ကိုဖြိုးသီဟ အောင်(G.G.I Co,Ltd)၊ မဖြူဖြူနေဝင်း(ခေတ္တ-အမေရိကန်)တို့၏ဘွားဘွားကြီးသည် ၂၀-၈-၂၀၁၉ရက် (အင်္ဂါနေ့) ညနေ ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၂၁-၈-၂၀၁၉ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

[ကွယ်လွန်သူအားရည်စူး၍ ၂၆-၈-၂၀၁၉ရက် (တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

## မွေးသက္ကရာဇ်အမှန်

(ဦးအေးမောင်)၏သမီး ပင်းတယမြို့၊ ရွာငယ်ရပ်ကွက်နေ ဒေါ်ကြည်သင်း ၁၃/ပတယ(နိုင်)၀၀၁၆၉၉ ၏ မွေးသက္ကရာဇ်အမှန်မှာ ၉-၁-၁၉၆၀ ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

တောင်ကြီးမြို့နယ်၊ အထက(ရွှေညောင်)၊ တက္ကသိုလ်ဝင်တန်း (က)မှ မောင်မင်းမြတ်ဟိန်း၏ မိခင်အမည်မှန်မှာ ဒေါ်မြဝေကြူ ၁၃/တကန(နိုင်)၀၃၅၇၀၄ ဖြစ်ပါကြောင်း။

**ဒေါ်မြဝေကြူ**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 4I/8509 Mitsubishi Canter ယာဉ်လက်ဝယ်ရှိသူ ခွန်မောင်လွင် ၁၃/တကန(နိုင်)၁၅၅၆၀၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တောင်ကြီး**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2E/8771 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊**

**ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3J/3747 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊**

**ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၊ မြေကွက်အမှတ် ၉၂၇ (က)၊ မြေကွက်တည်နေရာအမှတ်-၉၂၇ (က)၊ (၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဦးမောင်မြင့်အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ဦးမောင်မြင့် CG-၀၄၇၃၀၁ ထံမှ ၃-၇-၁၉၉၅ ရက်စွဲပါ အရောင်းအဝယ်အရပ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဦးသန်းမြင့် ၁၄/ရကန(နိုင်)၀၀၄၂၆၃ မှ ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ကတိဝန်ခံချက်နှင့် မြေချပါမစ်မူရင်း ပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ကြောင်း၊ အဆိုပါမြေကွက်အား အခြားသူတစ်ယောက်ထံသို့ တစ်ဆင့်ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းလှူဒါန်းထားခြင်းမရှိကြောင်း မိမိတစ်ဦးတည်းသာ လက်ဝယ်ရယူပိုင်ဆိုင်ပြီးဖြစ်ပါကြောင်း ကျမ်းကျိန်လွှာတို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် ဂရန်သစ်လျှောက်ထားလာခြင်းအား ကွင်းဆင်းစစ်ဆေးရာ ပျဉ်ထရံကာ သွပ်မိုး (၁၀ပေ×၁၅ပေ)အဆောက်အအုံတစ်လုံးရှိပြီး လျှောက်ထားသူကိုယ်တိုင်နေပါသည်။ သို့ပါ၍ ဦးသန်းမြင့်မှ ပါမစ်ပျောက်ဖြင့် ဂရန်သစ်လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၃)ရပ်ကွက်၊ ကုန်သည်လမ်း၊ Botahtaung Time Square အဆင့်မြင့်အိမ်ရာစီမံကိန်း၊ အဆောက်အအုံအမှတ် C2၊ အခန်းအမှတ်(A-1001)အား အမည်ပေါက်ပိုင်ဆိုင်သည့် ဦးဘိုနီ၊ ဦးမောင်အောင် (ကိုယ်စား-ကိတ္တိမသမီးများ) ဒေါ်ထွေးရီ၊ ဒေါ်နုရီတို့က ၎င်းတို့၏မွေးချင်းအစ်ကို ဦးစိုးသိန်း(ကွယ်လွန်)၏သမီး ဒေါ်တင်တင်ရီ ၁၂/ပဘတ(နိုင်)၀၃၀၃၀၂ သို့ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းစာချုပ်ဖြင့် ပေးကမ်းခဲ့ပြီးဖြစ်ပါသဖြင့် ဒေါ်တင်တင်ရီအမည်ဖြင့် အိမ်ခန်းပိုင်ဆိုင်မှုစာအုပ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါသည်။ **အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**

**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ဝါးတရာစက်မှုဇုန်၊ မြေကွက်အမှတ် (၃၅၃)၊ ဧရိယာ ၁ ဒသမ ၇၆၈ ဧကကို အမည်ပေါက် ဦးခင်မောင်စိုး ၁၃/တကန(နိုင်)၀၁၈၈၆၅ ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဒေါ်ခင်ခင်ဝင်း ၁/ဗမန(နိုင်)၀၄၉၉၅၁ က ပိုင်ဆိုင်မှုအမည်ပြောင်းလဲ၍ မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာန အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲသို့ တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၃)ရပ်ကွက်၊ ကုန်သည်လမ်း၊ Botahtaung Time Square အဆင့်မြင့်အိမ်ရာစီမံကိန်း၊ အဆောက်အအုံအမှတ် C2၊ အခန်းအမှတ် (A-1110)အား အမည်ပေါက် ပိုင်ဆိုင်သည့် ဦးဘိုနီ၊ ဦးမောင်အောင် (ကိုယ်စား ကိတ္တိမသမီးများ)၊ ဒေါ်ထွေးရီ၊ ဒေါ်နုရီတို့က ၎င်းတို့၏ မွေးချင်းညီမောင် ဦးသန်းလှိုင် (ကွယ်လွန်)၏ သမီးဖြစ်သူ ဒေါ်မြတ်သူသူအောင် ၁၂/ပဘတ(နိုင်)၀၂၅၂၃၄ သို့ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းစာချုပ်ဖြင့် ပေးကမ်းခဲ့ပြီးဖြစ်ပါသဖြင့် ဒေါ်မြတ်သူသူအောင်အမည်ဖြင့် အိမ်ခန်းပိုင်ဆိုင်မှုစာအုပ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါသည်။ **အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**

**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ဝါးတရာစက်မှုဇုန်၊ မြေကွက်အမှတ် ၄၀၄၊ ဧရိယာ ၁ ဒသမ ၇၇၇ ဧကကို အမည်ပေါက် ဦးစိုးကြိုင် ၁၀/သထန(နိုင်)၁၀၃၄၇၉ ထံမှ ဒေါ်ခင်ခင်ဝင်း ၁/ဗမန(နိုင်)၀၄၉၉၅၁ က စာချုပ်စာတမ်းဖြင့်ဝယ်ယူခဲ့ပြီး ပိုင်ဆိုင်မှုအတွက် ဒေါ်ခင်ခင်ဝင်းမှ ၎င်း၏အမည်ဖြင့် မြေငှားလိုင်စင်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာမှုအပေါ် ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲသို့ တင်ပြကန့်ကွက်နိုင်ပါသည်။ **အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**

**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ဗိုလ်မှူးအောင်ဆန်း (ငြိမ်း)
**(DSA-10)(ရေ-၁၁၈၀)**
**ဒု-ရေကြောင်းဌာနမှူးချုပ်(ငြိမ်း)၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**
**ဥက္ကဋ္ဌ-ဘားအံမြို့နယ်အသင်း(ရန်ကုန်)**
**အသက်(၇၃)နှစ်**

ဘားအံမြို့နေ (ဦးချစ်ညွန့်-ဒေါ်သန်းငွေ)တို့၏သား၊ ဦးခင်မောင်မြင့်၊ ဦးအောင်စိုး၊ ဒေါ်ခင်သန်းရီ၊ ဦးအေးကိုတို့၏ညီ/မောင်၊ ဦးစိုးတင့်၊ ဦးမျိုးတင့်တို့၏အစ်ကို၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ပါရမီကွန်ဒို၊ တိုက်(၁၂+၁)၊ အခန်း(၉၀၂)နေ (ဒေါ်ခင်ဘုန်းမြင့်)၏ခင်ပွန်း၊ ဒေါက်တာသော်တာပပထွန်း(အထူးကုဆရာဝန်ကြီး၊ ကင်ဆာရောဂါဆေးပညာဌာန၊ သင်ကြားရေးဆေးရုံ၊ မကွေး)၏ချစ်လှစွာသောဖခင်သည် ၂၂-၈-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၅း၀၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၈-၂၀၁၉ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန် ဒါယိကာမကြီး**
### ဒေါ်မြင့်မြင့်ဆွေ
**အသက်(၉၇)နှစ်**

ဆေးတက္ကသိုလ်(၁)၊ ခန္ဓာဗေဒဌာနမှ ဒေါက်တာစိုးစိုးပိုင် (ဘွဲ့လွန်ကထိက-ငြိမ်း)၏ကျေးဇူးရှင်မိခင် ဒေါ်မြင့်မြင့်ဆွေသည် ၁၅-၈-၂၀၁၉ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**Myanmar Anatomy Society**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒုတိယဗိုလ်မှူးကြီးကျော်ဝင်း (ငြိမ်း)
**ကြည်း-၉၈၃၄၊ OTS-29**
**အသက်(၈၆)နှစ်**

မန္တလေးမြို့နေ ဒေါ်ခင်သောင်း(ကထိက-ငြိမ်း၊ မန္တလေးတက္ကသိုလ်)၏ခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီးကျော်ဝင်း(ငြိမ်း)သည် ၂၀-၈-၂၀၁၉ရက် ညနေ ၃ နာရီတွင် (GRAND MANDALAY HOSPITAL)၌ ကွယ်လွန်သွားကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**OTS 29 မှသူငယ်ချင်းများနှင့်မိသားစုများ**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**
### ဒေါ်ခင်မိုးမိုး
**အသက်(၅၅)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၄/၁ရပ်ကွက်၊ မြင်သာ(၅)လမ်း၊ အမှတ် ၅၃/၁နေ ဦးသိန်းဇံ-(ဒေါ်ခင်မျိုးချစ်) တို့၏သမီး၊ ဦးထိန်လင်း-ဒေါ်ဖြူဖြူဝင်း၊ ဒေါ်မျိုးစန္ဒာခင်၊ ဦးမျိုးသီဟ-ဒေါ်စန်းညွန့်အေးတို့၏အစ်မ၊ ကိုပြည့်စွမ်းဦး-မဝါဝါထွန်းတို့၏ချစ်လှစွာသောမိခင်၊ မောင်ပြည့်စုံ၊ မောင်ဌေးအောင်လှိုင်တို့၏အဒေါ်သည် ၂၁-၈-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၃၀နာရီတွင် မြောက်ဥက္ကလာပမြို့နယ်၊ OSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၈-၂၀၁၉ရက် (သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၂၇-၈-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

### ဦးစောဝင်းနိုင် (သံတွဲ)
**B.Sc (Bot)**
**အသက်(၅၅) နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြို့မလမ်းမကြီး၊ အမှတ်(၃၉၉-က၊ ဒုတိယထပ်)နေ ဦးစောသောင်း(ခ)ဦးမောင်ကြီး-[ဒေါ်သိန်းညွန့်(ခ)မချေ] တို့၏သား၊ (ဦးထွန်းအောင်)-ဒေါ်ခင်ထား တို့၏သားသမက်၊ ဒေါ်ဖြူဖြူအောင်(ခ)မမိငယ်၏ချစ်လှစွာသောခင်ပွန်း၊ မောင်ရဲဝင်းထွဋ်၊ မောင်ကျော်စည်သူတို့၏ ချစ်လှစွာသောဖခင်၊ ဒေါ်စောကေသီဦး(စိုက်ပျိုးရေးဦးစီးဌာန)၊ ဦးသန်းနိုင်-ဒေါ်စောစန္ဒာညွန့်(ဆသရ-ငြိမ်း)၊ ဦးထွေးတင်-ဒေါ်စောဥမ္မာညွန့်၊ [ဦးအေးသိန်း(ခ)ကိုဒေါင်ဗိုလ်]-ဒေါ်စုစုဝင်း၊ (ဦးဇော်ဝင်းအောင်) (နယ်/စည်-ငြိမ်း)-ဒေါ်အေးအေးသန်း၊ ဦးသက်ဆွေအောင်(ဆသရ-ငြိမ်း)- ဒေါ်စန်းစန်းနွယ်တို့၏ညီ/မောင်/အစ်ကို၊ တူ၊ တူမ ခုနစ်ယောက်တို့၏ ဦးလေး၊ မြေးသုံးယောက်တို့၏အဘိုးသည် ၂၂-၈-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၈း၃၂ နာရီတွင် အာယုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၈-၂၀၁၉ရက်(စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင်ထွက်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၈-၈-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါကတည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

---

### ဦးရွှေကြူး
**အသက်(၇၁)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အမှုထမ်းရပ်ကွက်၊ သန့်စင်လမ်းနေ ဒေါ်ဝင်းတင်၏ခင်ပွန်း၊ ကိုသန့်ဇင်ဦး၊ ဒုရဲအုပ်အောင်ကျော်သူ (အမှတ်-၉၊ ယာဉ်ထိန်းရဲရုံး၊ ဒုတပ်ဖွဲ့ခွဲ)-ဒေါ်ဝင့်နန္ဒာ (ဦးစီးအရာရှိ၊ ပဲခူးတိုင်းဒေသကြီး၊ ဥပဒေချုပ်ရုံး)တို့၏ချစ်လှစွာသောဖခင်သည် ၂၂-၈-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၄း၅၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၈-၂၀၁၉ရက် မွန်းလွဲ ၁း၃၀နာရီတွင် သန်လျင် အမိုးနီသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့်၁၂ နာရီတွင် ထွက်ခွာပါမည်။

[ကွယ်လွန်သူအားရည်စူး၍ ၂၈-၈-၂၀၁၉ရက်(စနေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
### ဦးရဲမြင့်(၃၈ လမ်းဈေးဟောင်း)
**အသက်(၆၄)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျီတော်ရပ်ကွက်၊ အမှတ် (၆၄/A၊ သုံးလွှာ)နေ (ဦးထွန်းငွေ-ဒေါ်တင်ကြည်)တို့၏သား၊ ဒေါ်ရင်ရင်မာ၏ချစ်လှစွာသောခင်ပွန်း၊ ဦးဝင်းမြင့်ဦး-ဒေါ်အေးမင်းမင်း၊ ဦးသီရိသိန်းသန်း (ခ) ကိုဒုံး-ဒေါ်အေးသင်းသင်း၊ ဒေါက်တာနိုင်ရဲအောင်-ဒေါ်ဆုပန်ထွန်းတို့၏ချစ်လှစွာသောဖခင်၊ မောင်သူထက်လင်း၊ မောင်ဘုန်းပြည့်စုံ၊ မရှင်ခေတ်စံ၊ မောင်သုတညာဏ်၊ မမေခေတ်နွေတို့၏အဘိုးသည် ၂၁-၈-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့)တွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၈-၂၀၁၉ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၂၇-၈-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်း ကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

သစ်တော
သစ်ပင်
ဒို့ချစ်ခင်
နှစ်စဉ်
စိုက်ပျိုး
အလှတိုး

---

**ကျောက်တံခါးမြို့နယ်အသင်း(ရန်ကုန်)**
### ဦးတင်ငါ(ခ)ဦးတင်လှ
**အသက်(၉၅) နှစ်**

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ နဝဒေးအိမ်ရာ၊ အမှတ်(၆၀/၅)နေ (ဒေါ်ရှုကီ)၏ခင်ပွန်း၊ ဦးအေးမြင့်- ဒေါ်လှလှအေး၊ ဦးဝင်းသန်း-ဒေါ်တင်တင်ညို၊ ဦးစန်းလွင်-ဒေါ်အေးအေးသန်း၊ ဒေါ်အေးအေးငြိမ်း၊ ဦးမြင့်လွင်-ဒေါ်စပါယ်ယု၊ ဦးဉာဏ်ဝင်း-ဒေါ်အေးအေးမာတို့၏ဖခင်၊ မြေး ၁၉ယောက်၊ မြစ်ရှစ်ယောက်တို့၏အဘိုးသည် ၂၁-၈-၂၀၁၉ရက် နံနက် ၂း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၈-၂၀၁၉ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

**အလုပ်အမှုဆောင်အဖွဲ့**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
### ဦးတင်ငါ(ခ)ဦးတင်လှ
**အသက်(၉၅)နှစ်**

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ နဝဒေးဥယျာဉ်အိမ်ရာ၊ Block(၆)၊ အမှတ်(၅)နေ (ဒေါ်ရှုကီ)၏ခင်ပွန်း၊ သား/သမီး(၁၃)ယောက်၊ မြေး ၁၉ ယောက်၊ မြစ်ရှစ်ယောက်တို့၏အဘိုးသည် ၂၁-၈-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၂း၂၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၈-၂၀၁၉ရက်(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး အရိုးပြာအိုးအား ကွမ်းရင်စွမ်ဘုရားကျောင်းသို့ ပို့ဆောင်ပါမည်။

[ကွယ်လွန်သူအားရည်စူး၍ ၂၇-၈-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ ကျောင်း၊ ကန် ဒါယကာကြီး**
### ဦးတင်ငါ(ခ)ဦးတင်လှ
**(ကျောက်တံခါးနဂါးနီကြက်သွန်)**
**အသက်(၉၅)နှစ်**

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ နဝဒေးအိမ်ရာနေ ဦးဉာဏ်ဝင်း-ဒေါ်အေးအေးမာတို့၏ဖခင်သည် ၂၁-၈-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၂း၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**ဦးရန်ဟို-ဒေါ်ခင်ခင်ထက်မိသားစု**

---

**ဘားအံမြို့နယ်အသင်း(ရန်ကုန်)**
### ဗိုလ်မှူးအောင်ဆန်း (ရေ/ငြိမ်း)
**ဥက္ကဋ္ဌ ဘားအံမြို့နယ်အသင်း(ရန်ကုန်)**
**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ပါရမီကွန်ဒို(၁၂+၁)၊ အခန်းအမှတ် (၉၀၂)နေ (ဒေါ်ခင်ဘုန်းမြင့်)၏ခင်ပွန်း၊ ဒေါက်တာသော်တာပပထွန်း (ကင်ဆာအထူးကုဆရာဝန်ကြီး၊ မကွေးသင်ကြားရေးဆေးရုံ)၏ချစ်လှစွာသောဖခင်၊ ဗိုလ်မှူးအောင်ဆန်း(ရေ/ငြိမ်း)သည် ၂၂-၈-၂၀၁၉ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၈-၂၀၁၉ရက်(စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသောကြောင့် အသင်းဝင်များလိုက်ပါပို့ဆောင်ကြပါရန် အသိပေးအပ်ပါသည်။

**အမှုဆောင်အဖွဲ့**
**ဘားအံမြို့နယ်အသင်း(ရန်ကုန်)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်မှူးအောင်ဆန်း (ရေ/ငြိမ်း)
**ဥက္ကဋ္ဌ၊ ဘားအံမြို့နယ်အသင်း(ရန်ကုန်)**
**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ပါရမီကွန်ဒို(၁၂+၁)၊ အခန်းအမှတ်(၉၀၂)နေ (ဒေါ်ခင်ဘုန်းမြင့်)၏ခင်ပွန်း၊ ဒေါက်တာသော်တာပပထွန်း(ကင်ဆာအထူးကု ဆရာဝန်ကြီး၊ မကွေးသင်ကြားရေးဆေးရုံ)၏ချစ်လှစွာသောဖခင် ဗိုလ်မှူးအောင်ဆန်း(ရေ/ငြိမ်း)သည် ၂၂-၈-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၅း၀၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့**
**ဘားအံမြို့နယ်အသင်း(ရန်ကုန်)**

---

### ဒေါ်ခင်မာလာသွယ်
**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၆)ရပ်ကွက်၊ ၄၄လမ်း၊ အမှတ်(၃၀)နေ (ဦးခင်မောင်ကြီး-ဒေါ်မကြီး)တို့၏သမီး၊ (ဦးကျော်မြင့်)၏ဇနီး၊ ဦးမောင်မောင်အေး(ဒေါ်ခင်မာလာနွယ်)တို့၏အစ်မ၊ ဦးဗိုလ်ဗိုလ်ကျော်(Pyay Garden Office Tower)၊ ဦးသီဟကျော်-ဒေါ်ဇာနွယ်စိုးတို့၏မိခင်သည် ၂၂-၈-၂၀၁၉ရက် နံနက် ၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၈-၂၀၁၉ရက် နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင်ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

### ဦးမျိုးဝင်း
**အသက် (၆၀)**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၂ ရပ်ကွက်၊ မာဃ-၅လမ်း၊ အမှတ်(၆၀၉)နေ (ဦးသိန်းမြင့်)-ဒေါ်လှမြင့်တို့၏သားကြီး၊ (ဦးမြရိန်-ဒေါ်မြနု)တို့၏သားသမက်၊ ဒေါ်မြင့်မြင့်ရီ၏ခင်ပွန်း၊ ဦးမျိုးမင်း(CHID Bank)-(ဒေါ်ရီရီဝင်း)၊ ဦးမျိုးထွန်း(MOB Bank)-ဒေါ်အေးအေး၊ (ဦးမျိုးတင့်)တို့၏အစ်ကိုကြီး၊ မမြတ်စုမွန်၊ မမြတ်ပန်းမွန်(MOB Bank)တို့၏ဖခင်၊ တူ၊ တူမ နှစ်ယောက်တို့၏ ဘကြီးသည် ၂၁-၈-၂၀၁၉ ရက် (ဗုဒ္ဓဟူးနေ့) ည ၁၀း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၈-၂၀၁၉ရက်(သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ **(နေအိမ်မှကားများ နံနက် ၁၀း၀၀ နာရီတွင် ထွက်ခွာပါမည်။)**

ကွယ်လွန်သူအားရည်စူး၍ ၂၇-၈-၂၀၁၉ရက် (အင်္ဂါနေ့)နံနက်၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
### ဘဒ္ဒန္တပဏ္ဍိစ္စ
**သက်တော်(၉၃)နှစ်၊ သိက္ခာတော်(၇၃)ဝါ**

ဧရာဝတီတိုင်းဒေသကြီး၊ ငါးသိုင်းချောင်းမြို့ ဘုရားကြီးပရိယတ္တိအသင်းတိုက်ကြီး၏ ဦးစီးပဓာနမဟာနာယက၊ အနောက်ချောင်းဒွါရဂိုဏ်းကြီး၏ သမ္မုတိသာသနာပိုင်ဖြစ်တော်မူသော ဘဒ္ဒန္တပဏ္ဍိစ္စ ဆရာတော်ကြီးသည် (၁၃၈၁ ခုနှစ် ဝါခေါင်လပြည့်ကျော် ၇ ရက်) ၂၂-၈-၂၀၁၉ရက် မွန်းလွဲ ၁း၂၂နာရီတွင် သီတင်းသုံးရာကျောင်းတိုက်ကြီး၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် အန္တိမဈာပနပူဇော်ပွဲကို ၂၈-၈-၂၀၁၉ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း တပည့်အပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ဈာပနကော်မတီ**
**ဘုရားကြီးပရိယတ္တိစာသင်တိုက်**
**ငါးသိုင်းချောင်းမြို့**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
### ဒေါ်ခင်သန်းယု (မအူပင်/သံတွဲ)
**အသက်(၉၃)နှစ်**

မအူပင်မြို့နေ(ဦးစံဒွန်း-ဒေါ်ဒေါ်နွဲ့)တို့၏သမီး၊ (ဦးရာနား-ဒေါ်အေးခင်)တို့၏သမီးချွေးမ၊ (ဦးယုဝမ်)၏ချစ်လှစွာသောဇနီး၊ (ဦးညီကြီး-ဒေါ်လှကျော်)၊ (ဦးဘခက်-ဒေါ်အုံးမြ)၊ (ဒေါ်ခင်ကြီး)၊ (ဦးဝင်းမောင်-ဒေါ်ခင်လေး)၊ (ဦးမောင်မောင်သန်း-ဒေါ်ခင်မြင့်မြင့်)၊ (ဒေါ်ခင်သိန်း)၊ (ဦးခင်မောင်ကြည်-ဒေါ်ခင်လှရီ)၊ [ဦးရဲမြင့်-ဒေါ်ခင်လှမြင့်(ခ)ညိုညို]၊ (ဦးကျော့ဝါ-ဒေါ်ကျင်ရွှေ)၊ (ဦးယုစိန်-ဒေါ်သန်းစိန်)၊ (ဦးယုဟောင်း-ဒေါ်ကျင်စန်း)၊ (ဦးစိန်ကြီး)-ဒေါ်ကျင်ငွေတို့၏အစ်မ/ညီမသည် ၂၂-၈-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၈ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၈-၂၀၁၉ရက် (စနေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
### ဒေါ်ခင်သန်းယု (မအူပင်/သံတွဲ)
**အသက်(၉၃)နှစ်**

မအူပင်မြို့နေ(ဦးစံဒွန်း-ဒေါ်ဒေါ်နွဲ့)တို့၏သမီး၊ (ဦးရာနား-ဒေါ်အေးခင်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ အောင်သိဒ္ဓိလမ်း၊ အောင်မင်္ဂလာလမ်းသွယ်၊ အမှတ်(၂၇)နေ (ဦးယုဝမ်)၏ချစ်လှစွာသောဇနီး၊ ဒေါ်သန်းသန်းစိုး (ကျောင်းအုပ်ကြီး/ငြိမ်း)-ဦးအောင်မြတ်ကျော်၊ ဒေါ်ဝင်းဝင်းမြင့်(ထက်/ပြ-ငြိမ်း)၊ ဒေါ်အေးအေးမြင့်(ခ)ဖြူဖြူ(ဦးစီးအရာရှိ-ငြိမ်း၊ လမ်းဦးစီးဌာန)-ဦးခင်မောင်အေးတို့၏မိခင်၊ မကျော်သူဇာစိုး-ကိုသန်းထိုက်စိုး၊ ဒေါက်တာဇင်ဝေမော်(ခ)အေးမွန်ဖြူ၊ မောင်ကျော်ဝေယံစိုးတို့၏အဘွားသည်၂၂-၈-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၈နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၈-၂၀၁၉ရက် (စနေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

### ဦးမြင့်ဌေး B.Sc,M.Sc(Physics)
**Myanmar Comet Tour(MD)**
**စိန်ပေါလ်ကျောင်းသားဟောင်း**
**အသက်(၆၆)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကုန်းမြင့်ရိပ်သာလမ်း၊ အမှတ်(၅၄/ဃ)နေ (ဦးဌေးတင့်-ဒေါ်နုနု)တို့၏သား၊ ဦးသန်းဦး-ဒေါ်မြင့်မြင့်စိန်)ဒေါ်နုနုရှိန်တို့၏သားသမက်၊ ဦးလွင်ဌေး-ဒေါ်ဆွေဆွေဝင်း၊ ဦးဇော်ဌေး-ဒေါ်စန္ဒာမြင့်၊ ဦးသက်ဇင်ဌေး-ဒေါ်ဆွေဆွေဝင်းတို့၏ညီ/အစ်ကို၊ မောင်သန့်ဟန်ထူး၊ မလှလှမြင့်ဌေး၊ မစုသီရိမြင့်ဌေးတို့၏ဖခင်၊ မောင်အောင်ခန့်ပိုင်၊ မောင်လင်းသန့်တို့၏အဘိုး၊ ဒေါ်ခိုင်ခိုင်ဦး၏ချစ်လှစွာသောခင်ပွန်း ဦးမြင့်ဌေးသည် ၁၈-၈-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကွယ်လွန်သူအားရည်စူး၍ ၂၄-၈-၂၀၁၉ရက် (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### ဦးဝင်းမော် (Engr. WIN MAW) အသက်(၄၄)နှစ်
**RSE_ELECTRICAL (POWER)**
**M.D(PROMEC ENGINEERING CO,Ltd)**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၁)ရပ်ကွက်၊ ခတ္တာလမ်း၊ အမှတ်(၁၃၆)နေ (ဦးသိန်းမောင်-မြို့နယ်တရားသူကြီး-ငြိမ်း-ဒေါ်တင်ဝင်း)တို့၏ သား၊ (ဦးသန်းအေး)-ဒေါ်တင်ဝင်းတို့၏သားသမက်၊ ဦးစိန်ထွန်း(C/E Five Star-ငြိမ်း)၊ ဒေါ်နီမလညာဏီ(သုစိတ္တာသာသနာ့ရုံသီစာသင်တိုက်-မအူပင်မြို့)တို့၏တူ၊ ဒေါ်ခင်သိမ်းဝင်း(ကျောင်းအုပ်-အမက-၄၊ မရမ်းကုန်း)၏မောင်၊ ဦးစိုးဦး၊ ဦးသန့်ဇင်ဦး-ဒေါ်သွင်သွင်အုန်းတို့၏ညီ၊ မဇင်ဇင်မာ၏အစ်ကို၊ ဒေါ်စုစုမာ၏ခင်ပွန်းသည် ၂၁-၈-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၆နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၈-၂၀၁၉ရက်(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၇-၈-၂၀၁၉ရက်(အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးဝင်းမော် (Engr.WIN MAW)
**RSE_ELECTRICAL (POWER)**
**M.D(PROMEC ENGINEERING CO,Ltd)**
**အသက်(၄၄)နှစ်**

သူငယ်ချင်း ဦးဝင်းမော် အသက်(၄၄)နှစ်သည် ၂၁-၈-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆နာရီတွင် နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူအထူးဝမ်းနည်းကြေကွဲရပါသည်။

**Promec Engineering Co,Ltd မှသူငယ်ချင်းများ**

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၂**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန်၏ **ချင်းပြည်နယ် မတူပီမြို့မှ လိုင်လင်းပီမြို့သို့ ဆက်သွယ်ထားသော မတူပီ-လိုင်လင်းပီ လမ်းပိုင်းတွင် ဆက်လက်ဖောက်လုပ်ရန် ကျန်ရှိနေသော တန်ကူ-ဆုံဆင်း-တင်နမ်-အာရု (၂၆)မိုင်အား လာမည့် ဘဏ္ဍာရေးနှစ်တွင် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်ချုပ်သန်းထွဋ်က လွှတ်တော်ကိုယ်စားလှယ် မေးမြန်းသည့် မတူပီ - လိုင်လင်းပီ လမ်းပိုင်းတွင် ဆက်လက်ဖောက်လုပ်ရန် ကျန်ရှိနေသော တန်ကူ-ဆုံဆင်း-တင်နမ်-အာရု (၂၆)မိုင်အား ဖောက်လုပ်ပေးရန်နှင့်ပတ်သက်၍ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် တန်ကူ - ဆုံဆင်း ကြားရှိ တန်ကူမှ စရောင်းဗားချောင်းအထိ နှစ်မိုင်အား လမ်းအူကြောင်းပြောင်း၍ လမ်းသစ်ဖောက်လုပ်ရန်အတွက် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ပြည်နယ်ရန်ပုံငွေတွင် ငွေကျပ် ၃၀ ဒသမ ၆၃ သန်းအား လျာထားပြီးဖြစ်ရာ ရန်ပုံငွေခွင့်ပြုချက်အပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ကျန်ရှိနေသည့် လမ်းပိုင်းကို ဆက်လက်ဖောက်လုပ်ပေးနိုင်ရေးနှင့် စပ်လျဉ်း၍ ပြည်နယ်အစိုးရအဖွဲ့ကို တင်ပြရန် လိုအပ်ပါကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ခံတင်ပြလာပါက ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ တတိယ (၅)နှစ်စီမံကိန်းလျာထားချက်တွင် လုပ်ငန်းဦးစားပေးအစီအစဉ်ဖြင့် အပိုင်းလိုက် လျာထားဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်မောင်လတ်၏ **စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် ခါမ်းပတ်မြို့ အမှတ်(၁)ရပ်ကွက်အတွက် စိမ့်စမ်းရေသွယ်ယူပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ခါမ်းပတ်မြို့ အမှတ်(၁) ရပ်ကွက်သောက်သုံးရေရရှိရေးသည် မြို့ရေပေးရေးလုပ်ငန်းဖြစ်သည့်အတွက် တည်ဆောက်ရေးကုန်ကျစရိတ်များကို သက်ဆိုင်ရာ

*စာမျက်နှာ ၇ ကော်လံ ၁* ❋



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း

# International Series ကြက်တောင်ရိုက်ပြိုင်ပွဲ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်

**ရန်ကုန် ဩဂုတ် ၂၂**

ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်က ကြီးမှူးကျင်းပလျက်ရှိသည့် ပြိုင်ပွဲများအနက် International Series ကြက်တောင်ရိုက်ပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရခဲ့ပြီး စက်တင်ဘာ ၁၀ ရက်မှ ၁၅ ရက်အထိ ရန်ကုန်မြို့ရှိ အမျိုးသားကြက်တောင်အားကစားခန်းမ၌ ကျင်းပမည်ဖြစ်သည်။



၂၀၁၇ ခုနှစ်က မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် အာရှလူငယ်ကြက်တောင်ပြိုင်ပွဲကို တွေ့ရစဉ်။ ဓာတ်ပုံ-စိုးညွန့်

မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်အနေဖြင့် ယခုနောက်ပိုင်းနှစ်များတွင် အာရှအဆင့် လူငယ်ကြက်တောင်ပြိုင်ပွဲများကို ရန်ကုန်နှင့် မန္တလေးမြို့၌ အိမ်ရှင်အဖြစ် နှစ်ကြိမ် လက်ခံကျင်းပပြီးနောက် ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်က ကျင်းပသည့် ပြိုင်ပွဲတစ်ခုကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းဖြစ်သည်။ ယခုပြိုင်ပွဲတွင် နိုင်ငံပေါင်း ၁၂ နိုင်ငံမှ အားကစားသမား ၁၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးတစ်ဦးချင်း ပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲနှင့် အမျိုးသား+အမျိုးသမီး နှစ်ယောက်တွဲ ပြိုင်ပွဲတို့ ပါဝင်မည်ဖြစ်သည်။ အိမ်ရှင်မြန်မာကြက်တောင်အဖွဲ့သည် ယင်းပြိုင်ပွဲတွင် ကစားသမား ၁၆ ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး နိုင်ငံတကာ ပြိုင်ပွဲများတွင် အောင်မြင်မှုများ ရယူနေသည့် ကြက်တောင်အားကစားမယ် သက်ထားသူဇာလည်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

*စာမျက်နှာ ၁၂ ကော်လံ ၁* ❋

## စစ်တောင်းမြစ်ရေ မဒေါက်မြို့တွင် စိုးရိမ်ရေမှတ်အထက်ဆက်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၂၂**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း ပေဝက်ခန့်ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# ဗီယက်နမ် ယူ-၁၅ အမျိုးသမီးဖိတ်ခေါ်ပြိုင်ပွဲတွင် မြန်မာအသင်း ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် ဩဂုတ် ၂၂**

မြန်မာ ယူ-၁၅ အမျိုးသမီးအသင်းသည် ဗီယက်နမ် ယူ-၁၅ အမျိုးသမီးဖိတ်ခေါ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲကို စက်တင်ဘာ ၁ ရက်မှ ၅ ရက်အထိ ကျင်းပမည်ဖြစ်ပြီး လေးသင်းပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အိမ်ရှင် ဗီယက်နမ်အသင်းနှင့်အတူ မြန်မာ၊ ဟောင်ကောင်နှင့် အိုက်စလန်အသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး မြန်မာ ယူ-၁၅ အမျိုးသမီးအသင်းအတွက် အတွေ့အကြုံကောင်းများရရှိမည့် ပြိုင်ပွဲလည်း ဖြစ်သည်။ ဗီယက်နမ်ဘောလုံးအဖွဲ့ချုပ်သည် ယူ-၁၅ ဖိတ်ခေါ်ပြိုင်ပွဲကို အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲနှစ်ခု ဆက်တိုက်ကျင်းပခြင်းဖြစ်သည်။ အမျိုးသား ယူ-၁၅ ဖိတ်ခေါ်ပြိုင်ပွဲကို ဩဂုတ် ၂၆ ရက်မှ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အမျိုးသမီးပြိုင်ပွဲကို စက်တင်ဘာလပထမပတ်တွင် ဆက်လက်ကျင်းပခြင်းဖြစ်သည်။

ဗီယက်နမ် ယူ-၁၅ ဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင်မည့် မြန်မာ ယူ-၁၅ အမျိုးသမီးအသင်းကို နည်းပြချုပ်အဖြစ် ဒေါ်စန်းစန်းသိန်းက ကိုင်တွယ်နေပြီး ကစားသမား ၂၅ ဦးဖြင့် လေ့ကျင့်လျက်ရှိသည်။ မြန်မာအသင်းသည် ယခုနှစ်အတွင်း အာဆီယံ ယူ-၁၅ အမျိုးသမီးပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့သည့်အသင်းကို အခြေခံကာ ဖွဲ့စည်းထားခြင်းဖြစ်သည်။

**ရဲရင့်ရှိန်း**

ဂုတ်တွင်းတံတားပြန်လည်ဖွင့်လှစ်ပေးနိုင်သဖြင့် မန္တလေးကုန်စည်ဒိုင်တွင် အရောင်းအဝယ်များ ပြန်လည်သွက်လက်စည်ကားလာ စာမျက်နှာ » ၁၃

နီပေါနိုင်ငံ ဧဝရက်တောင်တန်းဒေသ၌ ပလတ်စတစ်ပစ္စည်း အသုံးပြုမှု ပိတ်ပင်မည် စာမျက်နှာ » ၁၄

အမေရိကန်နဲ့ လျှို့ဝှက်ဆွေးနွေးပွဲတွေ လုပ်ဆောင်ခဲ့တဲ့ ဗင်နီဇွဲလားအစိုးရ စာမျက်နှာ » ၁၅

